ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဒီ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ စနေနေ့ (3-5-2014) (၇၀၂၉)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပိုလန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် မေ ၃

၂၀၁၄ခုနှစ် မေ ၃ ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပိုလန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘရွန်နစ်လော ကိုမိုရို စကီး ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ခုနှစ် မေ ၃ ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပိုလန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒေါ်နယ် တပ်စ်(ခ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်သည် ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်

နေပြည်တော် မေ ၂

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

အစည်းအဝေးသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ပြည်သူ့ဗဟိုပြုကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းကို နိုင်ငံတော်အစိုးရတစ်ခုတည်းက တာဝန်ယူဆောင်ရွက်သွားသည်ထက် ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများကပါ အစိုးရဌာနဆိုင်ရာများနှင့်လက်တွဲ၍ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှသာ အောင်မြင်နိုင်မှု အခွင့်အလမ်း ပိုမိုများပြားမည်ဖြစ်။

ပြင်ဦးလွင် ကင်းထောက်မောင်မယ်စခန်း မီးပုံပွဲနှင့် စခန်းပိတ်သိမ်းပွဲကျင်းပ

နေပြည်တော် မေ ၂

ပြင်ဦးလွင်မြို့တွင် ဖွင့်လှစ်ထားသည့် ကင်းထောက်မောင်မယ်စခန်း မီးပုံပွဲနှင့် စခန်းပိတ်သိမ်းပွဲကို ယမန်နေ့ညပိုင်းက ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**(ဝဲပုံ)**

အခမ်းအနားတွင် အမျိုးသားကင်းထောက်များနှင့် အမျိုးသမီးကင်းထောက်များက မီးပုံပွဲများကျင်းပပြီး ကင်းထောက်စွမ်းရည်များပြသကာ ကင်းထောက်သီချင်းများကို တပျော်တပါး သံပြိုင်သီဆိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်တို့က ကင်းထောက်စွမ်းရည်ပြပြိုင်ပွဲ အကောင်းဆုံးဆုရရှိကြသည့် အမျိုးသားနှင့် အမျိုးသမီးကင်းစိတ်များအား ဆုများချီးမြှင့်ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အနုပညာရှင်များ၊ ကင်းထောက်ကြီးများနှင့် ကင်းထောက်မောင်မယ်များ၊ ကြီးကြပ်သူများက "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" သီချင်းကို သံပြိုင်သီဆိုကြပြီး မီးပုံးပျံလွှတ်တင်ကာ ပြင်ဦးလွင် ကင်းထောက်မောင်မယ်စခန်းကို အောင်မြင်စွာပိတ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကြေးမုံ စာတည်းရှုထောင့် **၃-၅-၂၀၁၄၊ စနေနေ့**

တိုင်းဒေသကြီး ကျောင်းများမှသည် . . .

"ကျောင်းများတွင် အန္တရာယ်ရှိဆိုးဆေးပါဝင်သည့် အစားအသောက် ရောင်းချသူများကို အမျိုးသားအစားအသောက်ဥပဒေနှင့် အရေးယူမည်" သတင်းတစ်ပုဒ် ဖတ်လိုက်ရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းများတွင် အန္တရာယ်ရှိ ဓာတုဆိုးဆေးများပါဝင်သည့် အစားအသောက်များရောင်းချမှုကို လာမည့်ကျောင်းဖွင့်ရာသီ၌ အပြီးပိတ်ပင်၍ တားမြစ်ချက်ဖောက်ဖျက်ကျူးလွန်သူများကို အမျိုးသားအစားအသောက် ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ဧပြီ ၃၀ ရက်တွင်ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ရှင်းပြသွားသည်။

"အစာလည်းဆေး ဆေးလည်းအစာ" စသည့် အစာသန့်ရှင်းလတ်ဆတ်၊ ဓာတုဆေးဝါးများကင်းစင်ပါလျှင် ကျန်းမာရေးအတွက် ဆေးကောင်းတစ်လက်ပင်ဖြစ်ပါသည်။ ထိုသို့မဟုတ်ပါက စားသည့်အစာသည် ကလေးများအတွက် အားဖြစ်စေသည့်ဆေးမဟုတ်ဘဲ ဘေးဖြစ်စေမည်ဆိုပါလျှင် မိမိတို့တွင်လည်း တာဝန်ရှိသည်ဟု ဆိုရပါမည်။ မိဘ၊ ဆရာနှင့် တာဝန်ရှိသူများ အထူးသတိထားကြရမည့် အချက်တစ်ရပ်ဖြစ်ပါသည်။

ရှေးတုန်းက ကျောင်းမုန့်ဈေးတန်းများသည် ရိုးရာအစားအစာများဖြစ်သည့် မုန့်လက်ဆောင်း၊ ကောက်ညှင်းပေါင်း၊ မုန့်ကျွဲသည်း၊ မုန့်ဟင်းခါး၊ မုန့်တီ စသဖြင့် ပူပူနွေးနွေးနှင့် အန္တရာယ်ကင်း ဘေးရှင်းရှိနေခဲ့ပါသည်။ ထိုရိုးရာအစားအစာများနေရာတွင် အဆင်သင့်ပြုပြင်၊ ကာလာစုံမုန့်ပဲသရေစာများ ထိုးဖောက်ဝင်ရောက်လာသည်။ အလွယ်လိုက်တတ်ကြသည့် မုန့်ဈေးရောင်းသူများကြောင့် ရိုးရာမုန့်များ တဖြည်းဖြည်း ပါးလျားသွားသည်။ ယခု မရှိသလောက် ဖြစ်သွားရသည်။ ယခု နောက်ဆုံးပေါ် အစားအစာများ အညော်နံ့ဆိုးဆိုးရွားရွားနှင့် မုန့်ဈေးတန်းမှ အကင်ဆိုင်များ၊ ငရုတ်ဆီနှင့်ပြုလုပ်ထားသည့် အချဉ်ရည်များကလည်း အန္တရာယ်။ ကျောင်းမုန့်ဈေးတန်းများသည် တစ်နေကုန် သင်ကြားသင်ယူနေကြရသည့် ကျောင်းသား ကျောင်းသူလေးများ၏ ဆာလောင်မွတ်သိပ်မှုကို ဖြည့်ဆည်းပေးရာ အဓိကနေရာ။ တစ်နည်း ကလေးများအတွက် အာဟာရကို စီမံဆောင်ရွက်ပေးရာ ဒုတိယ "မီးဖိုချောင်"ဆိုလည်း မမှားပါ။

နိုင်ငံ၏ သားကောင်းရတနာမျိုးဆက်သစ်လေးများကို ပြုစုပျိုးထောင်ပေးရာ အခြေခံကျောင်းများရှိ မုန့်ဈေးတန်းများ သန့်ရှင်းသပ်ရပ် အန္တရာယ်ကင်း ဘေးရှင်း အစားအစာများနှင့် အစဉ်သဖြင့် ရှိနေသင့်ပါသည်။

ယခု ရန်ကုန်တိုင်းဒေသကြီးမှ အစပြုလိုက်နိုင်ပါပြီ။ သို့သော် ယခင်က ကျောင်းမုန့်ဈေးတန်း စံပြဆု ရွေးချယ်သလို မြို့နယ်အတွင်းမှ ဆန်ခါတင်ရွေးချယ်သွားသလိုမျိုး မဟုတ်မူဘဲ တိုင်းဒေသကြီးတစ်ခုလုံးရှိ အခြေခံပညာကျောင်းတိုင်းအား လွှမ်းခြုံပေးနိုင်ဖို့ လိုအပ်ပါလိမ့်မည်။ ကျောင်းတိုင်းမှ ကျောင်းအုပ်ကြီးနှင့် မိဘများ ပူးပေါင်းပါဝင်ကာ ကျန်းမာရေးဌာနနှင့် လက်တွဲမပြတ်လုပ်ဆောင်သွားနိုင်ပါလျှင် ဈေးရောင်းသူများအား အရေးယူ အပြစ်ပေးသည့်အဆင့်ထိ ရောက်မလာနိုင်ပါ။ တစ်ဖက်တွင် ဈေးရောင်းကြသူများသည် ကိုယ်တိုင်လုပ်သည့်မုန့်ထက် အသင့်ထုပ်ပိုးအလှဆင်မုန့်မျိုးကို တစ်ဆင့်ဝယ်ယူရောင်းချ နေကြသူများဖြစ်ရာ တစ်ဖက်မှာ ကိုင်းဖျားကိုလည်း ရှင်းလင်းပေးသလို အခြားတစ်ဖက်တွင် ပင်ရင်းကိုလည်း အမြစ်ဖြတ်နိုင်ဖို့ လိုအပ်ပါလိမ့်မည်။

ဤသို့ ဆိုပါလျှင် ကျောင်းမုန့်ဈေးတန်းများသည် ယခင်အတိုင်း ရိုးရာမုန့်လတ်လတ်ဆတ်ဆတ်များနှင့် စားသုံးသည့်ကလေးတိုင်းကို အန္တရာယ်ကင်း ဘေးရှင်းစေကာ ခွန်အားကိုဖြစ်စေနိုင်စွမ်းသည့် ကလေးများ၏ ဒုတိယ မီးဖိုချောင် ရိုးရာမုန့်ဈေးတန်းများဖြစ်လာနိုင်ပါလိမ့်မည်။ အန္တရာယ်ဖြစ်စေသည့် မုန့်ပဲသရေစာများကို တစ်ဖက်မှာ တားဆီးကာကွယ်ပေးရင်း အစဉ်အလာမပျက် စားသုံးလာခဲ့ကြသည့် ရိုးရာမုန့်ပဲသရေစာများကို ဖော်ထုတ်အားပေးကာ စားသမျှအစာ အာဟာရဖြစ်စေရေး ဆောင်ရွက်ပေးကြရမည်မှာ မိဘ၊ ဆရာများနှင့် တာဝန်ရှိသူများ၏ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါသည်။

တစ်နိုင်ငံလုံးရှိ မုန့်ဈေးတန်းများ အန္တရာယ်ကင်း ဘေးရှင်းနိုင်ကြပါစေ။ ။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်အား ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း ဦးဆောင်သောအဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်အား ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း H.E.Mr. Yoshihiko NODA ဦးဆောင်သောအဖွဲ့သည် ဧပြီ ၂၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် ဂျပန်နိုင်ငံရှိ ကုမ္ပဏီများက မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ကြွေးမြီရှင်းလင်းရေးလုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံအစိုးရက ကူညီပေးမှုများ၊ မြန်မာနိုင်ငံသို့ ဂျပန်နိုင်ငံ အစိုးရက ကူညီပံ့ပိုးပေးမည့် ODA Loan ဆိုင်ရာကိစ္စရပ်များ၊ အကောက်ခွန်ဦးစီးဌာန၏ သွင်းကုန်/ ထုတ်ကုန် ရှင်းလင်းရေးလုပ်ငန်းစဉ်များ လွယ်ကူလျင်မြန်စေရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဂျပန်နိုင်ငံ၏ ဘဏ္ဍာရေးအကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား အာမခံလုပ်ငန်းဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ဂျပန်နိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ Advisor များနှင့် Technical Assistance အကူအညီပေးနေမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၂

ရန်ကုန်	ရွှေဈေး	၆၆၀၀၀၀	-	၆၆၁၀၀၀
မန္တလေး	ရွှေဈေး	၆၆၀၀၀၀	-	၆၆၁၀၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၉၃၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၉၆၂. ၀၀
(ခ) ဥရောပ	တစ်ယူရို	=	၁၃၃၃. ၇
(ဂ) တရုတ်	တစ်ယွမ်	=	၁၅၃. ၆၉
(ဃ) ထိုင်း	တစ်ဘတ်	=	၂၉. ၇၀၅
(င) မလေးရှား	တစ်ရင်းဂစ်	=	၂၉၅. ၀၀
(စ) အိန္ဒိယ	တစ်ရူပီး	=	၁၅. ၉၆၂
(ဆ) ဂျပန်	တစ်ရာယန်း	=	၉၄၀. ၁၄
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၃. ၁၀၃
(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၈၉၁. ၈၆
(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၇၆၇. ၆၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်းပြီးစီးရေးဆောင်ရွက်

ရန်ကုန် မေ ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် မေ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား(လမ်း ၅၀ နှင့် ၅၁ လမ်းကြား)တွင် မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Triple Aung Construction Co., Ltd.၊ မဟာနဝရတ်မြေဆောက်လုပ်ရေးကုမ္ပဏီတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော (၅၁)လမ်း ပြည်သူ့အိမ်ရာပြန်လည်ဖွံ့ဖြိုးရေး စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးကာ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၆၁)နှင့်(၆၇)ရပ်ကွက် ဧရာဝဏ်လမ်း၊ ရတနာလမ်းနှင့် ကမ်းနားလမ်းကြားတွင် "ဧရာဝဏ်၊ ရတနာအိမ်ရာ" စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးရေး အလေးထားဆောင်ရွက်ရန်နှင့် ယခုတည်ဆောက်နေသည့် အိမ်ရာစီမံကိန်းများသည် ပြည်သူများအတွက် အဓိကထား ဆောင်ရွက်ခြင်းဖြစ်၍ တတ်နိုင်သမျှတန်ဖိုးနည်းစေရန်နှင့် တည်ဆောက်ရာတွင် မလိုလားအပ်သော ကြန့်ကြာမှုများမရှိစေရန် Precast နည်းလမ်းအသုံးပြုဆောင်ရွက်ခြင်းဖြစ်၍ တပ်ဆင်ရာတွင် အထူးဂရုပြုဆောင်ရွက်ရန် မှာကြားပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဧရာဝဏ်၊ ရတနာအိမ်ရာစီမံကိန်းမှာ ၁၈ ထပ် RC အဆောက်အအုံဖြစ်၍ ၄၉ လုံး တည်ဆောက်ရန်ရှိရာ ယခုအခါ အဆောက်အအုံ ၁၀ လုံး၏ ဖောင်ဒေးရှင်းလုပ်ငန်းများပြီးစီး၍ ကိုယ်ထည်လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပြည်တွင်းရေးရာ

☆ **ရွှေဖုံးမှ**

ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံ၏လူများစုကြီးဖြစ်သည့် ကျေးလက်နေပြည်သူများပါဝင်သည့် ခိုင်မာကျယ်ပြန့်သော ကျေးလက်စီးပွားရေးဖွံ့ဖြိုးမှုမရှိလျှင် ဆင်းရဲမှုလျှော့ချရေးကို ရေရှည်ထိန်းသိမ်းနိုင်မည်မဟုတ်ပါကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးမှုအား ဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲမှုလျှော့ချရေး၊ ရေရှည်တည်တံ့ ခိုင်မြဲမှုတို့ပါဝင်သည့် သုံးပွင့်တစ်ခိုင်အဖြစ်ရှုမြင်နိုင်ပါကြောင်း၊ နိုင်ငံတော်အစိုးရမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်အား ချမှတ်ခဲ့ပြီး လုပ်ငန်းများထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းကော်မတီအသီးသီးအား ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

ယခင်ခေတ်အဆက်ဆက် သက်ဆိုင်ရာဌာနများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ မိမိတို့လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြကြောင်း၊ သို့သော်လည်း ဆင်းရဲမှုနှင့်သက်ဆိုင်သည့် အရည်အသွေးပြည့်မီသော ကိန်းဂဏန်းအချက်အလက်များအားနည်းခဲ့သည့်အတွက် နှစ်အလိုက် ဆင်းရဲမှုနှုန်းတိတိကျကျမသိရှိခဲ့ပါကြောင်း၊ ထို့ကြောင့် စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းရေးနှင့် စိစစ်အကဲဖြတ်ရေးလုပ်ငန်းစဉ်တစ်ခုကို ထပ်မံထည့်သွင်းဖွဲ့စည်းခဲ့ပြီး တိကျမှန်ကန်သည့် ဆင်းရဲမှုဆိုင်ရာ ကိန်းဂဏန်းများအပေါ် အခြေခံအကဲဖြတ်ဆန်းစစ်မှုများပြုလုပ်၍ ကဏ္ဍအလိုက် အမှန်တကယ်ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို သုံးသပ်ဖော်ထုတ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးသည် လွန်စွာကျယ်ပြန့်ပြီး ကဏ္ဍစုံ၊ နယ်ပယ်စုံပါဝင်သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ဆက်စပ်ဝန်ကြီးဌာနများ တစ်ခုနှင့်တစ်ခု အချိတ်အဆက်မိမိဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ အောက်ခြေမှာ လက်တွေ့အကောင်အထည်ဖော်နေသော နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းကော်မတီများကို အထောက်အကူပြုပေးသွားရန်ဖြစ်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်ကို ဆိုင်ရာဝန်ကြီးဌာနများ၊ အလှူရှင်အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ INGOs၊ NGOs၊ CSO နှင့် ပညာရှင်များပါဝင်၍ ဆွေးနွေးညှိနှိုင်းအကြံဉာဏ်ယူခြင်းများ အကြိမ်ကြိမ်ပြုလုပ်လျက် ရေးဆွဲခဲ့ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်၏ မျှော်မှန်းချက် (Vision)မှာ ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်နှင့်အညီ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားတိုးတက်လာစေရန်နှင့် မြို့ပြကျေးလက်ကွာဟချက်များ ကျဉ်းမြောင်းလာစေရန် ဖြစ်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်၏ ရည်မှန်းချက် (Mission)များမှာ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော ဆင်းရဲမှုနှုန်းအား ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန်အတွက် အားလုံးပါဝင်သည့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေး Inclusive and sustainable development ကို ပြည်သူလူထု ဗဟိုပြုချဉ်းကပ်မှုဖြင့် ဖော်ဆောင်နိုင်ရန် ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန် လူထုအခြေပြု အဖွဲ့အစည်းများ အားကောင်းလာစေရန်နှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ်များ ဖြစ်ပေါ်လာစေရန်၊ မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များကျရောက်လာပါက ကျေးလက်ဒေသများ၏ ထိခိုက်မှုလျော့ပါးစေရန်နှင့် တုံ့ပြန်ဆောင်ရွက်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန်တို့ ဖြစ်ပါကြောင်း။

ချမှတ်ကျင့်သုံးဆောင်ရွက်သွားမည့် ကျေးလက်ဖွံ့ဖြိုးရေးမူဝါဒမှာ "တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးပုံမှန်ဆောင်ရွက်နေရုံသာမက ပြည်တွင်းပြည်ပမှရရှိနိုင်သော နည်းပညာ၊ ကျွမ်းကျင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးအထောက်အပံ့အကူအညီများကို တတ်နိုင်သမျှပေါင်းစပ်စုစည်းကာ ဦးစားပေးဒေသများတွင် ကိုယ်ထူကိုယ်ထ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ ယင်းစီမံချက်များကို ဒေသအတွင်း ကဏ္ဍအလိုက် အထူးဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ဟန်ချက်ညီညီပေါင်းစပ်စေခြင်းအားဖြင့် ပြည်သူ့ဗဟိုပြုကောင်းမွန်သော ကျေးလက်ဖွံ့ဖြိုးရေးစီမံမှုလုပ်ငန်းစဉ်တစ်ရပ် ဖြစ်ထွန်းတိုးတက်လာသည်နှင့်အညီ ဆင်းရဲနွမ်းပါးမှုကို ရည်မှန်းချက်အတိုင်း အရှိန်အဟုန်မြင့်လျှော့ချသွားရန်" ဖြစ်ပါကြောင်း။

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် ဦးစားပေးဒေသ ရွေးချယ်အကောင်အထည်ဖော်ရေးမဟာဗျူဟာ၊ ထပ်ပေါင်းနှင့် ထပ်ပွားဖွံ့ဖြိုးရေးရလဒ်များဖြစ်ထွန်းတိုးတက်ရေး မဟာဗျူဟာ၊ ကောင်းမွန်သော ကျေးလက်ဖွံ့ဖြိုးရေးစီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်မဟာဗျူဟာ၊ စဉ်ဆက်မပြတ် ဘဏ္ဍာရေးအရင်းအမြစ်များ ရရှိရေးမဟာဗျူဟာနှင့် ထိရောက်စွာပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာဟူ၍ မဟာဗျူဟာ (၅)ရပ် ချမှတ်ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ဆောင်ရာ၌ တစ်တိုင်းပြည်လုံးအတိုင်းအတာအရ လိုအပ်ချက်များပြားသည်နှင့်အမျှ ရရှိနိုင်သော လူအား၊ ငွေအား၊ ပစ္စည်းအား၊ အရင်းအမြစ်များကို ထိရောက်စွာအကျိုးရှိရှိအသုံးချနိုင်ရေးအတွက် ဦးစားပေးအစီအစဉ်များချမှတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး အထူးအလေးပေးဆောင်ရွက်ရန်ရှိသောဒေသများကို ဦးစားပေးရွေးချယ်၍ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှေ့ပြေးစမ်းသပ်ဖော်ဆောင်ပြီး တဖြည်းဖြည်းအောင်မြင်မှုရရှိသည်နှင့်အမျှ တိုးချဲ့ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဦးစားပေးဒေသများကို ဖွံ့ဖြိုးရေးလိုအပ်ချက်ရှိခြင်း၊ အကျိုးခံစားမှုအမြင့်ဆုံးရရှိခြင်း၊ လက်တွေ့မြေပြင်တွင် အကောင်အထည်ဖော်နိုင်သည့် အခြေအနေရှိခြင်း၊ လူမှုရေးတရားမျှတမှုရှိခြင်းနှင့် ဆင့်ကဲဖွံ့ဖြိုးတိုးတက်နိုင်ခြင်း စသည့်မူများအပေါ် အခြေခံ၍ရွေးချယ်သွားရန်ဖြစ်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်သည် ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ဤမူဘောင်ပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်မှချမှတ်ထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုအတွက် အခြေခံမူဘောင် (Framework for Economic and Social Reforms-FESR) အောက်ရှိကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့များနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတို့ ဆက်စပ်ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ထပ်ပေါင်းနှင့် ထပ်ပွားဖွံ့ဖြိုးရေးရလဒ်များ ရရှိသွားမည်ဖြစ်ပါကြောင်း။

ကောင်းမွန်သော ကျေးလက်ဖွံ့ဖြိုးရေးစီမံအုပ်ချုပ်မှုလုပ်ငန်းစဉ် မဟာဗျူဟာနှင့်ပတ်သက်၍ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးမှုကိုရည်ရွယ်လျက် ကောင်းမွန်သော စီမံအုပ်ချုပ်မှုလုပ်ငန်းစဉ် Good Governance Process ကို ချမှတ်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ဤလုပ်ငန်းစဉ်တွင် တာဝန်ခံမှု၊ တာဝန်ယူမှုနှင့်ထင်သာမြင်သာရှိခြင်း၊ အခြေခံမူနှင့် လုပ်ထုံးလုပ်နည်းများ စနစ်တကျရေးဆွဲပြဋ္ဌာန်းခြင်း၊ လူထုပူးပေါင်းပါဝင်ခြင်း၊ စွမ်းဆောင်ရည်မြင့်မားခြင်း၊ သာတူညီမျှမှုရှိခြင်း၊ ဥပဒေစိုးမိုးရေးရှိခြင်း၊ ပြောင်းလဲသွားသောအခြေအနေနှင့် အခက်အခဲများ လူထုစိုးရိမ်ပူပန်မှုများ ကြုံတွေ့ချိန်တွင် အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ခြင်း စသည့် အင်္ဂါရပ်များပြည့်စုံရန် လိုအပ်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာ၌ ဘဏ္ဍာရေးအရင်းအမြစ်လိုအပ်မှုကြီးမားသကဲ့သို့ စဉ်ဆက်မပြတ် ပုံမှန်ရရှိသွားရန်လည်း အရေးကြီးပါကြောင်း၊ တစ်ကြိမ်တစ်ခါတည်း နိုင်ငံတော်မှပံ့ပိုးပေးရုံဖြင့် ပြီးစီးအောင်ဆောင်ရွက်ရမည့်လုပ်ငန်းမျိုးမဟုတ်ကြောင်း၊ စဉ်ဆက်မပြတ် ဘဏ္ဍာရေးအရင်းအမြစ် ရရှိသွားရေးမဟာဗျူဟာအနေဖြင့် ဒေသအလိုက်ကောက်ယူရရှိသော အခွန်ပမာဏငွေကိုအခြေပြု၍ နိုင်ငံတော်မှ နှစ်စဉ်ပံ့ပိုးခြင်းဖြင့်လည်းကောင်း၊ ပြည်တွင်း ပြည်ပဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ စိတ်ဝင်စားဖွယ်လုပ်ငန်းအလိုက် ပူးပေါင်းထည့်ဝင်မှုများဖြင့်လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို မြို့နယ်အဆင့်နှင့် သက်ဆိုင်ရာခရိုင်၊ ဒေသအဆင့်အလိုက်တည်ထောင်သွားရန် ဖြစ်ပါကြောင်း၊ ဤရန်ပုံငွေများကို ဖွံ့ဖြိုးမှုစီမံကိန်းများ ဖြစ်နိုင်ခြေလေ့လာဆန်းစစ်ရေးဆွဲခြင်းလုပ်ငန်း၊ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဘက်စုံပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း၊ ဈေးကွက်မြှင့်တင်ခြင်းလုပ်ငန်း၊ စွမ်းဆောင်ရည်နှင့် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်း၊ မြေယာစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ခွဲဝေသုံးစွဲသွားရန်ဖြစ်ကြောင်း။

ပြည်သူ့ဗဟိုပြုကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းကို နိုင်ငံတော်အစိုးရတစ်ခုတည်းက တာဝန်ယူဆောင်ရွက်သွားသည်ထက် ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများကပါ အစိုးရဌာနဆိုင်ရာများနှင့် လက်တွဲ၍ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှသာ အောင်မြင်နိုင်မှုအခွင့်အလမ်း ပိုမိုများပြားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အကျိုးတူစိတ်ပါဝင်စားသူအားလုံးက ထိရောက်စွာ ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များဖွဲ့စည်း၍ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာချမှတ်ခြင်းဖြစ်ပါကြောင်း။

ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို နိုင်ငံအတွင်း နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိနိုင်ပါကြောင်း၊ အစိုးရ၏ ငွေရေးကြေးရေး၊ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ကောင်းမွန်သည့်မူဝါဒများ ချမှတ်ပြီး စီးပွားရေးတည်ငြိမ်မှုကို ဖြစ်ထွန်းစေခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်ပါကြောင်း၊ အခြေခံရပ်ပိုင်းဆိုင်ရာ အဆောက်အအုံများ တိုးတက်ကောင်းမွန်အောင်ပြုလုပ်ခြင်းနှင့် အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်းသည် ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတစ်ဝန်းချိတ်ဆက်ပေးနိုင်သလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအပေါ် အကျိုးသက်ရောက်နိုင်ပါကြောင်း၊ ဦးစားပေးဒေသများကို အခြေခံ၍ ပြည်သူ့ဗဟိုပြုကျေးလက်စီမံချက်နှင့် ဒေသန္တရဖွံ့ဖြိုးရေး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက် ကျေးလက်နေဆင်းရဲနွမ်းပါးသူ အိမ်ထောင်စုများကို တိုက်ရိုက်ကူညီဖေးမခြင်းအားဖြင့် လူနေမှုအသက်မွေးဝမ်းကျောင်း လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်းများ ဖြစ်ပေါ်လာအောင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများတိုက်ရိုက်ပါဝင် အကျိုးခံစားခွင့် ရရှိသောကြောင့် လက်ရှိဆောင်ရွက်လျက်ရှိသော ဒီမိုကရေစီအသွင်ကူးပြောင်းဆောင်ရွက်ရေးလုပ်ငန်းအပေါ် ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတိုင်းအတာ မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ရပ်/ကျေးအခြေစိုက် အရပ်ဘက်လူ့အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြင့်မားလာမည်ဖြစ်သလို နိုင်ငံသားကျင့်ဝတ်တာဝန်များနှင့် ဒီမိုကရေစီတန်ဖိုးများ အလေးထားပြုမူဆောင်ရွက်မှုများ တိုးပွားလာကာ ပွင့်လင်းလူ့အဖွဲ့အစည်း တည်ဆောက်ရေးအတွက် အကျိုးသက်ရောက်မှုရှိလာမည်ဖြစ်ပါကြောင်း။

နိုင်ငံရေးရှုထောင့်မှ ကြည့်လျှင် နိုင်ငံရေးဖြစ်စဉ်များတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်နိုင်သည့် စွမ်းဆောင်ရည်နှင့် အခွင့်အလမ်းရှိခြင်း၊ စီးပွားရေးရှုထောင့်မှကြည့်လျှင် ဖွံ့ဖြိုးမှု လုပ်ငန်းစဉ်တွင် ပါဝင်ခွင့်ရရှိပြီး ဖွံ့ဖြိုးမှုအကျိုးရလဒ်များကို ခံစားနိုင်သည့် အခွင့်အလမ်းရှိခြင်း၊ လူမှုရေးရှုထောင့်မှ ကြည့်လျှင် အားလုံး လွှမ်းခြုံသည့် လူမှုဖွံ့ဖြိုးတိုးတက်မှုရှိခြင်းတို့ဖြင့် ပြည့်စုံမှသာ အားလုံးပါဝင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးမှု Inclusive Rural Development ကို ဖော်ဆောင်နိုင်မှာဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ တာဝန်ရှိသူနှင့် ဝန်ကြီးချုပ်များက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေရရှိရေး၊ ကျေးလက်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးတို့နှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က သားငါးထုတ်လုပ်မှုနှင့် ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုးက ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးဝင်းအောင်က အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က စာရင်းအင်းအချက်အလက်ကောက်ယူစုဆောင်းရေးနှင့် စိစစ်အကဲဖြတ်ရေးနှင့် ပတ်သက်၍လည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တပ်မတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို မိမိတို့၏ရှေ့လုပ်ငန်းစဉ်များတွင် ထည့်သွင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ သောက်သုံးရေရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ဝန်ကြီးဌာနအသီးသီး၏ ဆောင်ရွက်ချက်များအပေါ် ဖြည့်စွက်ဆွေးနွေးကြပြီး ဆောင်ရွက်သင့်သည့် လိုအပ်ချက်များကို တင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆီးရီးယားပြည်တွင်းစစ်ဘေးသင့်သူများအား လက်ခံရန် ကုလနှင့် ဂျော်ဒန်ပူးတွဲ၍ ဒုက္ခသည်စခန်းသစ် ဖွင့်လှစ်

ကမ္ဘာပေါ်တွင် အကြီးဆုံး ဒုက္ခသည်စခန်း ဖြစ်သည့် ဇာအာထရီစခန်းကို တွေ့ရစဉ်။

အမ္မန် မေ ၂

ဂျော်ဒန်နိုင်ငံ မြို့တော် အမ္မန်၏ အရှေ့ဘက် ၆၂ မိုင်ခန့်အကွာတွင် ဆီးရီးယား စစ်ဘေးသင့်ဒုက္ခသည်များအတွက် အကူအညီပေးရေးစခန်းသစ်တစ်ခုကို ဧပြီ ၃၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ဒုက္ခသည်စခန်းတစ်ခုဖြစ်သည့် ဇာအာထရီစခန်းအနီး၌ အသစ်တစ်ဖန်ဖွင့်လှစ်ခဲ့သော အဘာစ်အမည်ရှိ ဒုက္ခသည်စခန်းမှာ ဂျော်ဒန်အစိုးရနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အဖွဲ့အစည်းတို့က ပူးတွဲတည်ထောင်ခဲ့ခြင်းဖြစ်သည်။

ယင်းစခန်းသစ်သည် ဒုက္ခသည်ဦးရေ ၂၅၀၀၀ ခန့်အား လက်ခံစောင့်ရှောက်ပေးနိုင်မည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောကြားသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၌ မှတ်ပုံတင်စာရင်းသွင်းမှုများအရ ဂျော်ဒန်နိုင်ငံအခြေစိုက် ဒုက္ခသည်စခန်းများ၌ ဆီးရီးယားစစ်ဘေးဒုက္ခသည်ဦးရေ ၅၉၄၅၉၆ ဦးရှိပြီး ယင်းတို့အထဲတွင်ကလေးသူငယ်ဦးရေမှာ အများစုဖြစ်ပြီး ၎င်းတို့၏ သက်တမ်းမှာ တစ်လမှ အသက်၁၇နှစ်အထိရှိသူများဖြစ်သည်။

ဂျော်ဒန်နိုင်ငံအတွင်းရှိ နောက်ဆုံးဖွင့်လှစ်သော ဒုက္ခသည်စခန်းတွင်လည်း လာရောက်ခိုလှုံသူများမှာ ကလေးငယ်များသာဖြစ်ဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ပီတီအိုင်။

သူပုန် ထိန်းချုပ်ရာ မြို့အနီး၌ ယူကရိန်း စစ်ရဟတ်ယာဉ် ပစ်ချခံရ

ကီယက်ဗ် မေ ၂

ယူကရိန်းနိုင်ငံ၌ သူပုန်တို့ ထိန်းချုပ်ထားသော မြို့ငယ်တစ်မြို့တွင် အစိုးရတပ်ဖွဲ့မှ စစ်ရဟတ်ယာဉ်တစ်စင်း ပစ်ချခံရကြောင်း တာဝန်ရှိသူများက မေ ၂ ရက်တွင် ပြောကြားသည်။

ပစ်ချခံခဲ့ရသော စစ်ရဟတ်ယာဉ်မှ ရဟတ်ယာဉ်မှူးသေဆုံးကြောင်း ယူကရိန်း ပြည်ထဲရေးဝန်ကြီး အာဆင်အဗာကော့ဗ်က အတည်ပြုပြောကြားသည်။

သူပုန်တို့ထိန်းချုပ်ထားသော ဆလက်ယန့်စ်မြို့၏ ဆင်ခြေဖုံးဒေသမှနေ၍ အစိုးရတပ်ဖွဲ့က ထိုးစစ်ဆင်တိုက်ခိုက်မှုပြုလုပ်နေကြောင်း သူပုန်အဖွဲ့က ပြောကြားသည်။ ယင်းမြို့၏ ဆင်ခြေဖုံး၌ သေနတ်သံများနှင့်ပေါက်ကွဲသံများကို ကြားခဲ့ရကြောင်း အေအက်ဖ်ပီ သတင်းဌာနမှ သတင်းထောက်တစ်ဦးက ပြောကြားသည်။

ထိန်းချုပ်လိုက်နိုင်

ဆလက်ယန့်စ်မြို့၏ တောင်ဘက်ရှိ သူပုန်တပ်ဖွဲ့၏ စစ်ဆေးရေးစခန်းတစ်ခုကို ယူကရိန်းစစ်သားများက ထိန်းချုပ်လိုက်နိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။ စစ်သည်တင် သံချပ်ကာကားရှစ်စီးနှင့်အတူ ယူကရိန်းစစ်သားများက သူပုန်တို့ထိန်းချုပ်ထားသောမြို့ကို ဝန်းပတ်ပိတ်ဆို့ထားသည်။

ပီတီအိုင်။

ဆိုးလ်၌ မြေအောက်ရထားနှစ်စင်းတိုက်မိ ခရီးသည် ၁၇၀ ခန့် ဒဏ်ရာရ

ဆိုးလ် မေ ၂

တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်၌ မေ ၂ ရက်က မြေအောက်ရထားနှစ်စင်းတိုက်မိမှုဖြစ်ပွားရာ ခရီးသည် ၁၇၀ ခန့် ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖော်ပြသည်။

ဆန်ဝမ်ဆင်နီဘူတာရုံအနီး ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခန့်က စက်ချွတ်ယွင်းသဖြင့် ရပ်တန့်ထားသော မြေအောက်ရထားတစ်စင်းကို အမှတ်-၂ မြေအောက်ရထားလိုင်းမှ ရထားတစ်စင်းကနောက်ဘက်မှ ဝင်ရောက်တိုက်မိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပို့ဆောင်ပေးခဲ့

ထိခိုက်ဒဏ်ရာရသူများကို ဟန်ယန်းတက္ကသိုလ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ မတော်တဆမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။ တွဲနှစ်တွဲ လမ်းချော်မှုဖြစ်ပွားခဲ့ပြီး တွဲများပေါ်ရှိ ခရီးသည်များကို ဘေးကင်းရာသို့ ပို့ဆောင်ပေးခဲ့သည်။

ဆင်ဟွာ။

မြေအောက်ရထားနှစ်စင်း တိုက်မိမှုဖြစ်ပွားပြီးနောက် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြစဉ်။

ရွေးကောက်ပွဲဆိုင်ရာဥပဒေသစ် တူနီးရှားပါလီမန်အတည်ပြု

တူးနစ် မေ ၂

တူနီးရှားကြားဖြတ်ပါလီမန်က ရွေးကောက်ပွဲဆိုင်ရာဥပဒေအသစ်ကို အတည်ပြုလိုက်ခြင်းအားဖြင့် နိုင်ငံကို ဒီမိုကရေစီပြည့်ဝသော နိုင်ငံဖြစ်လာစေရေးအတွက် နောက်ဆုံးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအနက်မှ လုပ်ငန်းတစ်ရပ်ကို ဖော်ဆောင်လိုက်ကြောင်း မေ ၁ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းသို့ အတည်ပြုလိုက်ခြင်းကြောင့် တာဝန်ရှိသူများက ဥပဒေပြုရေးလွှတ်တော်နှင့် သမ္မတရွေးကောက်ပွဲများအတွက် နေ့ရက်သတ်မှတ်နိုင်ပြီဖြစ်သည်။

ဇိုင်အဲလ်-အဘီဒိုင်းအလီကို သမ္မတရာထူးမှ ပြုတ်ကျသွားစေခဲ့သည့် နာမည်ကျော်လူထုအုံကြွမှုကြီး ပြီးစီးပြီးနောက် သုံးနှစ်အကြာမှ ဤသို့ဖြစ်လာခြင်းဖြစ်သည်။

ရွေးကောက်ပွဲဆိုင်ရာ ဥပဒေသစ်ကို ကြားဖြတ်ပါလီမန်၌ ဆွေးနွေးကြစဉ်။

သဘောထားကွဲလွဲ

အမျိုးသားတိုင်းပြုပြည်ပြု လွှတ်တော်တွင် အပြန်အလှန်ဆွေးနွေးကြရာ၌ ဘင်အလီလက်အောက်၌ တာဝန်ထမ်းဆောင်ခဲ့သူများအား ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်တားမြစ်မည် သို့မဟုတ် ခွင့်ပြုမည်ဆိုသည့် အချက်အပေါ် သဘောထားကွဲလွဲခဲ့ကြသည်။

မဲပေးဆုံးဖြတ်ခဲ့ကြရာတွင် ရွေးကောက်ပွဲတွင် ပါဝင်ခွင့်တားမြစ်မည်ဆိုသည့် နည်းလမ်းကို တစ်မဲအသာဖြင့် ပယ်ချခဲ့ပြီး ပါဝင်ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ကြသည်။

ရွေးကောက်ပွဲဆိုင်ရာဥပဒေ၏ စာပိုဒ်တစ်ပိုဒ်တွင် ပါတီများအချိုးကျစနစ်ဖြင့် လွှတ်တော်အတွက် ကိုယ်စားလှယ်များ ရွေးချယ်ရာတွင် အမျိုးသားများနှင့် အမျိုးသမီးများအား အခွင့်အရေး တန်းတူရည်တူပေးရမည်ဟု ဖော်ပြထားသည်။

ဘီဘီစီ။

မော်ရိုကိုနှင့် စပိန်နိုင်ငံအကြား နယ်စပ်စည်းရိုးကျော်ဖြတ်ရန် ကြိုးပမ်းသူများ အဖမ်းခံရ

မဒရစ် မေ ၂

မော်ရိုကိုနိုင်ငံနှင့်စပိန်နိုင်ငံ မီလီလာနယ်မြေကြားရှိ နယ်စပ်စည်းရိုးကိုကျော်ဖြတ်နိုင်ရန် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၁၀၀ ကျော်က ကြိုးပမ်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အဓိကရုဏ်းဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆာဟာရသဲကန္တာရတောင်ပိုင်းဒေသမှ တရားမဝင်ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူ ၁၄၀ ခန့်သည် မိမိတို့၏ ပိုင်နက်နယ်မြေအတွင်းသို့ နယ်စပ်စည်းရိုးကို အတင်းကျော်ဖြတ်ကာ ဝင်ရောက်လာကြောင်း စပိန်တာဝန်ရှိသူများက ပြောကြားသည်။

နယ်စပ်ဇုန်တွင် တရားမဝင်ဝင်ရောက်သူများကို ထိန်းသိမ်းထားခဲ့သည်။ ထိန်းသိမ်းခံရသူများသည် ၎င်းတို့ကို ပြန်လွှတ်ပေးရန် နာရီပေါင်းအတန်ကြာမျှ ဟစ်ကြွေးတောင်းဆိုခဲ့ကြသည်။ နယ်စပ်လုံခြုံရေးတာဝန်ရှိသူများက ၎င်းတို့ကို မော်ရိုကိုရဲတပ်ဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ တရားမဝင်ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူ ခြောက်ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယင်းဖြစ်ရပ်အပြီး နာရီအနည်းငယ်အကြာတွင် လူ ၂၀၀ ခန့်ပါဝင်သော လူအုပ်စုကြီးတစ်ခုက အလားတူနယ်စပ်ဒေသစည်းရိုးကို အင်အားသုံးကျော်ဖြတ်ရန် ကြိုးပမ်းမှုပေါ်ပေါက်ခဲ့သည်။ သို့ရာတွင် လုံခြုံရေးတာဝန်ရှိသူများက ဟန့်တားနိုင်ခဲ့သည်။

အုပ်စုနှစ်စုခွဲ၍ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်ရန် လုပ်ဆောင်ခဲ့ကြကြောင်း မော်ရိုကိုအာဏာပိုင်များက ပြောကြားကြသည်။

ပီတီအိုင်။

ကိုလံဘီယာတွင် ရွှေတွင်းပြိုကျ၊ ရွှံ့နွံများတွင်လူ ၃၀ ခန့်နစ်မြုပ်

ဘိုဂိုတာ မေ ၂

ကိုလံဘီယာနိုင်ငံ၌ ရွှေတွင်းတစ်တွင်းပြိုကျရာမှ တန်ချိန်များစွာသော ရွှံ့နွံများအောက်တွင် နစ်လျက်ရှိသည့် လူ ၃၀ ခန့်ကို ကယ်ဆယ်ရေးအလုပ်သမားများက စက်ယန္တရားကြီးများဖြင့် တူးဖော်၍ ရှာဖွေလျက်ရှိကြသည်ဟု သောကြာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယခုအချိန်၌ အလောင်းသုံးလောင်းကို ရှာဖွေတွေ့ရှိပြီးဖြစ်သည်။ သို့သော်မြေပြိုမည့် အန္တရာယ်ရှိသဖြင့် ရှာဖွေရာတွင် အခက်အခဲဖြစ်နေကြောင်း တာဝန်ရှိသူများက ပြောသည်။

တရားမဝင်ခိုးယူတူးဖော်သော ရွှေတွင်းဖြစ်၍ အုတ်ကျိုးအုတ်ပဲ့များ၏ အောက်တွင် လူဦးရေမည်မျှရှိသည်ကို တိကျစွာပြောဆိုနိုင်ခြင်းမရှိဟုဆိုသည်။ကြီးမားသော ချိုင့်ကြီး၏အောက်ခြေ၌ လေ့ကျင့်ထားသည့် ခွေးများနှင့်အတူ အနည်းဆုံး ယန္တရားကြီးခုနစ်ခုဖြင့် မရပ်မနားတူးဖော်၍ ရှာဖွေလျက်ရှိသည်။ သို့သော် မီးသတ်ဝန်ထမ်းတစ်ဦးက အလွန်ပင်အချိန်နှောင်းသွားခဲ့ပြီဟုပြောသည်။

ဘီဘီစီ။

လုပ်ငန်းများအောင်မြင်ရေး သုံးပွင့်ဆိုင်ဟန်ချက်ညီ ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၂

ရှမ်းပြည်နယ် ပြည်သူများအတွက် အသေးစားအရင်းအနှီးချေးငွေ တိုးမြှင့်ထုတ်ချေးခြင်းနှင့် သမဝါယမ အသင်းများ အဆင့်မြှင့်တင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို လားရှိုးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၂၉ ရက်တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီး ဦးအောင်ကျော်ညွန့်၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူ၊ လားရှိုးခရိုင် ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူးနှင့်ဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ညွန့်နှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ် ပြည်သူများ၏ အသေးစားအရင်းအနှီးချေးငွေလိုအပ်ချက်၊ လယ်ယာသုံးစက်ကိရိယာများနှင့် အခြားလုပ်ငန်းသုံးစက်ကိရိယာများ လိုအပ်ချက်တို့ကို ရှင်းလင်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယနေ့အထိ ရှမ်းပြည်နယ် ကျေးလက်ပြည်သူများနှင့် မြို့ပြနေ အခြေခံပြည်သူများအတွက် အသေးစားအရင်းအနှီးချေးငွေ ကျပ်၁၄၂၁၂ ဒသမ ၂၉၆ သန်းကို ထုတ်ချေးပေးထားပြီး တန်ဖိုးငွေကျပ် ၁၇၉၉ ဒသမ ၇၄ သန်းရှိ လယ်ယာသုံး စက်ကိရိယာ ၉၂၆ စီးနှင့် တန်ဖိုးငွေကျပ် ၁၄၁ ဒသမ ၇၈ သန်းရှိ လုပ်ငန်းသုံး စက်ကိရိယာ အစီး ၃၄၀ ကို အရစ်ကျငွေချေးစနစ်ဖြင့် ပံ့ပိုးရောင်းချပေးထားပြီးဖြစ်ကြောင်း၊ ထို့အပြင် ၂၀၁၄ ခုနှစ် မိုးသီးနှံအတွက် ယခုမေလအတွင်းတွင် အသေးစား အရင်းအနှီးချေးငွေကျပ်သန်း ၃၅၀၀ ထပ်မံ ထုတ်ချေးပေးရန်နှင့် တန်ဖိုးငွေကျပ် ၄၄၇ ဒသမ ၈၂ သန်းရှိသော လယ်ယာသုံး စက်ကိရိယာ ၁၉၈ စီးကိုလည်း အရစ်ကျရောင်းချပေးရန် စီစဉ်ထားကြောင်း၊ ထို့အပြင် ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင်မှ ချေးငွေမခံစားရသေးသည့် ပြည်သူများကို တိုးချဲ့ထုတ်ချေးပေးရန်နှင့် ချေးငွေခံစားနေသည့် ပြည်သူများအတွက်လည်း ချေးငွေနှုန်းထားကို ထပ်မံတိုးမြှင့် ထုတ်ချေးရန် စီစဉ်ထားကြောင်း၊ လယ်ယာသုံးနှင့်လုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများကိုလည်း အရေအတွက် တိုးမြှင့်ရောင်းချပေးနိုင်ရန် စီစဉ်ထားကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း အောင်မြင်ရေးအတွက် ချေးငှားသူ သမဝါယမအသင်းသားများက ချေးငွေကို အလွဲသုံးစားမလုပ်ဘဲ မိမိတို့လုပ်ငန်းတွင် ထိရောက်အကျိုးရှိအောင်သုံးစွဲရေး၊ သတ်မှတ်ကာလအတွင်း မှန်မှန်ပြန်ဆပ်ရေး၊ထို့အတူ သမဝါယမ ဝန်ထမ်းများနှင့် သမဝါယမအသင်းအသီးသီး၏ အမှုဆောင်များကလည်း အသင်းများ၏ ငွေစာရင်းများ မှန်ကန်အောင် ကြပ်မတ်ဆောင်ရွက်ပေးရေး၊ စာရင်းဇယားရေးဆွဲတတ်အောင် သမဝါယမအသင်းအမှုဆောင်များအား စာရင်းရေးသွင်းနည်းကို On Job Training ဖြင့် သင်ကြားပေးရေး၊ ဝန်ထမ်းများနှင့် အမှုဆောင်များအတွက် သတ်မှတ်ပေးထားသည့် သံမဏိစည်းကမ်း (၂)ရပ်ကို လိုက်နာရေး ဆွေးနွေးဆုံးဖြတ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သမဝါယမအရင်းအနှီးချေးငွေလုပ်ငန်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းသည် ပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေး၊ ပြည်သူများ ပြင်ပမှ အတိုးကြီးပေးငွေချေးစရာမလိုဘဲ မိမိဘာသာ ရပ်တည်နိုင်ရေးနှင့် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံကျသော လုပ်ငန်းဖြစ်ကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းများအောင်မြင်ရေးအတွက် ငွေချေးယူသူ အသင်းသားများနှင့် ကြပ်မတ်သူ သမဝါယမဝန်ထမ်းများ၊ သမဝါယမအသင်းအမှုဆောင်များက မိမိတို့၏တာဝန်နှင့် စည်းကမ်းကို လိုက်နာဆောင်ရွက်ကြရန်သာမက တတိယအုပ်စုဖြစ်သော အုပ်ချုပ်ရေးအာဏာပိုင်များ၊ အခြားဌာနအသီးသီးရှိ ဝန်ထမ်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များ၊ NGO များ၊ မြို့မိမြို့ဖများကလည်း ဘေး မှ ဝိုင်းဝန်း ကြပ်မတ်ဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်း၊သို့မှသာ လုပ်ငန်းများ အောင်မြင်မည်ဖြစ်၍ သုံးပွင့်ဆိုင်ဟန်ချက်ညီ ကြိုးပမ်း ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။**(အပေါ်ပုံ)**

ယင်းနောက် ညှိနှိုင်းအစည်းအဝေးတွင် သမဝါယမအသင်းသားများနှင့် သမဝါယမအသင်းအမှုဆောင်များက ၎င်းတို့၏ တာဝန်၊ လိုက်နာရမည့် စည်းကမ်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် ယခုရှမ်းပြည်နယ် မိုးသီးနှံ အသေးစားအရင်းအနှီးချေးငွေပေးအပ်ပွဲနှင့် လယ်ယာသုံး စက်ကိရိယာများ အရစ်ကျရောင်းချပေးပွဲကို အခမ်းအနားပြုလုပ်၍ ရှင်းလင်းချပြဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပိုလန်နိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၃

၂၀၁၄ခုနှစ် မေ ၃ ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပိုလန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရာဒိုစလော စီကောစကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဆပ်ကော်မတီ (Delivery Unit)မှ ပြည်သူများသို့ အသိပေးကြော်ငြာခြင်း

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ASEAN FTA နယ်ပယ်အတွင်း အာဆီယံအသေးစားနှင့်အလတ်စားလုပ်ငန်းများ လွတ်လပ်စွာကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်ရန်အတွက် Development/Implementation of Cooperation Programs of Enhancing ASEAN SMEs FTA Utilization project ကို ဆောင်ရွက်လျက်ရှိပါသည်။

ယင်းစီမံကိန်းကို အကောင်အထည်ဖော်မည့် Project draft work plan, questionnaire information sheet,....etc များကိုလည်း အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ပေးပို့လာပါသည်။ ယင်း Project နှင့်ပတ်သက်သည့်လုပ်ငန်းများ၊ target ပြုလုပ်မည့်ဧရိယာများ ရွေးချယ်ဖော်ပြလျက် အာဆီယံရုံးမှပေးပို့လာသည့် work plan နှင့် questionnaire ဖြင့် အကောင်အထည်ဖော်ရန်ဖြစ်၍ ၎င်းလုပ်ငန်းများအတွက် ကုန်ကျစရိတ်များ (ဥပမာ-transportation cost, လိုအပ်ပါက translation cost နှင့် အခြားကုန်ကျစရိတ်များအား) JAIF Management Team မှ ကျခံမည်ဖြစ်ပါသည်။ ၎င်း Project ကို စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များထံသို့ လာရောက်ဆက်သွယ်ဆောင်ရွက်လျက် လိုအပ်သည့်စာရွက်စာတမ်းများအား ထုတ်ယူနိုင်ပါသည်။

-ဦးနေလွင်ထွန်း
လက်ထောက်ညွှန်ကြားရေးမှူး
၀၁-၈၆၀၃၈၂၆
-ဒေါ်ဆွေဇင်စိုး
လက်ထောက်ညွှန်ကြားရေးမှူး
၀၁-၈၆၀၃၈၂၆

စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် Project work plan, questionnaires survey form များအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ၈-၅-၂၀၁၄ ရက်နေ့အရောက်ပေးပို့ရမည်ဖြစ်ပါသဖြင့် ပူးပေါင်းဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် အာဆီယံရုံးမှပေးပို့လာသော work plan, questionnaires များကို ပြန်လည်ဖြည့်စွက်ပြီး အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ ၆-၅-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး ပေးပို့ရန် ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ အိုလံပစ်သွေးစည်းညီညွတ်ရေးနှင့် အာရှအိုလံပစ်ကောင်စီ၏အရှေ့အာရှနှင့် အရှေ့တောင်အာရှ အိုလံပစ်ကော်မတီများအတွက် ဒေသဆိုင်ရာဖိုရမ် နေပြည်တော်၌ကျင်းပမည်

နေပြည်တော် မေ ၂

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ အိုလံပစ်သွေးစည်းညီညွတ်ရေးနှင့် အာရှအိုလံပစ်ကောင်စီတို့၏ အရှေ့အာရှနှင့် အရှေ့တောင်အာရှအိုလံပစ်ကော်မတီများအတွက် ဒေသဆိုင်ရာဖိုရမ်အစည်းအဝေး COS/ OCA Regional Forum For East and Southeast Asia Noc ကို မေ ၁၁ ရက်မှ ၁၂ ရက်ထိ နေပြည်တော်ရှိ The Hotel Royal ACE ၌ လက်ခံကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးကို အိုလံပစ်သွေးစည်းညီညွတ်ရေးမှ လေးဦး၊ အာရှအိုလံပစ်ကော်မတီမှ ငါးဦး၊ အရှေ့အာရှရှစ်နိုင်ငံမှ ကိုယ်စားလှယ် ၁၆ ဦး၊ အရှေ့တောင်အာရှ ၁၀ နိုင်ငံမှ ကိုယ်စားလှယ် ၂၂ ဦး၊ (၁၇)ကြိမ်မြောက် အင်ချွန်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီမှ ငါးဦး၊ (၄)ကြိမ်မြောက် ဖူးခက်အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲကျင်းပရေးကော်မတီမှ ငါးဦး၊ ဒုတိယအကြိမ် နန်ဂျင်းလူငယ် အိုလံပစ်အားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီမှခြောက်ဦး စုစုပေါင်း ၆၃ ဦး တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လုပ်သား(၁၀၀)ဝန်းကျင်ခန့်ရှိသော ကန်ထရိုက်အလိုရှိသည်။
နေစရာနှင့်ဖယ်ရီစီစဉ်ပေးမည်။
ဆက်သွယ်ရန်လိပ်စာ - အမှတ်(၂) ဦးထွန်းငြိမ်းလမ်းမရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
(Diamond Inya Palace Project)
ဖုန်း - ၀၁ ၆၅၇၈၅၉၊ ၀၉ ၅၃၂၀၁၇၄၊ ၀၉ ၄၂၀၇၈၇၅၇

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအစီအစဉ်များချမှတ်ဆောင်ရွက် ဘက်စုံထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီလူငယ်များ၊ ကင်းထောက်လူငယ်များမွေးထုတ်

မြန်မာ့သတင်းစဉ် သတင်းအဖွဲ့

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကင်းထောက်မောင်မယ်စခန်း၌ မေ ၁ ရက်က ကင်းထောက်မောင်မယ်များအား မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တာဝန်ရှိသူများ သွားရောက်တွေ့ဆုံအားပေးခဲ့သည်။

တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် ကင်းထောက်ဟောင်းကြီးများဖြစ်ကြသော ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ကင်းထောက်လူငယ်မောင်မယ်များအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်-

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း

ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ ၁၉၅၇၊ ၁၉၅၈ ခုနှစ်ကတည်းက စပြီးတော့ ဝံပုလွေ၊ ဝံပုလွေကနေ နောက်တစ်ဆင့် ကင်းထောက်ပေ့ါ။ ရရာနေရာကနေ ကင်းထောက်တာဝန်တွေ ထမ်းဆောင်ခဲ့ရပါတယ်။ ၁၉၆၂၊ ၁၉၆၃ လောက်ကျတော့ ပြီးသွားတာပေ့ါ။ အခြားစနစ်တစ်ခုကို ပြောင်းသွားပါတယ်။ အလွန်တရာမှ နိုင်ငံတော်အတွက် အကျိုးရှိတဲ့အတွက်ကြောင့် ယနေ့ပြန်လည်ပြီး ကျွန်တော်တို့ရှင်သန်အောင် လူငယ်တွေကို ပြုစုပျိုးထောင်တဲ့အခန်းကဏ္ဍထဲက တစ်ရပ်အနေနဲ့ အရှိန်အဟုန်နဲ့ တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်တယ်လို့ ပြောချင်ပါတယ်။

နိုင်ငံတော်အတွက် လူငယ်တွေရဲ့ အခန်းကဏ္ဍက အတော်အရေးကြီးပါတယ်။ ဒီနေ့ ကျွန်တော်တို့ အစိုးရသစ်အနေနဲ့ သုံးနှစ်လောက်ကြာတဲ့အခါမှာ သုံးသပ်ကြည့်တဲ့အခါ လူငယ်တွေရယ်၊ Civil Society တွေရဲ့အားတွေက နိုင်ငံဒီမိုကရေစီလမ်းကြောင်းပေါ်ကို သွားဖို့အတွက် အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍဖြစ်နေတယ်ဆိုတာ တွေ့ရတယ်။ ဒါကြောင့် လူငယ်တွေကို ပြုစုပျိုးထောင်ပေးဖို့ဆိုတဲ့လုပ်ငန်းက နိုင်ငံတော်အစိုးရအတွက် အရေးကြီးတဲ့တာဝန်တစ်ရပ်ဖြစ်တယ်လို့ မြင်လာတယ်။ ဒါကြောင့် လူငယ်တွေကို ပြုစုပျိုးထောင်နေပါတယ်။ တစ်ပိုင်းကတော့ ဘက်စုံထူးချွန်တဲ့ လူငယ်တွေအဖြစ် အခုက ဆောင်ရွက်ပါတယ်။ ထို့အတူပဲ တက္ကသိုလ်တွေ၊ ကောလိပ်တွေ အသီးသီးမှာ အရင်တုန်းက ရှိခဲ့တဲ့ လှေလှော်အသင်းတွေ၊ ရေကူးအသင်းတွေ၊ ဘောလုံးအသင်းတွေ၊ စာဖတ်အသင်းတွေ ကျောင်းဆောင်ကအသင်းလိုက်တွေ၊ ဘာသာစကား၊ ယဉ်ကျေးမှုအသင်းအဖွဲ့တွေ အသီးသီးပေါ်ပေါက်ဖို့တွေ ကျွန်တော်တို့ကြိုးပမ်းဆောင်ရွက်နေပါတယ်။

အထက်တန်းကျောင်းတွေမှာလည်း ကျောင်းကောင်စီတွေ ပြန်လည်ရှင်သန်ပြီးတော့ ဒါတွေအသက်ဝင်အောင် ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ တစ်ဖက်က ကြက်ခြေနီလူငယ်တွေပါ။ ဒါကိုလည်း ပြုစုပျိုးထောင်ပြီး အင်အားတစ်ရပ်အနေနဲ့ ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်ရဲ့ အရေးပေါ်အခြေအနေတွေမှာ အများကြီး အထောက်အကူပြုမယ့် အနေအထားဖြစ်ပါတယ်။ အလားတူပဲ ဒီကင်းထောက်အဖွဲ့ဖြစ်ပါတယ်။ အခုဆို ၂၀၀၀ လောက်ရှိပါပြီ။ လာမယ့်နှစ်မှာ ၂၀၀၀၀ လောက် ရည်မှန်းချက်ထားပြီး ဒီကင်းထောက်အဖွဲ့ချုပ်ကြီးကို ကျွန်တော်တို့ ပြန်လည်ဖွဲ့စည်းပါတယ်။ ကျွန်တော်တို့ ပြန်ရှင်သန်အောင်လုပ်ပါတယ်။ ကျေးလက်လူငယ်တွေ ဖွံ့ဖြိုးအောင်လည်း ကျွန်တော်တို့လုပ်ပါတယ်။ လူငယ်တွေရဲ့ နေရာအသီးသီး၊ အလွှာအသီးသီးမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ သူတို့ရဲ့အားတွေအားလုံးပါဝင်လာပြီး နိုင်ငံတော်တည်ဆောက်တဲ့နေရာမှာ အရှိန်အဟုန်မြင့်သထက်မြင့်မားအောင် ကျွန်တော်တို့ ကြိုးစားနေတဲ့ အကြောင်းအရာထဲက အကြောင်းတစ်ခုဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

အဓိကကတော့ နိုင်ငံတော်အတွက်နဲ့ ၅၅ သန်းလောက်ရှိတဲ့ နိုင်ငံလူဦးရေနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့က အလွန်အရေးကြီးပါတယ်။ လူငယ်တွေဟာ ကင်းထောက်တွေရဲ့ ရည်မှန်းချက်ထဲက တစ်ခုလိုပေ့ါ။ အားလုံးလည်း ကူညီမယ်၊ အားလုံးလည်း စေတနာထားမယ်။ အမြဲတမ်းအသင့်ဖြစ်နေမယ်။ ကိုယ်ကျင့်တရားကောင်းအောင် လုပ်ကြမယ်။ တိုင်းပြည်နဲ့ လူမျိုးအကျိုးအတွက် ရှေ့တန်းက ပါဝင်နေမယ်ဆိုတာလို အားလုံးလည်း ဝိုင်းလုပ်ပေးကြပါလို့ ပြောချင်ပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်တဲ့အခါ လူ့စွမ်းအားအရင်းအမြစ်တွေအများကြီးလိုအပ်ပါတယ်။ အဲဒီအတွက်ကြောင့်လည်း နိုင်ငံတော်သမ္မတကြီးအနေနဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ အများကြီးလိုအပ်ပါတယ်။ ဒါကြောင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာအစီအစဉ်တွေကို ချမှတ်ဆောင်ရွက်ပြီးတော့ အခုလိုပဲ ဘက်စုံထူးချွန်လူငယ်တွေ၊ ထူးချွန် ကြက်ခြေနီ လူငယ်တွေ၊ ကင်းထောက်လူငယ်တွေ အစရှိသဖြင့် လူ့စွမ်းအားအရင်းအမြစ်တွေ အနာဂတ်မှာ လူငယ်တွေ လူချွန်လူကောင်းတွေ၊ အနာဂတ်ခေါင်းဆောင်တွေ ပေါ်ထွန်းလာအောင် ကျွန်တော်တို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။

အခုလက်ရှိမှာလည်း နိုင်ငံတော်သမ္မတရဲ့ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်တဲ့ အစီအစဉ်ဟာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်သလို နိုင်ငံမှာ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူလယ်သမား၊ အလုပ်သမားကအစ စီးပွားရေးလုပ်ငန်းရှင်အထိ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် စွမ်းဆောင်နေကြတဲ့ ပုဂ္ဂိုလ်များဖြစ်ပါတယ်။ ဒါကြောင့် ကဏ္ဍအသီးသီးမှာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့ကို အခုလို ဆောင်ရွက်နေတဲ့ အစီအစဉ်တွေပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့လည်း ငယ်စဉ်တုန်းက အသက် (၁၁) နှစ်အောက်အရွယ်မှာ ဝံပုလွေအဖွဲ့အစည်းမှာ ပါဝင်ခဲ့ပါတယ်။ အဲဒီတုန်းက ဒုတိယတန်းလောက်ပဲ ရှိပါသေးတယ်။ အဲဒီအချိန်တုန်းက ဒီနေ့မြင်တွေ့ရတဲ့ ကင်းထောက်ဝံပုလွေလူငယ်အပါအဝင် တောတွင်းစခန်းချတာတွေ၊ ကြိုးချည်နည်းတွေ၊ အများအကျိုးကို သယ်ပိုးထမ်းရွက်တဲ့ လုပ်ငန်းစဉ်တွေကို ကျွန်တော်တို့လည်း ငယ်စဉ်တုန်းက ဆောင်ရွက်ဖူးပါတယ်။ ဒီအစီအစဉ်တွေဟာ တော်တော်လေး ကောင်းမွန်ပါတယ်။

ဘာကြောင့်လဲဆိုရင် လူငယ်တွေအတွက် ဒေသန္တရဗဟုသုတရရှိတဲ့အပြင် အစုအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်လည်း ရရှိလာမှာဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ ဘက်စုံပညာထူးချွန်တဲ့ လူငယ်တွေဟာ စာပေတစ်ခုတည်းကိုသာ အာရုံစိုက်ကာ ကြိုးစားပြီး ထူးချွန်လာရုံနဲ့ နိုင်ငံအတွက်ရော၊ လူ့အဖွဲ့အစည်းအတွက်ရော မပြည့်စုံသေးပါဘူး။ အားလုံးအတွက်ကို တစ်ဦးတစ်ယောက်ချင်း ကောင်းဖို့သာမက အဖွဲ့အစည်းကောင်းဖို့ရော၊ ဒေသအကျိုးရော၊ နိုင်ငံ့အကျိုးရော စွမ်းဆောင်နိုင်တဲ့ လူချွန်လူကောင်းတွေဖြစ်ဖို့ကို နိုင်ငံတော်သမ္မတကြီးက ဦးတည်ရည်မှန်းပြီးတော့ လုပ်ကိုင်နေခြင်းဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

ဒုတိယဝန်ကြီး
ဗိုလ်မှူးချုပ်အောင်သော်

မြန်မာနိုင်ငံကင်းထောက်အဖွဲ့
ယာယီကော်မတီဥက္ကဋ္ဌ ဦးတင်ညို။

မောင်လှိုင်ဘွားအောင်
(အထက-၄ အလုံ)

အစကတော့ ကင်းထောက်ဆိုတာ ဘာမှန်းကို ကျွန်တော်မသိခဲ့ပါဘူး။ နောက်ပိုင်းကျတော့မှ လူမှုဝန်ထမ်းလုပ်ဆောင်တဲ့အဖွဲ့ဆိုတာ သိရတာပါ။ ကင်းထောက်လုပ်ငန်းအတွက် ဝါသနာပါလို့ ဝင်ရောက်တာပါ။ ရန်ကုန်ကနေပြီးလွှတ်တော့ အသေးစိတ်တာဝန်ခွဲတာဝန်ထမ်းဆောင်တာပါ။ ဒီရောက်တော့မှ တဲထိုးတာတို့၊ စခန်းချတာတို့ လုပ်ရပါတယ်။ မနေ့ကတော့ အဖွဲ့လိုက် ဘုရားပေါ်တို့၊ ရွာကျောင်းတို့မှာ သန့်ရှင်းရေးသွားလုပ်ရပါတယ်။ ဒီကင်းထောက်အဖွဲ့အစည်းကို ဝင်ခြင်းအားဖြင့် စိတ်ဓာတ်ကောင်းမွန်ပြီး သူငယ်ချင်းအများကြီးလည်း ရရှိပါတယ်။

ကျွန်တော့်ရဲ့ အနာဂတ်ကတော့ တပ်မတော်(လေတပ်)မှာ တာဝန်ထမ်းဆောင်ချင်ပါတယ်။

တခြားသော သူငယ်ချင်း လူငယ်မောင်မယ်လေးများကို မှာချင်တာကတော့ ကင်းထောက်သင်တန်းတွေ ကိုယ့်ကျောင်းတွေမှာ ဖွင့်ရင် တက်ဖြစ်အောင်တက်ပါ။ ဒီကင်းထောက်အဖွဲ့မှာ ပါဝင်ခြင်းဖြင့် စိတ်ဓာတ်ကောင်းတွေ၊ သူငယ်ချင်းကောင်းတွေရရှိလာမှာဖြစ်ပါတယ်။

မောင်ဖွဲ့ခေါင်တေဇာ။

မစိမ်းလဲ့ညီမြင့်။

မောင်လှိုင်ဘွားအောင်။

မသြမြတ်ခင်။

ဦးတင်ညို
မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့
ယာယီကော်မတီဥက္ကဋ္ဌ

ကျွန်တော်တို့ ဟိုတုန်းက ကင်းထောက်လုပ်ခဲ့တဲ့သူတွေကို ကင်းထောက်ကြီးလို့ခေါ်ပါတယ်။ ကင်းထောက်ဆိုတာဟာ Once scout is always scout ပါ။ ကင်းထောက်တစ်ခါဖြစ်ခဲ့ရင် တစ်သက်လုံး ကင်းထောက်အဖြစ်နဲ့ ခံယူကြပါတယ်။ ကျွန်တော်က ၁၉၅၂ ခုနှစ်ကနေ တက္ကသိုလ်မတက်ခင် ၁၉၅၈ ခုနှစ်အထိ ကင်းထောက်လုပ်ခဲ့ပါတယ်။ ငါးတန်းလောက်ကနေပြီး ၁၀ တန်းလောက်အထိပေ့ါ။ အခုလည်း ဒီကလေးတွေကို ဒီစခန်း မရောက်ခင်ကတည်းက သူတို့ကျောင်းတွေမှာ သင်တန်းပေးပါတယ်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှာ ပထမဆုံးစပြီး သင်တန်းပေးခဲ့ပါတယ်။ ဟိုတုန်းက ကင်းထောက်အတွေ့အကြုံရှိတဲ့သူတွေက ဆရာ ဆရာမပေါင်း ၉၈ ဦးကို သင်တန်းပေးခဲ့ပါတယ်။ ကျောင်းပေါင်း ၁၈ ကျောင်းမှာ ကင်းထောက်စဖွဲ့ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်ကျတော့ ကျွန်တော်တို့နိုင်ငံမှာ ကင်းထောက်အဖွဲ့ကို ပြန်လည်ထူထောင်ဖို့ ကြိုးစားဆောင်ရွက်နေပြီလို့ကြားတော့ ကမ္ဘာ့ကင်းထောက်အဖွဲ့တွေက စိတ်ဝင်စားလာတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ထူးချွန်လူငယ်ကဏ္ဍ

❒ စာမျက်နှာ ၆ မှ

မြန်မာနိုင်ငံကို လာပြီးတော့ လေ့လာကြပါတယ်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှာပဲ ကမ္ဘာ့အမျိုးသမီး ကင်းထောက်အဖွဲ့(အာရှနဲ့ ပစိဖိတ်ဒေသ)က ကိုယ်စားလှယ်တွေလာပြီးတော့ လေ့လာပါတယ်။ လာလေ့လာပြီးတော့ မြန်မာနိုင်ငံကို ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့မှာ ပြန်လည်ဝင်ရောက်နိုင်ဖို့ ကူညီပံ့မယ်လို့ ပြောသွားပါတယ်။ ၂၀၁၃ ခုနှစ် ဇူလိုင်လမှာ တိုကျိုမှာလုပ်တဲ့ (၁၂) ကြိမ်မြောက် အာရှနဲ့ ပစိဖိတ်ဒေသညီလာခံမှာကျွန်တော်တို့ကို The Country Moving toward membership ဆိုတဲ့ လက်မှတ်ကို ပေးခဲ့ပါတယ်။

ပေးပြီးတော့ ဩဂုတ်လမှာ ကျွန်တော်တို့ဆီကိုလာပြီး သင်တန်းတွေ လာပေးပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလက လည်း ပေးခဲ့ပါတယ်။

ဇန်နဝါရီလပိုင်းက ကမ္ဘာ့ကင်းထောက်အဖွဲ့ရဲ့ အမှုဆောင်ချုပ်နဲ့ အာရှ ပစိဖိတ်ဒေသက ဒေသဆိုင်ရာညွှန်ကြားရေးမှူးတို့ လာခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ဘယ်လောက်အထိ တိုးတက်ပြောင်းလဲလာသလဲဆိုတာ လာကြည့်ပြီးတော့ ဟောင်ကောင်မှာလုပ်မယ့် ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့ညီလာခံမှာ ကျွန်တော်တို့ကို တွဲဖက်အဖွဲ့ဝင်နိုင်ငံအဖြစ် တစ်နည်းအားဖြင့် Associated member အဖြစ်နဲ့ အသိအမှတ်ပြုဖို့ စီစဉ်နေပါတယ်။ အဲဒါကတော့ အမျိုးသမီးကင်းထောက်အဖွဲ့အတွက်ပေါ့။

ကမ္ဘာ့အမျိုးသားကင်းထောက်အဖွဲ့ကလည်း ကျွန်တော်တို့နဲ့ ချိတ်ဆက်ပြီးတော့ ၂၀၁၃ ခုနှစ် မေလက တစ်ခေါက်လာပါတယ်။ နောက် အောက်တိုဘာလမှာ သင်တန်းလာပေးတယ်။ ကျွန်တော်တို့က ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံဖြစ်ဖို့ ကြိုးစားရပါမယ်။ အခုဆို နိုင်ငံပေါင်း ၁၉၀ ကျော်ဟာ ကင်းထောက်အဖွဲ့တွေ ဖွဲ့ထားပါတယ်။ အဲဒီထဲက ၁၆၁ နိုင်ငံက တရားဝင်အဖွဲ့ဖြစ်သွားပြီ။ ကျန်တဲ့နိုင်ငံ ၃၀ လောက်ဟာ အဖွဲ့ဝင်နိုင်ငံဖြစ်ဖို့ ကြိုးစားနေတုန်းပါ။

ကင်းထောက်မှာ အဆင့်တွေရှိပါတယ်။ ဝံပုလွေဆိုတာ ခြောက်နှစ်ကနေ ၁၀ နှစ်အထိ ဖြစ်ပါတယ်။ အသက် ၁၁ နှစ်ကနေ ၁၅ နှစ်အထိက Scout ဖြစ်ပါတယ်။ Scout ကနေ အသက်နည်းနည်းကြီးသွားရင် ရိုဗာ(Rover) ဆိုတာ ရှိပါတယ်။ ပြီးရင်သက်ကြီးကင်းထောက် (Adult Scout)ဆိုတာရှိပါတယ်။ အဲဒါကြောင့် အရွယ်စုံက ကင်းထောက်မှာ ပါဝင်လို့ ရပါတယ်။

၁၉၆၄ ခုနှစ် မတ် ၁ ရက်မှာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ကို ဖျက်သိမ်းလိုက်ပါတယ်။ ဒါပေမယ့် အဲဒီတုန်းက ဆောင်ရွက်ခဲ့တဲ့ ကင်းထောက်ကြီးတွေဟာ ဒီစိတ်ဓာတ်နဲ့ ဆက်ပြီးတော့ ရှင်သန်နေပါတယ်။ ဒီကင်းထောက်အဖွဲ့ကို ပြန်လည်ဖော်ထုတ်လာတဲ့အခါမှာ အဲဒီကင်းထောက်ကြီးတွေက ဝိုင်းပြီးပံ့ပိုးလာကြတယ်။ ကင်းထောက်ကို ဘာကြောင့် ဖွဲ့ရသလဲဆိုရင် ကင်းထောက်သည် လူမှုရေးအသင်းအဖွဲ့ဖြစ်တယ်။ နိုင်ငံရေးအသင်းအဖွဲ့တွေနဲ့ မဆိုင်ဘူး။ သီးခြားအဖွဲ့အစည်းဖြစ်တယ်။ ဒါကြောင့် ဘယ်နိုင်ငံမှာ မဆိုသီးခြားရပ်တည်ကြတယ်။ ဖွဲ့စည်းပြီးတော့ သူတို့ပတ်ဝန်းကျင်မှာရှိတဲ့သူတွေကို အစဉ်ကူညီပေးနိုင်ဖို့အတွက် ဖြစ်ပါတယ်။ ဆောင်ပုဒ်က အစဉ်အသင့်(Be prepare) သူတစ်ပါးကို ကူညီဖို့ အသင့်ရှိရမယ်။

ကမ္ဘာမှာ နိုင်ငံ့ခေါင်းဆောင်တွေဟာ စကောက်တွေပါ။ အိုဘားမား၊ နယ်လ်ဆင်မင်ဒဲလားတို့က စကောက်တွေပါ။ ဒီပတ်ဝန်းကျင် နိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှား၊ စင်ကာပူနိုင်ငံတွေက သမ္မတကြီးတွေ၊ ထိုင်းဘုရင်တို့ဟာ ကင်းထောက်ချုပ်တွေပါ။ နိုင်ငံ့အကြီးအကဲတွေဟာ ကင်းထောက်ချုပ်တွေအဖြစ်နဲ့ ဒီလုပ်ငန်းတွေကို ပါဝင်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။

အစိုးရသစ်လက်ထက်တွင် ပြန်လည်ဖော်ထုတ်နိုင်တာဟာ ကျွန်တော်တို့အတွက် အားတစ်ရပ်ဖြစ်ပါတယ်။ ဒီကာလတိုအတွင်းမှာကိုပဲ သမ္မတကြီးကိုယ်တိုင် ကတိခံယူပြီးတော့ ကင်းထောက်ချုပ်အဖြစ်နဲ့ တာဝန်ယူတာဟာ မြန်မာနိုင်ငံက ကလေးများအတွက် အနာဂတ်ကို လမ်းဖွင့်ပေးလိုက်တာ၊ မျက်နှာစာသစ်တစ်ခု ဖွင့်လိုက်တာ၊ သမိုင်းစာမျက်နှာသစ်တစ်ခု ဖွင့်လိုက်တာဖြစ်ပါတယ်။ ဒါကြောင့် ဒီမှာပါနေတဲ့ ကင်းထောက်ကလေးတွေအားလုံးသည် မိမိတို့ခံယူထားတဲ့ ကင်းထောက်ကတိသုံးပါး၊ ကင်းထောက်ရဲ့ ကျင့်ဝတ် အဲဒါတွေကို လိုက်နာလေးစားပြီးတော့ ကိုယ့်ပတ်ဝန်းကျင်မှာ ရှိကြတဲ့ ကလေးများကိုလည်း ကိုယ့်လို စိတ်ဓာတ်မျိုး၊ ကိုယ့်လို အရည်အသွေးမျိုး၊ ကိုယ့်လို အခြေအနေမျိုးဖြစ်အောင် ဆက်လက်ကြိုးစားပေးပါလို့ ပြောချင်ပါတယ်။

မသြမြတ်ခင်
အထက(၁)စစ်ကိုင်း

သမီးက ခြောက်တန်းဖြေထားပါတယ်။ ကင်းထောက်အဖွဲ့ထဲကို ပြီးခဲ့တဲ့နှစ်က ဝင်ခဲ့ပါတယ်။ အဖွဲ့ဝင်ဖြစ်တော့ ကြက်ခြေနီလို သင်တန်းတွေ တက်ရပါတယ်။ ကြိုးချည်နည်းတွေကိုလည်း သင်ရပါတယ်။ ရှေးဦးသူနာပြုစုနည်းလည်း သင်ရပါတယ်။ ဒီကိုရောက်တာ သုံးရက်ရှိပါပြီ။ ခရီးထွက်ဖြစ်တာက ဒါပထမဦးဆုံးပါ။ ဒီကိုရောက်တော့ ပထမဆုံးနေ့မှာ ကန်တော်ကြီးကိုလာပြီးတော့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ တွေ့ရပါတယ်။ ဒုတိယနေ့ကျတော့ အလက(ရေငယ်)ကို သွားပြီးတော့ သန့်ရှင်းရေးလုပ်ကြပါတယ်။ ဒီနေ့ ဒီကန်တော်ကြီးမှာ Camp သွင်းပါတယ်။ နိုင်ငံတော်သမ္မတကြီးနဲ့ တွေ့ရပါတယ်။ ဒီကိုလာရတာ အင်မတန် ပျော်ရွှင်ပါတယ်။

မောင်ဇွဲခေါင်တေဇာ
အထက(၁)လမ်းမတော်

ကင်းထောက်အဖွဲ့ထဲကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်က ဝင်ရောက်ခဲ့ပါတယ်။ သားတို့ကျောင်းမှာ ကင်းထောက် ၁၀၀ ကျော်ရှိပါတယ်။ ပြင်ဦးလွင်ကိုတော့ ကျွန်တော်အပါအဝင် ခုနစ်ယောက်ရွေးချယ်ခံရလို့ ပါလာတာပါ။ ဒီကိုလာဖို့အတွက် စာမေးပွဲဖြေရပါတယ်။ ရွေးချယ်ခံရလို့ ပါလာတာဖြစ်ပါတယ်။

ကင်းထောက်လုပ်တော့ ကြိုးချည်နည်း၊ ပတ်တီးစည်းနည်း၊ ကင်းထောက်ရဲ့ အချက်ပြနည်းဖြစ်တဲ့ အလံရိုက်နည်းတို့ကို သင်ရပါတယ်။ ကင်းထောက်မိတ်ဆွေကတော့ ကင်းထောက်ရဲ့ အဖော်ကောင်းတစ်ယောက်ဖြစ်တဲ့ ကြိုးပါ။

အခု ဒီကင်းထောက်မောင်မယ်စခန်းမှာဆိုရင် တဲထိုးရပါတယ်။ မနေ့ညက စာမေးပွဲဖြေရပါတယ်။ ကင်းထောက်ဆိုင်ရာဗဟုသုတတွေကိုဖြေရတာပါ။ ကင်းစိတ်အလိုက် ကင်းထောက်စွမ်းရည်ပြိုင်ပွဲတွေလည်း ပြိုင်ရပါတယ်။

မစိမ်းလဲ့ညိုမြင့်
ကမာရွတ် TTC

ဒီမှာ Camp ဝင်ရတော့ တစ်နိုင်ငံလုံးက သူငယ်ချင်းတွေ အများကြီးနဲ့ ခင်မင်ခွင့်ရပါတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုပိုရှိလာပါတယ်။ ဒီ Camp မှာ အကုန်လုံးစည်းစည်းလုံးလုံးနဲ့ လုပ်ကြရပါတယ်။ စုပေါင်းလုပ်ဆောင်တဲ့ အလေ့အကျင့် ပထမဆုံးရလာတာဖြစ်ပါတယ်။ ပြင်ဦးလွင်ကိုလည်း ကျွန်မတစ်ခေါက်မှ မရောက်ဖူးပါဘူး။ အခုလို ရောက်ရှိတဲ့အတွက် အများကြီးဝမ်းသာပါတယ်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်

ဒီနေ့ဖွဲ့စည်းပြီးဆောင်ရွက်နေတဲ့ ကင်းထောက်လူငယ်တွေ၊ ဒီကနေတစ်ဆင့် လူငယ်တွေအားလုံးက ကင်းထောက်လုပ်ငန်းနဲ့ ဆက်စပ်ပြီးတော့မှ ရေကြောင်းကင်းထောက်၊ လေကြောင်းကင်းထောက်၊ ဆက်စပ်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်နယ်ပယ်အသီးသီး၊ ဘာသာရပ်အသီးသီးမှာ ပါဝင်လှုပ်ရှားသွားနိုင်အောင် ဆက်လက်ဆောင်ရွက်သွားဖို့ အစီအစဉ်တွေရှိပါတယ်။ ။

အင်းလေးဘက်စုံပညာထူးချွန်လူငယ်များ ပင်းတယသို့လေ့လာရေးခရီးသွားရောက်

ညောင်ရွှေ မေ ၂

ဘက်စုံပညာထူးချွန်လူငယ် အပန်းဖြေစခန်း(အင်းလေး)မှ ထူးချွန်ကျောင်းသားများ၏ မေ ၁ ရက် ခရီးစဉ်အဖြစ် ပင်းတယမြို့နယ်အတွင်း ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားနှင့် ကုံလုံဆရာတော်ကြီး၏ ရုပ်ကလာပ်တော် ကိန်းဝပ်စံပယ်တော်မူရာ စံကျောင်းတော်သို့သွားရောက်ဖူးမြော်ရန် ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်ခန့်တွင် ညောင်ရွှေစခန်းမှ ကားများဖြင့် ထွက်ခွာခဲ့ကြသည်။

ထို့နောက် ရွှေညောင်မြို့သို့ ရောက်ရှိကာ နံနက် ၉ နာရီခန့်တွင် ဟဲဟိုးမြို့သို့ရောက်ရှိသည်။ ဟဲဟိုးမှ တစ်ဆင့် အောင်ပန်းမြို့ကိုဖြတ်ကာ ပင်းတယမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ နံနက် ၁၀ နာရီ ၄၀ မိနစ်ခန့်တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့သို့ ရောက်ရှိကြသည်။

ပင်းတယမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၈၈၀အမြင့်တွင် တည်ရှိသည်။ ပုန်းတလုတ်ရေကန်နှင့် သက်တမ်းရင့် ညောင်ပင်ကြီးများဖြင့် သာယာလှပသည့်မြို့တစ်မြို့ဖြစ်သည်။ ပုန်းတလုတ်ရေကန်ဘေးမှ ဖြတ်သန်းကာ လမ်းဘေးဝဲ၊ ယာ တစ်လျှောက်ရှိ သက်တမ်းရှည်ညောင်ပင်ကြီးများကို ဖြတ်သန်းကာ ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားတည်ရှိရာ ရွှေဥမင်တောင်ပေါ်သို့ ကားများဖြင့် တက်ရောက်ခဲ့ကြသည်။

ဘက်စုံပညာ ထူးချွန်လူငယ်များ ဘုရားစောင်းတန်း အဝင်တွင် ပင်းတယမြို့နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ပင်းတယ အထက(၁) ဘင်ခရာအဖွဲ့တို့က ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဘက်စုံပညာထူးချွန်လူငယ်များသည် ရွှေဥမင် ရှေးဟောင်းသမိုင်းဝင် သဘာဝလိုဏ်ဂူတော်အတွင်းရှိ လက်ရာမြောက်လှသော ရှေးဗိသုကာလက်ရာ အတတ်ပညာများဖြင့် ဆင့်ကဲထုထပ်စွာ ထုလုပ်ကိုးကွယ် လှူဒါန်းပူဇော်ထားသည့် ဗုဒ္ဓရုပ်ပွားတော်များနှင့် သဘာဝကျောက်ခက်ပန်းဆွဲကြီးများနှင့် ကျောက်စက်မိုးမျှော်များကို လေ့လာကြသည်။**(အပေါ်ပုံ)**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ ရွှေဥမင် သဘာဝလိုဏ်ဂူသည် လွန်ခဲ့သည့် နှစ်သန်းပေါင်း ၂၀၀ ခန့်ကပင် တည်ရှိခဲ့သည်ဟု ဆိုသည်။ ရွှေဥမင် သဘာဝလိုဏ်ဂူအတွင်း လက်ဝဲ၊ လက်ယာ တစ်ဖက်စီရှိကျောက်နံရံ၊ ဂူနံရံများ တစ်လျှောက်နှင့် လိုဏ်ဂူအမိုးများတွင် အရွယ်အစားစုံလင်လှသည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ဖူးမြော်ကြရသည်။

ယင်းလိုဏ်ဂူအတွင်းတွင် ရှေးဟောင်းရုပ်ပွားတော်ပေါင်း ၈၀၉၄ ဆူတည်ရှိကြောင်းလည်း သိရသည်။ လိုဏ်ဂူအတွင်း အတန်ငယ်ကျယ်ဝန်းသည့်နေရာတွင် အပေါ်မှ သဘာဝအလျှောက် ကျနေသည့် ကျောက်စက်ပန်းဆွဲကြီးများကို တွေ့ရသည်။ ယင်းကျောက်စက်ပန်းဆွဲကြီးများကို ဝါးလုံးဖြင့် တီးခတ်လိုက်လျှင် ဓနုအိုးစည်သံ၊ မောင်းသေးအသံ၊ မောင်းကြီးအသံ၊ ကြေးစည်သံ၊ စည်တော်ကြီးသံ၊ တုံးခေါက်သံနှင့် စည်သံများ ထူးဆန်းစွာ မြည်ဟည်းလာတတ်သည်ဟုလည်း ဆိုသည်။

မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ရွှေဥမင်တောင်ပေါ်မှ ဆင်းလာကြကာ မိသားစုတစ်ပိုင်တစ်နိုင် ထီးလုပ်ငန်းခွင်ကို လေ့လာခဲ့ကြသည်။ ထို့နောက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်တွင် ဘက်စုံပညာထူးချွန်လူငယ်များသည် ပင်းတယမြို့ ဥာနပေါင်းစုံမှ အရာထမ်း၊ အမှုထမ်းများက ဧည့်ခံသည့် နေ့လယ်စာကို ပုန်းတလုတ်ရေကန်ကြီးဘေးရှိ ညောင်ညိုပင်ကြီးအောက်တွင် သုံးဆောင်ခဲ့ကြသည်။ ထိုမှတစ်ဆင့် ဆက်လက်ထွက်ခွာလာရာ ကုံလုံဆရာတော်ကြီး၏ ရုပ်ကလာပ်တော် ကိန်းဝပ်စံပယ်တော်မူရာ အတုမရှိ လွမ်းစေတီ စဥ့်စံကျောင်းတော်ကြီးသို့ မွန်းလွဲ ၂ နာရီခွဲခန့်တွင် ရောက်ရှိကြသည်။

ကုံလုံဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ဖူးမြော်ကြပြီးနောက် ပြန်လည်ထွက်ခွာလာခဲ့ကြရာ ဘက်စုံပညာထူးချွန်လူငယ်များ စခန်းချတည်းခိုရာ ညောင်ရွှေ အထက(၁)သို့ ညနေ ၆ နာရီ မိနစ် ၅၀ ခန့်တွင် ရောက်ရှိကြသည်။ ထို့နောက် ည ၇ နာရီတွင် စခန်းသိမ်းပွဲကို ဆက်လက်ကျင်းပသည်။ ။

သတင်း- သက်ထွေး
ဓာတ်ပုံ - ရာမည

အထက(၂) ဒဂုံ(မြို့မကျောင်း) အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းဆင်း

ရန်ကုန် မေ ၂

အထက(၂) ဒဂုံမြို့မကျောင်းသားကျောင်းသူဟောင်းအသင်းက ကြီးမှူးပြီး British Council မှ လာရောက်ကူညီပံ့ပိုးဖွင့်လှစ်ခဲ့သော အင်္ဂလိပ်စာအရည်အသွေးမြှင့် ကျွမ်းကျင်သင်တန်းဆင်းပွဲကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အထက(၂) ဒဂုံ ဦးဘလွင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း အတိုင်ပင်ခံ ဗိုလ်ချုပ်စိန်ထွား (ငြိမ်း)နှင့် British Council မှ Country Director Mr.Kevin Mackenzie တို့က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ အထက(၂) ဒဂုံ ကျောင်းအုပ်ဆရာကြီး ဦးအေးသင်းက ကျေးဇူးတင်စကားပြောကြားကာ သင်တန်းကို ပြီးမြောက်အောင်မြင်အောင်တက်ရောက်ခဲ့သော အထက(၂) ဒဂုံနှင့် အထက(၃) ဒဂုံတို့မှ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား Mr.Kevin Mackenzie က သင်တန်းဆင်းလက်မှတ်များကို တစ်ဦးချင်း ပေးအပ်သည်။

အဆိုပါ အင်္ဂလိပ်စာသင်တန်းသို့ အထက(၂) ဒဂုံမှ ကျောင်းသားကျောင်းသူ ၂၅ ဦးနှင့် အထက(၃) ဒဂုံတို့မှ သင်တန်းသူဆရာမ ၂၅ ဦးတို့ တက်ရောက်ခဲ့ပြီး British Council မှ ရက်သတ္တနှစ်ပတ်ခန့် သင်တန်းပို့ချခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

☆ ကျောဖုံးမှ

တက်ရောက်ချီးမြှင့် အမှာစကားပြောကြားခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ (၁၁)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရခိုင်ဆရာတော် ဘဒ္ဒန္တကုမာရ သုဘာဝ ကြွကြနဲ့ မှာကြားသည် ...

ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် အမ်းမြို့သို့ ရောက်ရှိကြသည်။

မေ ၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယကသည် အမ်းမြို့ ရွှေအမ်းတောင်ခန်းမ၌ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် အမ်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသာညွန့်၊ အမ်းမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းကြည်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်၊ မင်းပြားမြို့နယ် မြို့မိမြို့ဖ ဦးမောင်မောင်ထွန်းနှင့် မြေပုံမြို့နယ် မြို့မိမြို့ဖ ဦးကျော်လှတို့က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးမြအောင်နှင့် ပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေတို့က အမ်း၊ မင်းပြား၊ မြေပုံမြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် နတ်ရေကန်ဒေသ လက်ဖက်စိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ပြည်ထောင်စုလွှတ်တော်နာယက က ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ သိရှိလိုသည်များကို မေးမြန်းပြီး အားပေးစကားပြောကြားသည်။

ယင်းနောက် မင်းဘူးမြို့သို့ရောက်ရှိပြီး မင်းဘူးမြို့ စွမ်းအင်ဧည့်ရိပ်သာ၌ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံရာ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပြည်သူများ၏ လိုလားချက်များကို သက်ဆိုင်ရာဌာနများအနေဖြင့် ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် မင်းဘူးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် ဧပြီ ၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့၊ ဧပြီ ၂၅ ရက်တွင် မွန်ပြည်နယ် သထုံမြို့နှင့် မော်လမြိုင်မြို့၊ ဧပြီ ၂၆ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့၊ ဧပြီ ၂၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ငွေဆောင်မြို့နယ်ခွဲ၊ ဧပြီ ၂၉ ရက်မှ မေ ၂ ရက်အထိ ရခိုင်ပြည်နယ် ဂွမြို့၊ ကျိန္တလီမြို့နယ်ခွဲ၊ သံတွဲမြို့၊ တောင်ကုတ်မြို့၊ မအီမြို့၊ ကျောက်ဖြူမြို့၊ ရမ်းဗြဲမြို့နှင့် အမ်းမြို့၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တို့၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ကော်မတီများ၊ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် ဧပြီ ၂၄ ရက်မှ မေ ၂ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့ကို သွားရောက်ခဲ့ရာတွင် ပြည်သူများ၏ဆန္ဒ၊ ပြည်သူများ၏ လိုအပ်ချက်များကို ထင်ဟပ်သည့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ဥစ္စာဓနကြွယ်ဝသောနိုင်ငံများတွင် စိတ်ဓာတ်ကျခြင်းနှင့် သောကဗျာပါဒများပို၍ ဖြစ်ပွားလာ

စက်မှုနိုင်ငံများတွင် စိတ်ခံစားမှုနှင့်ဆိုင်သော ရောဂါများ သိသိသာသာတိုးပွားလာပြီး ယင်းရောဂါများမှာကျယ်ပြန့်သော လူ့အဖွဲ့အစည်းအတွင်း ပုဂ္ဂိုလ်ရေးရည်မှန်းချက်များကို ပြောင်းလဲသွားစေကြောင်း ဂျာမန်ပညာရှင်တစ်ဦးက ဧပြီ ၂၅ ရက်က ပြောကြားသည်။

ချမ်းသာသော နိုင်ငံများတွင် စိတ်ဓာတ်ကျခြင်းနှင့် သောကဗျာပါဒများ သိသိသာသာကြီးထွားပြီး ယင်းကဲ့သို့ဖြစ်ရခြင်းမှာ အတ္တပေမဝါဒလွှမ်းမိုးလာခြင်းကြောင့်ဖြစ်ကြောင်း၊ အတ္တပေမဝါဒကြောင့် ဘဝ၏ အနှစ်သာရနှင့်သံယောဇဉ်တရားများအပေါ် အလေးထားမှု အားနည်းလာသည်။ ရာထူး ဌာနန္တရ၊ ဂုဏ်ဒြပ်နှင့် အသပြာတို့အပေါ် တန်ဖိုးထားလာကြကြောင်း၊ တစ်ချိန်တည်းမှာပင် အဖွဲ့တ္တ ရည်မှန်းချက်များထက် ဗဟိဒ္ဓရည်မှန်းချက်များကို ဦးစားပေးလာကြကြောင်း ဂျာမန် စိတ်ပညာအသင်းဥက္ကဋ္ဌ ပါမောက္ခ ဂျူယာဂင်မာဂရတ်က ဗီယင်နာမြို့တွင် ကျင်းပသော Austrian Psychological Society ၏ အစည်းအဝေးတစ်ခု၌ ပြောကြားသည်။

ထို့ပြင် ပါမောက္ခ ဂျူယာဂင်မာဂရတ်က အပြုသဘောခံစားချက်များသည် စိတ်ကျန်းမာရေးအတွက် အထူးအရေးပါပြီး လူတစ်ယောက်၏ သက်တမ်းကို ၁၀ နှစ်အထိ ဆွဲဆန့်နိုင်ကြောင်း၊ ထို့ကြောင့် မည်သူမဆို အပြုသဘောဆောင်သည့် လုပ်ဆောင်မှုများ နေ့တိုင်းလိုအပ်ကြောင်း၊ တစ်နေ့လျှင် အပြုသဘောမဆောင်သည့် စိတ်ထက် အပြုသဘော ဆောင်သည့် စိတ် သုံးဆဖြစ်ထွန်းရန်လိုကြောင်း၊ သို့မဟုတ်ပါက စိတ်ဓာတ်ကျခြင်းများနှင့် ရင်ဆိုင်နေရမည် ဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

စိတ်ဓာတ်ကျခြင်းနှင့် သောကဗျာပါဒများကို ဆေးဝါးများဖြင့် တစ်ပွဲတိုးဖြေရှင်းနိုင်သော်လည်း ဆေးဝါးသုံးစွဲခြင်းကြောင့် ရေရှည်တွင် အကျိုးထက် အပြစ်က ပို၍များကြောင်း ပါမောက္ခဂျူယာဂင်မာဂရတ်က သတိပေးထားသည်။

ဆင်ဟွာ။

ဒေါက်တာသာစိန်

လူ့အခွင့်အရေးအကြောင်းသိကောင်းစရာများ ရှင်းလင်းဆွေးနွေး

သပိတ်ကျင်း မေ ၂

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးအကြောင်းသိကောင်းစရာများ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့ ရွှေဝါဝင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အတွင်းရေးမှူး ဦးစစ်မြိုင်က လူ့အခွင့်အရေးဆိုင်ရာ အခြေခံအနှစ်သာရများ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာညဏ်ဇော်က ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်များအား ရှင်းလင်းဆွေးနွေးကာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းရခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအားရှင်းလင်းဆွေးနွေးရာ အခမ်းအနားသို့ တက်ရောက်သူများက လူ့အခွင့်အရေးနှင့်ပတ်သက်သည့် သိလိုသည့်အချက်များကို မေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ အဆိုပါ လူ့အခွင့်အရေးဆွေးနွေးရှင်းလင်းပွဲများကို မိုးကုတ်မြို့နှင့် ပြင်ဦးလွင်မြို့များတွင်လည်း ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

MFF Ooredoo Cup ရှုံး/ထွက် ပြိုင်ပွဲအတွက် မဲခွဲ

ရန်ကုန် မေ ၂

MFF Ooredoo Cup 2014 ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက MFF ရုံး၌ ပြုလုပ်ခဲ့သည်။

ပွဲစဉ်မဲနှိုက်ရေးဆွဲမှုအရ မေ ၇ ရက်တွင် စလင်းကွင်း၌ မြဝတီနှင့် GFA၊ ပဒုမ္မာကွင်း၌ ဟံသာဝတီနှင့် မောရဝတီ၊ မေ ၈ ရက်တွင် စလင်းကွင်း၌ ဒဂုံ FC နှင့်ချင်းယူနိုက်တက်၊ ပဒုမ္မာကွင်း၌ ရခိုင်နှင့် Southern၊ မေ ၉ ရက်တွင် ပဒုမ္မာကွင်း၌ Horizon နှင့် ယူ-၁၉အသင်းတို့ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မောရဝတီ၊ ဒဂုံအသင်းနှင့် Horizon အသင်းတို့မှာပထမအဆင့်မှ တက်ရောက်လာခြင်းဖြစ်ပြီး ကျန်အသင်းများမှာ ဒုတိယအဆင့်မှ စတင်ကစားရခြင်းဖြစ်သည်။

ပွဲစဉ်မဲနှိုက်ပွဲကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်အောင်နှင့် အမှုဆောင်များ၊ Ooredoo မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

(ချစ်ကိုကို)

ပညာနှင့် စွမ်းဆောင်မှု

ထက်နိုင်

လောကီရေးရာနှင့် လောကုတ္တရာရေးရာတို့တွင် အောင်မြင်မှုရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် ကြိုးပမ်းစွမ်းဆောင်ကြရာ၌ ဖွဲ၊ လုံ့လ၊ ဝီရိယရှိရုံသက်သက်ဖြင့် မရနိုင်ဘဲ ပညာဖြင့် မှန်ကန်စွာစဉ်းစားဆင်ခြင် ဝေဖန်ပိုင်းခြား ခွဲခြားသိမြင် ကြိုးပမ်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ ပညာခေတ်တွင် ပညာဖြင့် စဉ်းစားဆင်ခြင် ဝေဖန်ပိုင်းခြား သိမြင်စွမ်းဆောင်တတ်ရန် ပိုမိုလိုအပ်ပါသည်။

အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသ ဆရာတော်ဟောကြားတော်မူသော **"ဇာတိမြေမှ သာသနာ"** တရားစာအုပ်ငယ်ကို ဖတ်ရှုနာယူရပါသည်။ သာသနာတည်ရေးအတွက် **'ကိုယ်ကျင့်တရားကောင်းအောင်ကြိုးစားခြင်း'**သည် သာသနာတည်အောင် ကြိုးစားခြင်းဟု နာယူမှတ်သားရသည်။ တချို့က "သာသနာတည်တယ်ဆိုတဲ့ အဓိပ္ပာယ်ကို **မသိတဲ့အတွက်ကြောင့် ကိုယ်ကျင့်တရားကောင်းအောင် မကြိုးစားပါဘဲနဲ့ အခြားကိစ္စတွေမှာ ပြိုင်ဆိုင်နေတာမျိုးကတော့ တလွဲဆံပင်ကောင်းနေတာမျိုးဖြစ်တယ်"**ဟု ဆရာတော်က ဟောကြားထားပါသည်။

လူတိုင်း လူတိုင်းအတွက် ကိုယ့်သန္တာန်မှာ သာသနာတည်ရှိအောင် ကြိုးစားအားထုတ်ဖို့ နည်းစနစ်ကို မြတ်စွာဘုရားက ဟောကြားရာ၌ **"သဒ္ဓါ"** စိတ်ဝင်စားမှုသည် အရေးကြီးဆုံးဟု ဆရာတော်က ထောက်ပြသည်။ စိတ်ဝင်စားပြီး အလေးထားစဉ်းစားဆင်ခြင်သွားလျှင် **"ဆန္ဒ"** ဖြစ်ပေါ်လာသည်။ ဆန္ဒဖြစ်လာသည့်အခါ လက်တွေ့ကြိုးစားလာသည်။ ဆက်လက်၍ **"သီလ"** ပြည့်စုံလာပြီး စိတ်နှလုံးကြည်သာလာသည်။ ထိုမှတစ်ဆင့် **"သမာဓိ"** ကျင့်စဉ်ဖြင့် ကျင့်ကြံကြိုးစားအားထုတ်ပါက ဆင်ခြင်ပိုင်းခြားသိမြင်နိုင်သော **"ပညာ"** ကိုရရှိလာသည်။ နိဗ္ဗာန်ရောက်ကြောင်း ကြိုးစားအားထုတ်ကြရာတွင် **စဉ်းစားဆင်ခြင် ဝေဖန်ပိုင်းခြား သိမြင်နိုင်သည့်** ပညာသည် အဓိကကျသည့်အတွက် **"ပညာသာသနာတော်"** ဟူ၍ ဆရာတော်က ပညာကို အထူးပြုဟောကြားထားသည်။

လောကီရေးရာတွင်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ လူတိုင်းသည် ကိုယ်ကျင့်တရားကောင်းမွန်ပြီး ထိုမှတစ်ဆင့် မိမိတို့၏ရည်မှန်းချက်များကို ပြီးမြောက်အောင်မြင်အောင် သီလ၊ သမာဓိ၊ ပညာဖြင့် စွမ်းဆောင်ကြိုးပမ်းအားထုတ်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်ကို ဆရာတော်၏တရားဓမ္မတို့က လမ်းညွှန်ပြနေသကဲ့သို့ နာယူမှတ်သားမိသည်။

အမျိုးသားပညာရေးကို မြှင့်တင်ရာ၌ ပညာဟူသော စဉ်းစားဆင်ခြင် ဝေဖန်ပိုင်းခြား သိမြင်နိုင်သည့် အလေ့အကျင့်ကိုရရှိအောင် သင်ကြားလေ့ကျင့်ပေးရန် လိုအပ်မည်ဖြစ်သည်။ ယနေ့ပညာလောကတွင် ပြုပြင်စရာတွေက များပြားလှသဖြင့် မိဘ၊ ဆရာ၊ ကျောင်းသားအပေါင်းတို့က ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် ပထမဦးစွာ ကြိုးပမ်းဆောင်ရွက်ကြရန်လိုသည်။ ထိုမှတစ်ဆင့် မိဘနှင့် ဆရာတို့ကလည်း ပညာရေးတွင် စိတ်ဝင်စားရန် လိုအပ်သကဲ့သို့ ကျောင်းသား ကျောင်းသူများကလည်း စိတ်ဝင်စားစွာဖြင့် သင်ကြားလေ့ကျင့်ရန်လိုသည်။ အလွတ်ကျက်မှတ်၍ အောင်လက်မှတ်ရရုံအဆင့်မှ လုပ်ငန်းခွင်အတွင်းနှင့် ဘဝတစ်သက်တာအတွက် လူမှုစီးပွားဘဝအထွေထွေနှင့် ပြဿနာအရပ်ရပ်ကို ရင်ဆိုင်ဖြေရှင်းစွမ်းဆောင်နိုင်စွမ်းရှိသော လူချွန်လူကောင်းများ ဖြစ်လာရန်လိုသည်။ သို့မှသာ လူမှုစီးပွား ဆင်းရဲနိမ့်ကျခြင်းက လွတ်ကင်းပြီး တိုင်းပြည်ပါ တိုးတက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် **အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက** ဟူသော ဆောင်ပုဒ်နှင့်အညီ ကိုယ်ကျင့်တရားကောင်းရန်အတွက် စိတ်ဓာတ်၊ စည်းကမ်း၊ အကျင့်စာရိတ္တ ကောင်းမွန်ရေးနှင့် စဉ်းစားဆင်ခြင် တီထွင်ကြံဆနိုင်မည့် ဉာဏ်ပညာများဖွံ့ဖြိုးလာစေနိုင်မည့် ဘာသာရပ်များနှင့် သင်ကြားလေ့ကျင့်သည့် နည်းစနစ်များကိုပြုပြင်ပြောင်းလဲဆောင်ရွက်ကြရမည်ဟု ယူဆပါသည်။

မျက်မှောက်ခေတ်တွင် တိုးတက်ထွန်းကားမှုများကို တွေ့ရှိနေရသကဲ့သို့ ဆုတ်ယုတ်နေမှုများစွာကိုလည်း တွေ့မြင်နေရသည်။ မင်္ဂလာရှိသော မြင်ကွင်းများကိုမြင်တွေ့နေရသလို စိတ်မချမ်းမြေ့ဖွယ်မြင်ကွင်းများကိုလည်း သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြားတို့တွင် ဖတ်ရှုမြင်တွေ့နေရသည်။ ယခုရက်ပိုင်းတွင် ဘက်စုံထူးချွန်မောင်မယ်များ၊ ထူးချွန်ကြက်ခြေနီလူငယ်များ၊ ကင်းထောက်လူငယ်များ၏သတင်းများ၊ စာတတ်မြောက်ရေးလှုပ်ရှားမှုသတင်းများ၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးက မိမိတို့ဆိုင်ရာလုပ်ငန်းကဏ္ဍအသီးသီး၌ ထူးချွန်အောင်မြင်စွာ စွမ်းဆောင်နေကြသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်နေမှုသတင်းများကို မင်္ဂလာရှိသောသတင်းများ၊ မြင်ကွင်းများအဖြစ် ဖတ်ရှုမြင်တွေ့ရသဖြင့် ဝမ်းသာပီတိဖြစ်ရသည်။

နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်ဦးဆောင်၍ ဘက်စုံထူးချွန်လူငယ်၊ ထူးချွန်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များကို အားပေးချီးမြှင့်နေသည်ကို တွေ့ရှိရသည်။ နိုင်ငံတော်အစိုးရက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ချမှတ်လုပ်ဆောင်လာခြင်းသည် အမျိုးသားပညာရေးအတွက်သာမက အမျိုးသားအကျိုးစီးပွားအတွက် အလားအလာကောင်းသော အခြေခံအုတ်မြစ်ချမှတ်ပေးနေခြင်းဟု မှတ်ယူပါသည်။

အလားတူ မြန်မာ့စီးပွားရေးမြင့်မားတိုးတက်ရေးအတွက် စွမ်းဆောင်ပေးကြမည့်သူများသည် စိုက်ပျိုးထုတ်လုပ်နေသော တောင်သူလယ်သမား၊ အလုပ်သမားများမှအစ စီးပွားရေးလုပ်ငန်းရှင်များအထိပါဝင်သည်။ စီးပွားရေးလုပ်ကြရာတွင် စီးပွားရေးကျင့်ဝတ်ကောင်းကြမှ စီးပွားရေးဝန်းကျင်ကောင်းမည်၊ စီးပွားရေးဝန်းကျင်ကောင်းမှ လုပ်ငန်းကိုင်ငန်းများတိုးတက်ပြီး အခြားနိုင်ငံကို ယှဉ်ပြိုင်ပြီးဈေးကွက်ဝင်ရောက်နိုင်မည်။ ဆူလွယ်နပ်လွယ် စီးပွားရေးလုပ်ငန်းထက် ကုန်ထုတ်လုပ်မှုမြှင့်တင်နိုင်မှု၊ အရည်အသွေးနှင့် တီထွင်ဆန်းသစ်မှုတို့ဖြင့်သာ ရေရှည်စီးပွားရေးဖွံ့ဖြိုးမည်ဖြစ်သည်။ လွယ်လွယ်နှင့် အချိန်တိုအတွင်း မဖြစ်နိုင်သော်လည်း စီးပွားရေးအသင်းအဖွဲ့များက ဦးဆောင်ပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုအတွက် ပဏ္ဏာမရွေးချယ်ထားသူများ၏ ကြိုးပမ်းမှုများအား ရုပ်မြင်သံကြား၌ ကြည့်ရှုရာ တစ်ခဏဖြင့် အောင်မြင်လာသူများ မဟုတ်သည်ကို လေ့လာတွေ့မြင်ရသည်။

ဘက်စုံထူးချွန်လူငယ်၊ ထူးချွန်ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များသည် အာရုံစူးစိုက်၊ ဝီရိယစိုက်ထုတ်ကြိုးပမ်းမှသာလျှင် မိမိတို့ ရည်မှန်းချက်ကို ရောက်ရှိနိုင်မည်ဟူသော စဉ်းစားဆင်ခြင် ဝေဖန်ပိုင်းခြားသိမြင်သည့် ဉာဏ်ပညာဖြင့် လုံ့လ၊ ဝီရိယစိုက်ထုတ်ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသဖြင့် အသိအမှတ်ပြုဂုဏ်ပြုခံရခြင်းဖြစ်သည်။ အလားတူအောင်မြင်မှုရရှိလာသော နိုင်ငံ့စွမ်းဆောင်ရှင်များသည်လည်း ငယ်စဉ်အချိန်မှစ၍ ဖွဲ၊ လုံ့လ၊ ဝီရိယဖြင့်ကြိုးစားမှုသက်သက်သာမဟုတ်ဘဲ စဉ်းစားဆင်ခြင်ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည့်ပညာဖြင့် စွမ်းဆောင်ခဲ့ရသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်သည်။ ထိုသူတို့၏ ကြိုးပမ်းအားထုတ်ဆောင်ရွက်မှုများသည် ၎င်းတို့တစ်ဦးချင်းအတွက်သာမက နိုင်ငံနှင့်လူမျိုးအတွက် ကြိုးပမ်းပေးမှုအဖြစ်လည်း မှတ်ယူနိုင်သည်။ ထို့ကြောင့်ပင်လျှင် နိုင်ငံတော်က ချီးမြှောက်သင့်သူများကို ချီးမြှင့်ဂုဏ်ပြုပေးခြင်းဖြစ်သည်။ ထိုသူတို့ကို အတုယူ၍ အခြားသော နိုင်ငံသားကောင်းရတနာများစွာနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပေါ်ထွန်းရေးအတွက် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါသည်။

မြို့ပြကျေးရွာဒေသအသီးသီးရှိ တာဝန်ရှိအဖွဲ့အစည်းများနှင့် ပြည်သူများသည် မိမိတို့၏ မြို့ပြကျေးရွာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဉာဏ်ပညာဖြင့် ဝေဖန်ပိုင်းခြားစွမ်းဆောင်ကြိုးပမ်းကြမှသာလျှင် မိမိတို့ရည်မှန်းသည့် ပြည်သူတို့၏ လူနေမှုအဆင့်အတန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို ရရှိနိုင်မည်ဖြစ်သည်။ ထိုသို့ ဉာဏ်ပညာဖြင့် စဉ်းစားဆင်ခြင်ဝေဖန်ပိုင်းခြားညှိနှိုင်းဆောင်ရွက်ခြင်းမရှိပါက မြေသယံဇာတ၊ ရေသယံဇာတ၊ စွမ်းအင်၊ သတ္တု၊ သစ်တော အစရှိသည့် သယံဇာတအရင်းအမြစ်များကို ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် ထိန်းသိမ်းနိုင်စွမ်းရှိမည်မဟုတ်သည့်အပြင် သယံဇာတကျိန်စာဟူသော သဘာဝဘေးအန္တရာယ်များနှင့် ပြဿနာရပ်များစွာကို အနာဂတ်တွင် ရင်ဆိုင်ရဖွယ်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်က မြို့ပြကျေးရွာဖွံ့ဖြိုးတိုးတက်မှုအစီအမံများရေးဆွဲလျက် သယံဇာတအရင်းအမြစ် စီမံခန့်ခွဲမှုများကို စနစ်တကျဆောင်ရွက်တတ်စေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေး စီမံနေသည်ကို လေ့လာတွေ့ရှိရသည်။

ဤနေရာတွင် မြို့ပြကျေးရွာများရှိ တာဝန်ရှိအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် ပြည်သူများ၏ စဉ်းစားဆင်ခြင်ဝေဖန်ပိုင်းခြားညှိနှိုင်းဆောင်ရွက်နိုင်သည့် **ပညာနှင့် စွမ်းဆောင်မှုအရည်အသွေးသည် အဓိကကျသည်။** ထို့အပြင် အကောင်းဆုံးမြို့ပြကျေးရွာများအား နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပေးခြင်းဖြင့် အပြိုင်အဆိုင်ကြိုးစားမှုမှတစ်ဆင့် အခြားနိုင်ငံများကို ရင်ပေါင်တန်းလာနိုင်မည်ဖြစ်သည်။

အချုပ်ဆိုရလျှင် ဆရာတော်၊ သံဃာတော်များသည် တရားဓမ္မတို့ဖြင့် လူသားတို့၏ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ မှန်ကန်စွာစဉ်းစားဆင်ခြင် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိစေမည့်ပညာတို့ကိုအလေးထားလမ်းညွှန်လျက်ရှိသည်။ ထိုဆရာတော်များသည် လူသားတို့၏လောကီအကျိုး၊ လောကုတ္တရာအကျိုးတို့အတွက် များစွာအထောက်အပံ့ပြုလျက်ရှိသည်။ **လက်တွေ့ကျင့်သုံးလိုက်နာကြလျှင်၊ ပုဂ္ဂိုလ်တစ်ဦးချင်း ကိုယ်ကျင့်တရားကောင်းမွန်လာပြီး စဉ်းစားဆင်ခြင် ပြုမူကျင့်ကြံနေထိုင်ကြလျှင် ပဋိပက္ခပြဿနာများ လျော့နည်းကောင်းမွန်သော လူ့ဝန်းကျင်အဖွဲ့အစည်းဖြစ်လာပေမည်။**

ကောင်းမွန်သော လူ့အဖွဲ့အစည်းများအားလေ့လာပါက စည်းကမ်း ဥပဒေကို အထူးလိုက်နာကြကြောင်း လေ့လာတွေ့ရှိရသည်။ ထိုအခါ တရားဥပဒေစိုးမိုးလာပြီး နိုင်ငံတည်ငြိမ်အေးချမ်းလာသည်။

နိုင်ငံတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ အခြားနိုင်ငံများအား ရင်ပေါင်တန်း၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ **နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ စဉ်းစားဆင်ခြင်တီထွင်ကြံဆနိုင်စွမ်းရှိသည့် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်များဖြင့် တည်ဆောက်ရမည်ဖြစ်သည်။ စဉ်းစားဆင်ခြင်တီထွင်ကြံဆနိုင်စွမ်းရှိစေရန် ပညာရေးကို မြှင့်တင်ရမည်ဖြစ်သည်။ ယခုအချိန်ကပင်လျှင် လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပြုစုပျိုးထောင်သွားမှသာ ပညာခေတ်၏စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားလျက် တိုင်းပြည်နှင့်လူမျိုးတိုးတက်ရေးအတွက် ပညာဖြင့် စွမ်းဆောင်နိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။** ။

၂၀၁၄ ခုနှစ်
ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်း
၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့မှ မေလ (၄)ရက်နေ့အထိ

မော်တော်ယာဉ်သက်တမ်းတိုးများ ဆောင်ရွက်ပေးမည်

နေပြည်တော် မေ ၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၄ ခုနှစ် မေလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများနှင့် မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်ပေးရေးစီမံချက် (One Stop Service) လုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာထားသည်-

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	နယ်လှည့်(ပုံမှန်)	နယ်လှည့်(ဆိုင်ကယ်စီမံချက်)
၁	ရန်ကုန်တိုင်းဒေသကြီး	တိုက်ကြီး၊ တွံတေး	တွံတေး၊ ခရမ်း၊ သုံးခွ
၂	မန္တလေးတိုင်းဒေသကြီး	မိုးကုတ်၊ ဝမ်းတွင်း၊ နွားထိုးကြီး၊ တံတားဦး	မိုးကုတ်၊ ညောင်ဦး၊ ကျောက်ပန်းတောင်း
၃	ရှမ်းပြည်နယ်	ရပ်စောက်၊ ဖယ်ခုံ၊ လင်းခေး၊ သိန်းနီ၊ မိုင်းဖြတ်	ညောင်ရွှေ၊ ဟိုပုံး၊ ကွမ်းလုံ၊ ဟိုပန်၊ မိုင်းယောင်း၊လောက်ကိုင်၊ နမ့်ဆန်
၄	ကချင်ပြည်နယ်	ပူတာအို၊ ဖားကန့်	ပူတာအို
၅	ကရင်ပြည်နယ်	-	လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီး၊ ဘုရားသုံးဆူ
၆	ချင်းပြည်နယ်	-	မတူပီ၊ မင်းတပ်၊ ကန်ပက်လက်
၇	စစ်ကိုင်းတိုင်းဒေသကြီး	ကနီ၊ ဝက်လက်၊ တမူး	ကောလင်း၊ ဝင်းသို၊ ပင်လည်ဘူး၊ မြောင်၊ တန့်ဆည်၊ ဒီပဲယင်း
၈	တနင်္သာရီတိုင်းဒေသကြီး	ကျွန်းစု	-
၉	ပဲခူးတိုင်းဒေသကြီး	ဒိုက်ဦး၊ ပေါက်ခေါင်း၊ ကျောက်ကြီး	ပေါက်ခေါင်း၊ ကျောက်ကြီး၊ ရွှေကျင်
၁၀	မကွေးတိုင်းဒေသကြီး	တောင်တွင်းကြီး၊ ပေါက်၊ ဂန့်ဂေါ၊ ပွင့်ဖြူ၊ အောင်လံ	တောင်တွင်းကြီး၊ ပေါက်၊ ဂန့်ဂေါ၊ ဆော၊ ဆိပ်ဖြူ
၁၁	မွန်ပြည်နယ်	ကျိုက်ထို	ကျိုက်ထို၊ ဘီးလင်း၊ ပေါင်
၁၂	ရခိုင်ပြည်နယ်	ဘူးသီးတောင်၊ မောင်တော	ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ အမ်း
၁၃	ဧရာဝတီတိုင်းဒေသကြီး	မြောင်းမြ၊ ညောင်တုန်း၊ ကြံခင်း၊ မြန်အောင်	ရေကြည်၊ ငပုတော၊ အင်္ဂပူ၊ ဇလွန်၊ လေးမျက်နှာ

မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ငှက်စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်

နေပြည်တော် မေ ၂

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဝန်ထမ်းများသည် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (FFI) မှ ဂျာမနီနိုင်ငံသား ငှက်ပညာရှင် နှစ်ဦးနှင့်အတူ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် အနီးဝန်းကျင်ဧရိယာများ (ဂယက်ကြီးကျွန်း၊ ငါးမန်းသောင်၊ ကတုံကလေးကျွန်း၊ ကျွန်းသာယာ)တွင် ငှက်မျိုးစိတ်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို မကြာမီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခု ကောက်ယူရရှိသည့် စာရင်းများအရ ဆောင်းခိုငှက် မျိုးစိတ်များမှာ ယခင်နှစ် အလားတူကာလထက် ပိုမိုများပြားစွာ တွေ့ရှိရကြောင်း၊ အဓိကတွေ့ရှိရသော ဆောင်းခိုငှက် မျိုးစိတ်များမှာ ခရုစုပ်ခေါင်းမဲ (Black-headed Ibis)၊ ခရုတုတ် (Asian Open-bill)၊ ဇင်ယော်ကြီး (Brown-headed Gull)၊ (Black-headed Gull)၊ (Pallas's Gull)၊ မြစ်တွေး (Capian Tern)၊ နှုတ်သီးကောက်(Eurasian Curlew)၊ (Whimbrel) စသော မျိုးစိတ်များအား ရာနှင့်ချီသော အုပ်စုများအဖြစ် ပေါများစွာ တွေ့ရှိခဲ့ကြောင်း၊ ငါးမန်းသောင်ဧရိယာတွင် မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသော မျိုးစိတ် (Critically endangered species) စာရင်းဝင် ဆောင်းခိုငှက်မျိုးစိတ်များဖြစ်သော ရေညှောင့်နှုတ်သီးဝိုင်း(Spoon-billed Sandpiper)တစ်ကောင်နှင့် မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်(Endangered species) စာရင်းဝင်ကမ်းခြေငှက် (Nordman's Green-shank) ၂၅ ကောင်တို့အား ၂၀၁၃ ခုနှစ် နိုဝင်ဘာလစာရင်းကောက်ယူစဉ် တွေ့ရှိခဲ့သောတည်နေရာနှင့် ၁ ဒသမ ၅ ကီလိုမီတာခန့်အကွာ နေရာတွင် တွေ့ရှိခဲ့ရကြောင်း၊ ယင်းသို့တွေ့ရှိရခြင်းသည် ဆောင်းခိုငှက်မျိုးစိတ်များ ဆောင်းရာသီကာလတစ်လျှောက်လုံး ကျက်စားနေထိုင်မှု အထောက်အထားတစ်ရပ်ဖြစ်၍ အဖိုးတန်မှတ်တမ်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျွန်မနှင့် လူရည်ချွန်

ခင်ဆွေမြင့်(မြန်မာစာ)

လူရည်ချွန် × × × လူရည်မွန်
မြင့်မြတ်ဝင့်ကြွား × × စိတ်ထားတံခွန် × ×
ပြည်သူ့သားကောင်းအမွန် × ×
အရာရာမှာ အများထက်ထူးချွန် × ×
စာနာစိတ်ပွားလို့ကျိုးနွံ × ×
နိုင်ငံအတွက် သားကောင်းသမီးမွန် × ×
ဖြစ်အောင်အားသွန်
တို့များ လူရည်ချွန် × × ×

နှစ်ကာလကြာညောင်းပြီဖြစ်သောကြောင့် အချို့သော စကားလုံးများပင် မေ့လျော့နေပြီဖြစ်သော ဤသီချင်းကို ယခုကာလရက်များအတွင်း ကျွန်မ၏ စိတ်တွင်းမှ မကြာခဏဆိုသလို သီဆိုနေမိပါသည်။

၁၉၆၄ မှ ၁၉၈၈ ထိ ပွင့်လန်းခဲ့ပြီးနောက် အိပ်ပျော်သွားခဲ့သော ပန်းအလှပျိုးပင်များသည် ၂၀၁၃၊ ၂၀၁၄ ခုနှစ်များတွင် ပြန်လည်နိုးထလာကြပြီး ပွင့်သစ်များဝေဆာဖူးပွင့်လာခြင်းကို မြင်တွေ့ရသောအခါ-

ကျွန်မတို့တက္ကသိုလ်ကျောင်းသူဘဝ လူရည်ချွန်စခန်းများတွင် အားရပါးရသံပြိုင်သီဆိုခဲ့ကြသော "လူရည်ချွန်" သီချင်းသည်လည်း ပြန်လည်အသက်ဝင်လာခြင်းဖြစ်ပါသည်။

တကယ်တော့ နှစ်ပေါင်းလေးဆယ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သောကာလက အတွေ့အကြုံများ၊ ခံစားမှုများ၊ ကြိုးစားအားထုတ်မှုများ၊ မျှော်လင့်ချက်များ၊ ရည်မှန်းချက်များ စသည်များသည် ဤသီချင်းနှင့်အတူ ပြန်လည်ဆန်းသစ်လာခြင်းဖြစ်ပါသည်။

လူရည်ချွန်စီမံကိန်းများ စတင်သောနှစ်များတွင် ကျွန်မတက္ကသိုလ်သို့ စတင်ရောက်ခဲ့ပါသည်။ သိပ်တတ်ချင်သော တက္ကသိုလ်ပညာ၊ ဝါသနာပါသော အနုပညာနှင့် ဖေဖေနှင့်မေမေ၏ အမွေအနှစ်ဖြစ်သော လူမှုရေးလုပ်ငန်းများ၊ အသင်းအဖွဲ့အလုပ်များကို အလွန်လုပ်ချင်သောစေတနာတို့ကြောင့် တက္ကသိုလ်ကျောင်းသူ သစ်လွင်ဘဝတွင်ပင် ဘယ်သောအခါမျှမအားလပ်ခဲ့သော ကျွန်မသည် "လူရည်ချွန်"ဟူသည် ကျွန်မနှင့်မဆိုင်ဟုပင် ထင်ခဲ့ဟန်ရှိပါသည်။

ကျွန်မဒုတိယနှစ်ကျောင်းသူဘဝ ၁၉၆၆ ခုနှစ်တွင် အကြိုလူရည်ချွန်အဖြစ် ရွေးချယ်ခံရပြီး လူတွေ့စစ်မေးခံရသော အခါကျမှ " လူရည်ချွန်"ကို ကျွန်မစိတ်ဝင်စားလာပါသည်။

အမှန်အတိုင်းပြောရလျှင် ကျွန်မ"လူရည်ချွန်" ဖြစ်ချင်လာပါသည်။

စာမေးပွဲရမှတ်များကောင်းသော ဘာသာရပ်အသင်း၊ စာပေအသင်းအလုပ်များတွင် ပျော်ဝင်သော၊ ကဗျာတွေ၊ စာတွေရေး၊ စာပေပြိုင်ပွဲများတွင် ဆုတွေရ၊ အနုပညာအသင်းတွင် ဆိုကနေသောကျွန်မကို ဆရာဆရာမများ၊ သူငယ်ချင်းများက "တစ်"ပေးခဲ့ကြပါသည်။

သို့သော် ထိုနှစ်က ကျွန်မအရွေးချယ်မခံခဲ့ရပါ။

တစ်ကျောင်းလုံးတွင်မှ လူရည်ချွန်နှစ်ယောက်သာ ရွေးခွင့်ရသော မော်လမြိုင်ကောလိပ်တွင် ပထမနှစ်အတွက် ရွေးချယ်ပြီးသူမှာ မြန်မာစာအဓိကကျောင်းသူဖြစ်ပါသည်။ မြန်မာစာအဓိကချည်း နှစ်ယောက်ဆိုလျှင် မသင့်လျော်ဟု ရွေးချယ်ရေးအဖွဲ့က စဉ်းစားခဲ့သောကြောင့် ကျွန်မနှင့်အမှတ်တူသော အင်္ဂလိပ်စာအဓိကမှ ကျောင်းသူကို ရွေးချယ်လိုက်ပါသည်။

စာတော်ပြီး ပျော်ပျော်ရွှင်ရွှင်နေတတ်သော "ဆင့်ဆင့်"သည် စိတ်သဘောကြည်လင်ဖြူစင်သူဖြစ်ပါသည်။ "တို့ထက် "ဆွေ"က ပိုသင့်တော်တာပါ" ဟု ပြောခဲ့သော သူ့စကားသည် ဆက်ကျော်သက်အရွယ် လူရည်ချွန်တစ်ယောက်၏ စိတ်သဘောထားကြီးမှုကို ဖော်ပြခဲ့ပါသည်။ ကျွန်မကိုယ်တိုင်ပင် ဝမ်းနည်းခြင်း၊ ရှက်ခြင်း၊ မလိုတမာဖြစ်ခြင်းများ မည်သို့မျှမခံစားရဘဲ ထိုကာလများကို အေးချမ်းစွာဖြတ်သန်းခဲ့ပါသည်။ "ဆင့်ဆင့်"ကိုလည်း ကျွန်မပိုချစ်သွားပါသည်။

တတိယနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ပြောင်းရွှေ့တက်ရောက်ခဲ့ရပါသည်။ အရှိန်အဝါကြီးမားလှသော ရန်ကုန်တက္ကသိုလ်တွင်လည်း စာသိပ်တတ်ချင်သောကြောင့် အတန်းတွေမပျက်အောင် တက်တတ်သော ကျွန်မသည် စာကြည့်တိုက်သွား၊ စာပေဟောပြောပွဲများ လိုက်နားထောင်၊ အနုပညာအသင်းမှာ သင်တန်းများတက်၊ ကဗျာရေး စာရေး၊ စာပေပြိုင်ပွဲတွေဝင် စသောအလုပ်များဖြင့် ပတ်ဝန်းကျင်ကို အာရုံမထားနိုင်ခဲ့ပါ။

သို့သော် စတုတ္ထနှစ်ရောက်သောအခါ. . .

တတိယနှစ် စာမေးပွဲရမှတ်များကို အခြေခံပြီး ပထမဆင့်အတွက် ရွေးချယ်ရာတွင် ကျွန်မအကြိုလူရည်ချွန်အဖြစ် အရွေးခံရပါသည်။

မြန်မာစာဌာနမှ ဆရာ ဦးစိုးမြင့်၊ ဆရာဦးစောထွန်း၊ ဆရာမများဖြစ်သော မမပို၊ မမဒေါ်ခင်ခင်အေး၊ မမဒေါ်ခင်သောင်းယဉ်၊ မမဒေါ်အုန်းကြင်စသော ကျွန်မ၏ချစ်သော ဆရာ ဆရာမများက လူတွေ့နှုတ်ဖြေ ဖြေဆိုရမည့် ကျွန်မကို ဝိုင်းဝန်းအားပေးကြပါသည်။

အချို့သော သူငယ်ချင်းများက "သူ့လူနဲ့သူ ရွေးပြီးဖြစ်မှာပါ။ ဝင်ဖြေမနေနဲ့"ဟု ကြားဖူးနားဝများဖြင့် ကျွန်မကို တားကြပါသည်။

တချို့ကလည်း "လူရည်ချွန်ဆိုတာ တောင်တက်ရလမ်းလျှောက်ရနဲ့ ပင်ပန်းတယ်၊ တို့တော့ မရချင်ပေါင်" ဟု မှတ်ချက်ပေးကြပါသည်။

နောက်ဆုံးတွင်မူ ကိုယ့်ပါမောက္ခမှလွဲ၍ တစ်ယောက်ကိုမျှ မသိသော ရွေးချယ်ရေးအဖွဲ့ဝင် ပါမောက္ခချုပ်နှင့် ပါမောက္ခဆရာကြီးများက မေးမြန်းသည့် မေးခွန်းများကို သွက်သွက်လက်လက် ဖြေဆိုပြီးနောက် မော်လမြိုင်နယ်ကျောင်းသူ ကျွန်မ ခင်ဆွေမြင့်သည် ရန်ကုန်တက္ကသိုလ်၏ စတုတ္ထနှစ် လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရပါသည်။

ကျွန်မ အလွန်ပျော်သွားပါသည်။

လူတကာတွေ အမျိုးစုံပြောဆိုကြသော လူရည်ချွန်ရွေးချယ်ရေးစင်မြင့်ပေါ်တွင် နယ်မှလာသော၊ ဘယ်သူ့ကိုမျှမသိသော၊ ကျောင်းဆရာတစ်ဦး၏ သမီးမျှသာဖြစ်သော ကျွန်မသည် သမိုင်းအစဉ်အလာကြီးမားလှသည့် ရန်ကုန်တက္ကသိုလ်၏ လူရည်ချွန်ဖြစ်ပါပြီ။

ဖေဖေနှင့် မေမေ ဝမ်းသာကြည်နူးနေကြပါသည်။

ဒုတိယနှစ်တုန်းက ကျွန်မကို မရွေးလိုက်ရ၍ စိတ်မကောင်းဖြစ်နေသော မော်လမြိုင်ကောလိပ်ကျောင်းအုပ်ဆရာကြီး ဦးလှရွှေသည်လည်း ဝမ်းသာနေပါသည်။ စာသင်ခန်းထဲတွင် စာသင်ရင်း ဝမ်းမြောက်ဂုဏ်ယူကြောင်း မကြာခဏ ပြောသည်ဟု သိခဲ့ရပါသည်။

မူလတန်းကတည်းက ကျောင်းအတူတက်ခဲ့သော သိန်းဌေး(စက်မှုတက္ကသိုလ်)က "ငါတို့ ကျောင်းကို လူရည်ချွန်ရကြတဲ့ နင်နဲ့ ထွန်းနောင်(တက္ကသိုလ်ထွန်းနောင်) တို့က ဂုဏ်ဆောင်လို့ ကျေးဇူးတင်တယ် ခင်ဆွေမြင့်"ဟု လှိုက်လှိုက်လှဲလှဲ ပြောပါသည်။

လူရည်ချွန်ဂုဏ်ပြုပွဲတွင် မြန်မာစာအသင်းဥက္ကဋ္ဌ ဆရာမကြီး ဒေါ်ပိုက ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန၏ "တစ်ဦးတည်းသော လူရည်ချွန်"ဟု ဂုဏ်ပြုစကား ပြောပါသည်။ ကျွန်မမမေ့နိုင်သော စကားတစ်ခွန်းဖြစ်ခဲ့ပါသည်။

အင်းလေးခေါင်တိုင်စခန်းသို့ ကျွန်မတို့သွားခဲ့ရပါသည်။ ရန်ကုန်-ပုဂံဆောင်ဝင်းအတွင်း စုပေါင်းလူရည်ချွန်စခန်းတွင်လည်း နေခဲ့ကြရသည်။

ဘာသာရပ်အသီးသီးမှ ကျွမ်းကျင်သူများ၏ ဟောပြောပို့ချချက်များစွာကို နားထောင်မှတ်သားခဲ့ကြသည်။ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ လေ့လာရေးခရီးစဉ်များစွာသွားခဲ့ကြရသည်။ ပြည်သူတို့၏ လူနေမှုဘဝ၊ လုပ်ငန်းခွင်ဘဝများကို လေ့လာသိရှိခဲ့ကြသည်။

တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံမှ လူရည်ချွန်အချင်းချင်း သိကျွမ်းခင်မင်ခဲ့ကြသည်။ တစ်ဦးကိုတစ်ဦး လေးစားကြသည်။ ရိုင်းပင်းကြသည်။ အတူစား အတူသွား အတူဆို အတူကရင်း ပျော်ခဲ့ကြသည်။

မလိုမုန်းထား အမူအရာများကို မတွေ့ခဲ့ရပါ။ ထေ့ငေါ့သရော်သော ပြောစကားများကို မကြားခဲ့ရပါ။ အတင်းအဖျင်း စကားများလည်း မပြောခဲ့ကြပါ။

ဆယ်ကျော်သက်အရွယ်မျှသာရှိသော **အနာဂတ်ဘဝခရီးတွင် နိုင်ငံတော်အတွက် အလုပ်လုပ်ကြမည်ဖြစ်သောသူများ၏ စိတ်ဓာတ်၊ ကိုယ့်ကျင့်တရား၊ လူ့ကျင့်ဝတ်စောင့်ထိန်းမှု၊ စွမ်းရည်ထက်မြက်မှု၊ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်၊ လောကကို ချစ်သောစိတ်စသည်များ ဖြစ်တည်ပွားများ ခိုင်မာလာရေးအတွက် လူရည်ချွန်ဆု၊ လူရည်ချွန်စခန်း၊ လူရည်ချွန်စီမံကိန်း၏ ပြုစုပျိုးထောင်မှုများက အလွန်နက်ရှိုင်းစွာ အုတ်မြစ်ချပေးခဲ့ပါသည်။**

အနှစ်လေးဆယ်ကျော်ခရီးကို ပြန်လည်ကြည့်လိုက်သောအခါ ကျွန်မသိသော ၁၉၆၈ အင်းလေးခေါင်တိုင်စခန်းမှ လူရည်ချွန်သူငယ်ချင်းများစွာသည် ဘာသာရပ်နယ်ပယ်၊ ပညာရပ်နယ်ပယ်၊ လူမှုရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်စသော မိမိတို့ ကျင်လည်ရာ နယ်ပယ်အသီးသီးတွင် ထင်ရှားအောင်မြင်ကြသူများဖြစ်ကြသည်ကို တွေ့မြင်ရပါသည်။

မန္တလေးတက္ကသိုလ်မှ ကိုတင်လှိုင်သည် "လယ်တွင်းသားစောချစ်"၊ ဆေးတက္ကသိုလ်မှ ကိုသန့်လွင်မောင်သည် "စာပေသဘောတရား စာရေးဆရာကိုတာ"၊ မြို့မဦးဘိုခင်၏သမီး ဝါဝါခင်သည် ဓာတုဗေဒပါမောက္ခ "ဒေါက်တာဝါဝါခင်"၊ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒကျောင်းသူ ရင်ရင်နွယ်သည် ငြိမ်းချမ်းရေး၊ တိုင်းရင်းသားရေး၊ ပညာရေးကိစ္စများတွင် စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်နေသော "ဒေါက်တာရင်ရင်နွယ်"၊ ပညာရေးတက္ကသိုလ်မှ ထူးထူးအောင်သည် ပါမောက္ခချုပ် "ဒေါက်တာထူးထူးအောင်"၊ တောင်ကြီးကောလိပ်မှ ကိုမြမောင်သည် မြန်မာစာပါမောက္ခ "ဒေါက်တာမြမောင်"၊ မော်လမြိုင်ကောလိပ်မှ ခင်သန်းနွယ်သည် "ပါမောက္ခ ဒေါ်ခင်သန်းနွယ်"၊ ဓာတုဗေဒကျောင်းသူ ခင်ခင်စောသည် "ပါမောက္ခ ဒေါက်တာခင်ခင်စော"၊ မကွေးကောလိပ်မှမခင်ဖြူသည် "ပါမောက္ခဒေါက်တာဒေါ်ခင်ဖြူ" စသည်ဖြင့် ထူးချွန်ထက်မြက်သော ပညာရှင်များဖြစ်လာကြပါသည်။

ဆေးပညာနယ်ပယ်၊ စက်မှုအင်ဂျင်နီယာနယ်ပယ်၊ စိုက်ပျိုးမွေးမြူရေးနယ်ပယ်များမှ ဒေါက်တာအောင်ထွန်း၊ ဒေါက်တာမော်မော်ဝင်း၊ ဒေါက်တာခင်အုန်းဟန်၊ ဒေါက်တာဝင်းဝင်းမြင့်၊ ဒေါက်တာသင်းသင်းလင်း၊ ဒေါက်တာခင်မမ၊ ဦးမြင့်သင်း စသူများသည်လည်း ပညာအရည်အသွေးဖြင့် လူ့လောကတာဝန်ကို ထက်ထက်မြက်မြက် ထမ်းဆောင်နိုင်ခဲ့ကြသူများဖြစ်ပါသည်။

အကြောင်းမကြုံ၍ လူရည်ချွန်မဖြစ်လိုက်ရသော်လည်း နိုင်ငံ့တာဝန်၊ လူမှုတာဝန်များကို မဆုတ်မနစ်ထမ်းဆောင်ကြသော ပြည်သူများစွာ၊ ထူးချွန်ထက်မြက်သူများစွာ၊ ပညာရှင်များစွာတို့ကဲ့သို့ပင် လူရည်ချွန်များစွာသည် နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်း၊ လူမှုလောကဝန်ထမ်းများ ဖြစ်ကြပါသည်။

လူရည်ချွန်ဟူသည် မာနတက်ရမည်မဟုတ်ပါ။ သီးခြားလူတန်းစားများမဟုတ်ပါ။ လူ့လောကကို စွန့်ခွာသည့်အချိန်အထိ နိုင်ငံအတွက်၊ လူမျိုးအတွက်၊ ပညာရပ်အတွက် မိမိစွမ်းနိုင်သမျှ လုပ်ဆောင်ကြရမည့်သူများဖြစ်ပါသည်။ မိမိ၏ဂုဏ်ရည်၊ လူရည်ချွန်၏ဂုဏ်ရည်ကို ထိန်းသိမ်းကြရမည့်သူများဖြစ်ပါသည်။

တစ်ခေတ်တစ်ခါက လူရည်ချွန်ဆီမီးတန်ဆောင်ကို ပြန်လည်ထွန်းညှိကြသော ယနေ့ "ဘက်စုံပညာထူးချွန်လူငယ်များ"သည်လည်း မိမိတို့၏ အနာဂတ်ဘဝခရီးတစ်လျှောက်လုံးတွင် မြန်မာနိုင်ငံတော်နှင့် မြန်မာပြည်သူများအတွက် လှပသော အနာဂတ်ကို ဝိုင်းဝန်းဖန်တီးတည်ဆောက်ကြမည့် အမာခံစွမ်းရည်ရှင်များ ဖြစ်ကြရမည်ဖြစ်ပါသည်။

အင်းလေးခေါင်တိုင်စခန်းတွင် စခန်းဝင်စဉ်က ကျွန်မတို့လူရည်ချွန်များအား တောင်ကြီးကောလိပ်ကျောင်းအုပ်ကြီး ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်က လေးချိုးကဗျာတစ်ပုဒ်ဖြင့် ဂုဏ်ပြုနှုတ်ခွန်းဆက်ခဲ့ပါသည်။ ဆရာကြီး၏ ကဗျာတစ်ပိုဒ်ဖြင့် ကျွန်မနိဂုံးချုပ်ချင်ပါသည်။

"အရွယ်နုသော်လည်း
ဘယ်အမှု ဘယ်ဝန်လာတော့
ကြယ်တံခွန် စွန်လိုသုတ်ချင်သတဲ့
အဟုတ်ပင် ယုံသည့် အခင်းရယ်ကြောင့်
ကျွန်ုပ်ရင် ထုံလို့သင်းမိရဲ့
အဆင်းအိသမျှ - အချင်းလည်းရှိတဲ့
တင်းပြည့်ကျပ်ပြည့် လူရည်အချွန်အမွန်လေး။ ။"

ဟူသော ကဗျာပိုဒ်လေးဖြစ်ပါသည်။

ကြယ်တံခွန် စွန်လိုသုတ်နိုင်ကြသော ဘက်စုံပညာထူးချွန်သူများ အပါအဝင် ယနေ့ မြန်မာတိုင်းရင်းသားလူငယ်များ၏ လက်တွင်းသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို စိတ်ချလက်ချ အပ်နှံသွားချင်လှပါသည်။ ။

ကျိုက်ပေါ်လောမှဲ့ရှင်တော်ဘုရား ဝန်ထမ်းများ၏ ရိုးသားမှု

ရန်ကုန် မေ ၂

မွန်ပြည်နယ် ကျိုက်ထိုမြို့ ကျိုက်ပေါ်လောမှဲ့ရှင်ဘုရားသည် ဆံတော်ရှင် ကျိုက်ထီးရိုးဘုရားဖူးခရီးစဉ်တွင် တစ်ထောက်ရပ်နား ဘုရားဖူးရာစခန်းတစ်ခုဖြစ်သည်။ ကျိုက်ပေါ်လောမှဲ့ရှင်ဘုရား ဂန္ဓကုဋိတိုက်ကျောဘက်တွင် ရှေးနှစ် ပေါင်း ၈၀ ကျော်က စတင်တည်ထားခဲ့သော်လည်း ပြီးပြတ်မှု မရှိသေးသည့် ဗုဒ္ဓဂယာမဟာဗောဓိပုံတူစေတီတော်ကြီးကလည်း ယခုအခါ ပြီးပြည့်စုံစွာဖူးမြော်ပူဇော်နိုင်ပြီဖြစ်သည်။ ကျိုက်ပေါ်လောမှဲ့ရှင် ဘုရားစောင်းတန်းတွင် ဧပြီ ၂၇ ရက် (တနင်္ဂနွေနေ့)က ဘုရားဖူးများထံမှ ကျကျန်ရစ်ခဲ့သော ရွှေထည်ပစ္စည်းတစ်ခုကို ဂေါပကအဖွဲ့ ဝန်ထမ်းတစ်ဦးက တွေ့ရှိခဲ့သဖြင့်ဂေါပကအဖွဲ့ထံသို့ အပ်နှံထားသည်။ ပစ္စည်းပိုင်ရှင်သည် အထောက်အထားခိုင်လုံစွာဖြင့် ဂေါပကအဖွဲ့ထံသို့ ဆက်သွယ်၍ ပြန်လည်ရယူနိုင်ကြောင်း၊ ဂေါပကအဖွဲ့နှင့်ဝန်ထမ်းများ၏ ရိုးသားမှုသည်ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

RUBY
510100
09-51-77212, 535100

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်
09 31949856
09 30359521
01 298660

WOODEN HARP

09-3131539(?)

တား
ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
TOYOTA HILUX VIGO (CHAMP)
(SMART CAB 2014)
BRAND NEW (ရင်ကွဲ)
ပစ္စည်းအားလုံးစုံ
Ph : 09-49255577, 09-250514357

မြေကွက်များ ဝယ်လိုသည်
(အရှေ့ပိုင်းဆိပ်ကမ်း
တောင်ပိုင်း မြောက်ပိုင်း)

အခန်းကျယ်ရောင်းမည်။
(17'x60')
PVC
A/C(1)
Pressur Pump
ကျပ်သိန်း→(765)
Ph:09-5053076

မီးဘေးကြိုတင်တားဆီးကာကွယ်ရေး ကွင်းဆင်းကြည့်ရှု

နေပြည်တော် မေ ၂

နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးသည် ဇေယျာသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဈေးကော်မတီများလိုက်ပါလျက် ဧပြီ ၃၀ ရက်နံနက်က ပြည်စုံအောင်ဈေးနှင့် ရေဆင်းဈေးတို့တွင် ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ပြီး (ယာပုံ) မီးဘေးကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ လျှပ်စစ်ခလုတ်အား အသုံးပြုမှု၊ မီးသတ်ဆေးဘူး၊ မီးချိတ်မီးကတ်ထားရှိမှု၊ ဈေးအတွင်း ထမင်း/ဟင်းချက်ပြုတ်မှု မရှိစေရန် မှာကြားခဲ့ပြီး (FULL) စက်သုံးဆီအရောင်းဆိုင်ရှိ မီးသတ်ဆေးဘူးနှင့် ဆီ/ရေလှောင်ကန်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဇေယျာသီရိမြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ မီးသတ်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ယာဉ် / လူ/ရေ/စက် သင့်လေးသင့် ရှိစေရေး၊ မီးလောင်မှုဖြစ်ပွားပါက အမြန်ဆုံးရောက်ရှိငြိမ်းသတ်ရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်းသိရသည်။ **(မြို့နယ်ထွေ/အုပ်)**

ကောလင်းမြို့တွင် သောက်သုံးရေပြတ်လပ်၍ ဒေသခံပြည်သူများ အခက်ကြုံ

ကောလင်း မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် မြို့နေလူထုအတွက် စနစ်တကျ ရေဖြန့်ဖြူးခြင်း မရှိသဖြင့် သောက်သုံးရေ ပြတ်လပ်မှုများ ကြုံတွေ့နေရသည်။

ယခုနှစ်နွေရာသီတွင် အပူချိန်မြင့်မားခြင်းကြောင့် သောက်သုံးရေတွင်းများ၊ ရေနုတ်မြောင်းများမှ ချောင်းများအထိ ရေခန်းခြောက်မှုများ ဖြစ်ပေါ်လျက်ရှိရာ ဒေသခံပြည်သူအများစုမှာ သောက်သုံးရေပြတ်လပ်မှုဒုက္ခနှင့် ရင်ဆိုင်နေကြရသည်။ ငွေကြေးတတ်နိုင်သူများမှာ အဝီစိတွင်းများတူး၍ သုံးစွဲနိုင်ကြသော်လည်း သာမန်လူအများစုမှာ ယင်း အဝီစိတွင်းတူးထားသူများထံမှ ရေကိုရေစည်တစ်စည်လျှင် ငွေကျပ် ၁၀၀၀ ခန့်ဖြင့် ဝယ်ယူသုံးစွဲနေကြရသည်။

စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် အဝီစိတွင်းရေ ရောင်းချသူများမှာ ရေလှောင်ကန်များ၊ အဝီစိတွင်းများ ပိုမိုတူးဖော်ထားပြီး ရေတစ်စည်လျှင် ငွေကျပ် ၃၀၀ မှ ၅၀၀ ထိ ရောင်းချနေကြပြီး ရေစည်လှည်းတွန်းသူများက တစ်စည်လျှင် ငွေကျပ် ၁၀၀၀ ခန့်ဖြင့် ပြန်လည်ရောင်းချကြကြောင်း သိရသည်။

ရေရှားပါးမှုကြောင့် သောက်သုံးရေ အဆင်မပြေဖြစ်နေသည့်အပြင် ယခုနှစ်၏ အပူချိန်မြင့်မားမှုကြောင့် နွေရာသီ မီးဘေးအန္တရာယ်ကိုလည်း ဒေသခံပြည်သူများ စိုးရိမ်ထိတ်လန့်နေရသဖြင့် သက်ဆိုင်ရာမှ ကောလင်းမြို့ ရေရရှိရေးအတွက် အလျင်အမြန်ဆောင်ရွက်ပေးရန် ဒေသခံများက လိုလားနေကြောင်း သိရသည်။ **(၂၁၄)**

ကျွန်တော် အသံတွေကို စိတ်ဝင်စားသည်။ သံစဉ်တွေအမျိုးမျိုးရှိပါ၏။ သာယာနာပျော်ဖွယ်သံစဉ်၊ ထိတ်လန့်တုန်လှုပ်ဖွယ်သံစဉ်၊ ပျော်ရွှင်ဝမ်းမြောက်ဖွယ်သံစဉ်၊ ကရုဏာရသ သံစဉ်အစရှိသည့် သံစဉ်တွေ။

ကျွန်တော့်အလုပ်က ပုဇွန်တောင်ဈေးနားက ဗာဒံပင်ကြီးအောက်မှာ ကတ်ထူလေးခင်းပြီး စာအုပ်ကလေးတွေ ရောင်းစားတဲ့အလုပ်။ ကျွန်တော်ဟာ ပြည်သူထဲက ပြည်သူ့ဈေးသည်မို့ ပြည်သူ့အသံကို သိထားရတာ။ သိလည်း သိသင့်ပါ၏။

ပြည်သူ့ကြားက သံစဉ်များ

သံစဉ်(၁)

"ဆံပင်တွေကိုဖြတ်ပြီး ရောင်းလိုက်ရတယ်။ ဟိုတုန်းကတော့ သူ့ကိုကျွန်မအထင်ကြီးခဲ့မိတယ်။သူက ရုံးဝန်ထမ်းဆိုတော့ ဖြူဖြူသန့်သန့်လေးလေ။ ခုတော့ သူ့လစာလေး တစ်သိန်းမပြည့်တပြည့်နဲ့ မိသားစုအိမ်လခတွေ၊ အကြွေးတွေနဲ့၊ ဒီကြားထဲ ကလေးတွေကလည်း စားလိုက်ကြတာလွန်ရော။ ဒီလ သင်းတို့ကို ကျောင်းတွေ အပ်ရတော့မယ်။ ကျောင်းစိမ်းဝတ်စုံဖိုး၊ ကျောင်းမုန့်ဖိုး၊ ဖိနပ်ကအစ ကုန်ကျတော့မယ်။ ဒါတောင် နိုင်ငံတော်က ကျောင်းအပ်ခတွေ အခမဲ့ဆိုလို့ တော်သေးတာပေ့ါ။

သံစဉ်(၂)

သူကတော့ မိသားစုကို ဘာမျှလည်း ဦးမဆောင်နိုင်ဘူး။ သူ့ရုံးအလုပ်ကိုသာ သူဂရုစိုက်တာ။ သူ့ကို ကျွန်မက 'ကိုရုံးခင်ကြီး'လို့ နာမည်ပေးလိုက်ချင်တော့တယ်. . . ဦးလေးရယ်။ ခုကျွန်မရပ်ကွက်ထဲက မုန့်ဖိုမှာ မုန့်လေးတွေဖောက်သည်ယူပြီး ရောင်းနေရတာပါ။ ဟူး. . . နေကလည်း ပူလိုက်တာလွန်ရော။"

သံစဉ်(၃)

"သူတို့က ပိုက်ဆံရဖို့ပဲ သိတာ၊ ကျုပ်တို့နိုင်ငံ့ဝန်ထမ်းဆိုတာ ဘယ်လောက်ဂုဏ်ရှိသလဲ။ သမ္မာအာဇီဝ အလုပ်တွေထဲမှာ ဒီအလုပ်လည်းပါတယ်။ အသက်ကြီးလို့ အငြိမ်းစားယူရင် ပင်စင်ခံစားခွင့်လည်းရှိတယ်။ ဒါတွေ သူတို့ဘာသိလို့လဲ။

ကျွန်တော့်မိန်းမက ဈေးသည်ပါ။

စာပေသမားတစ်ယောက်လက်ထဲကို ကလောင်တံတစ်ချောင်းရောက်သွားရင် 'စာတစ်ပုဒ်' ဖြစ်တယ်။ ဈေးသည်တစ်ယောက်လက်ထဲကို လစာငွေရောက်သွားရင် 'ဈေးရင်းနှီး'လုပ်လို့ရတယ်။ သမ္မာအာဇီဝ အလုပ်ဆိုရင် ဂုဏ်ရှိတာချည်းပဲ။ ယခုဆိုရင် မိမိတို့နိုင်ငံတော်မှာ ဖွံ့ဖြိုးတိုးတက်မှုပြယုဂ်တွေ မြင်နေရပြီ။ နိုင်ငံ့ဝန်ထမ်းဆိုတာ 'ရေမြင့်ရင် ကြာတင့်'တာပဲမဟုတ်လား။

သံစဉ်(၄)

သူတို့က ရသမျှ နှစ်လုံးထီ၊ သုံးလုံးထီ၊ ချဲထီတွေပဲ ထိုးနေကြတာ။ အဲဒီတစ်ဖက်နိုင်ငံက စတော့ရှယ်ယာ ဈေးကွက်က ပေါ်ထွက်လာတဲ့ ကိန်းဂဏန်းတွေကို ဒီကလူတွေက သင်္ချာတွက်သလို လိုက်တွက်ပြီး ထိုးနေကြတာ။ ရယ်စရာတော့ကောင်းသား။ တချို့လည်း ဘိုးတော်ကပေးလို့ အိပ်မက်မက်လို့၊ အိပ်မက်က ချဲထီမပေါ်မီကတည်းက မက်နေကြတာ မဟုတ်ဘူးလား။ ကျွန်တော့်သဘောတော့ မိမိနိုင်ငံက ထီပဲထိုးမယ်။ ပေါက်ရင်လည်း ဘဝကို ပြောင်းလဲပစ်လို့ရတယ်။

အတွေးအခေါ်တွေက ခေတ်နောက်ပြန်မဆွဲသင့်တော့ဘူး၊ သတင်းစာတွေ၊ ဘာတွေ လူတိုင်းဖတ်ကြဖို့ကောင်းတယ်။ လူတွေက သူ့ယုံကြည်ချက်နဲ့သူ လုပ်နေကြတာ။ ကျွန်တော်ကတော့ နိုင်ငံ့ဝန်ထမ်းလုပ်ရတာကို ဘယ်တော့မှ နောင်တရမှာမဟုတ်ဘူး။"

အထက်ပါသံစဉ်တွေဟာ သူတို့နှစ်ဦး ဗာဒံပင်အောက်က ကျွန်တော့်စာအုပ်ဆိုင်လေးမှာ တစ်ဦးစီ၊ တစ်ချိန်စီ ရောက်လာတိုင်း၊ ဗာဒံပင်ရိပ်အောက်မှာ နားခိုရင်း ရင်ဖွင့်သွားကြသည့် 'ရင်တွင်းဖြစ် ပေါက်ကွဲသံစဉ်'တွေပဲဖြစ်ပါ၏။

ကျွန်တော် သူတို့ကို ကရုဏာသက်မိသည်တော့ အမှန်ပါ။ သို့သော် ကျွန်တော်အဘယ်သို့ ကောက်ချက်ချပေးရမှန်းလည်း မသိ။ တွေဝေစွာ အဝေးတစ်နေရာဆီသို့ ငေးမောတွေးတောနေမိရင်းမှ ပလက်ဖောင်းပေါ် ရောက်လုမတတ်၊ စည်းကမ်းမဲ့စွာ မောင်းဝင်လာသည့် လန်ခရူစာ (Landcruiser) ကားမည်းမည်းကြီးပေါ်က နေကာမျက်မှန်မည်းမည်းကြီးတပ်ထားတဲ့ လူကြီးကိုကြည့်ရင်း. . . ။

ခင်ဝင်း(ကြေးမုံ)

Capital Life Insurance
Your Lifelong Companion

ခရီးသွားခြင်းအားနှစ်သက်သူများနှင့် လုပ်ငန်းအရ မကြာခဏခရီးသွားရသူများအတွက်
သတင်းကောင်း...

ခရီးသွားများလုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရန် ခရီးသွားအာမခံများကို (Travel Insurance) များကို ၂၀၁၄ မေလ မှစ၍ မြို့တော်အသက်အာမခံ (Capital Life Insurance) တွင် ဝယ်ယူရရှိနိုင်ပြီ ဖြစ်ပါသည်။

ခရီးသွားအာမခံကို
- အဝေးပြေးယာဉ်လိုင်းစီးခရီးသည်များ
- ခရီးသွားဝန်ဆောင်မှု ကုမ္ပဏီများအစီအစဉ် ခရီးသွားများ
- တစ်ဦးချင်းခရီးသွားသူများ
- ပြည်တွင်းစီးလုံးငှား (သို့) ဘုရားဖူးယာဉ်စီးခရီးသွားများ
- ကမ္ဘာလှည့်ခရီးသွားများ
- မိမိကိုယ်ပိုင်ကားဖြင့် ခရီးသွားလိုသူများအနေဖြင့်လည်း

ဝယ်ယူရရှိနိုင်ပြီ ဖြစ်ပါသည်။

လူတစ်ဦးလျှင် ပုံမှန်ခရီးသွားအာမခံ တစ်ယူနစ်အား ၃၀၀/-ကျပ်ဖြင့် ဝယ်ယူနိုင်ပြီး အများဆုံး ၂ယူနစ်အထိ ဝယ်ယူရရှိ နိုင်ပါသည်။
ခရီးသွားအာမခံ တစ်ယူနစ်အား ၃၀၀/-ကျပ်ဖြင့် ဝယ်ယူထားရှိပြီး ခရီးသွားစဉ်မတော်တဆမှုများနှင့် ကြုံတွေ့ရပါက အများဆုံးလျော်ကြေးငွေ ကျပ် ၃,၀၀၀,၀၀၀/- (၁၀၀ ကျပ်၏ အဆ တစ်သောင်းဆတိတိ) ကို ပြန်လည်ရရှိမည် ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက Capital Life Insurance Ltd.
ရန်ကုန် အမှတ် ၂၈၅ ဗိုလ်အောင်ကျော်လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: ၀၁-၃၇၄၉၇၄၊ ၃၇၄၉၅၉-၆၀ Fax: ၀၁-၃၇၄၉၇၄
မန္တလေး အမှတ်၄၀/၁ ၊ ၇၃လမ်းနှင့် ၂၇လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ Ph: ၀၂-၃၃၄၀၁
Email: info@capitallife-insurance.com Website: www.capitallife-insurance.com

Mean Girls ဇာတ်ကား၏ ၁၀ နှစ်ပြည့်နှစ်ပတ်လည် ကျင်းပခဲ့သည့် လင်ဆေးလိုဟန်နှင့် အမန်ဒါဆေးဖရိုင်း

၂၀၀၄ ခုနှစ်က ထွက်ရှိခဲ့သည့် Mean Girls ဇာတ်ကား၏ ၁၀ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ယင်းဇာတ်ကားတွင် အဓိကသရုပ်ဆောင်များအဖြစ် ပါဝင်ထားကြသည့် ဟောလိဝုဒ်၏ နာမည်ကျော်ငွေကြယ်ပွင့်များဖြစ်ကြသော မင်းသမီး လင်ဆေးလိုဟန်နှင့် အမန်ဒါဆေးဖရိုင်း**(ယာပုံ)**တို့က ဦးဆောင် ကျင်းပခဲ့ကြကာ ၎င်းတို့၏ Instagram မှတစ်ဆင့် ပရိသတ်များကိုလည်း ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။

ယင်းဇာတ်ကားတွင် လင်ဆေးလိုဟန်က ဆယ်ကျော်သက်ကျောင်းသူလေး ကာဒီဟာရွန်အဖြစ်လည်းကောင်း၊ မင်းသမီး အမန်ဒါက ကာရန်စမစ်သ်အဖြစ်လည်းကောင်း ပါဝင်သရုပ်ဆောင်ထားသည့် ဆယ်ကျော်သက်ဟာသ ဇာတ်မြူးကားတစ်ကားလည်းဖြစ်သည်။

မင်းသမီး လင်ဆေးလိုဟန်သည် ယင်းဇာတ်ကားဖြင့် ၂၀၀၄ ခုနှစ်က ကျင်းပခဲ့သည့် Teen Choice Awards ဆုပေးပွဲတွင် Choice Movie Comedy Actress ဆု၊ Choice Movie Breakout Actress ဆုနှင့် Choice Movie Blush ဆုတို့ကိုလည်းကောင်း၊ အမ်တီဗွီရုပ်ရှင် ဆုပေးပွဲတွင် အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆုကိုလည်းကောင်း ရရှိဆွတ်ခူးနိုင်ခဲ့သည်။

လင်ဆေးလိုဟန်၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအကြောင်း ပုံဖော်ထားသည့် Lindsay အမည်ရှိ တီဗွီစီးရီးကို Oprah Winfrey Network မှမတ်လအတွင်းက ထုတ်လွှင့်ပြသခဲ့ပြီး Inconceivable ဇာတ်ကားသစ်တွင် ပူးတွဲထုတ်လုပ်သူအဖြစ် ပါဝင်သွားရန်စီစဉ်ထားကြောင်း သိရသည်။

Bond 24 ဇာတ်ကားသစ်ဖန်တီးမည့် Skyfall ဇာတ်ကားဖန်တီးရှင် ဒါရိုက်တာ ဆမ်မန်ဒက်စ်။

Bond 24 ကို ဆက်လက်ပုံဖော်မည့် Skyfall ဒါရိုက်တာဆမ်မန်ဒက်စ်

၂၀၁၂ ခုနှစ်က ထွက်ရှိခဲ့ပြီး အက်ရှင်ဇာတ်ကားကြိုက် ရုပ်ရှင်ပရိသတ်များအကြိုက် တွေ့ခဲ့ရသည့် ဂျိမ်းစ်ဘွန်းဇာတ်ကား Skyfall ၏ ဖန်တီးရှင် ဒါရိုက်တာ ဆမ်မန်ဒက်စ်က မကြာမီထွက်ရှိလာမည့် Bond 24 ဇာတ်ကားသစ်ကိုလည်း ၎င်းကိုယ်တိုင် ဆက်လက်ပုံဖော်ဖန်တီးမည်ဖြစ်ကြောင်း သိရသည်။

"ဂျိမ်းစ်ဘွန်း ဇာတ်ကားတွေဆက်မရိုက်တော့ဘူးလို့ စဉ်းစားထားပေမယ့် ဇာတ်လမ်းက မပြီးသေးဘူးလို့ ခံစားမိလို့ ရိုက်ဖို့ဆုံးဖြတ်ခဲ့တာပါ။ ဒီဇာတ်လမ်းက နှစ်ပိုင်းရှိတဲ့အနက် ဒုတိယပိုင်းကို ဆက်လက်ရိုက်ကူးသွားမှာပါ။ ထုတ်လုပ်သူ တွေကလည်း သဘောတူပါတယ်"ဟု ဒါရိုက်တာဆမ်က ဆိုသည်။

Bond 24 ဇာတ်ကားသည် Skyfall ၏ နောက်ဆက်တွဲဇာတ်လမ်းဖြစ်လာနိုင်ဖွယ်ရှိကြောင်း၊ Skyfall ဇာတ်ကားကို ပရိသတ်များအားပေးနှစ်သက်ခဲ့ကြသလို ဂျိမ်းစ်ဘွန်းဇာတ်ကားသစ်ကိုလည်း အားပေးမည်ဟု မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းဇာတ်ကားတွင် မင်းသား ဒန်နီယယ်ခရေ့ဂ်၊ Ralph Fiennes၊ မင်းသမီး နာအိုမီဟာရစ်နှင့် Ben Whishaw တို့ပြန်လည်ပါဝင်ကြမည်ဖြစ်ကာ ၂၀၁၅ ခုနှစ် အောက်တိုဘာတွင် ဖြန့်ချိပြသသွားမည်ဖြစ်သည်။

မျိုးစန္ဒာမောင်-စုစည်းသည်

Star Wars ဇာတ်ကားသစ်တွင်ပါဝင်မည့် သရုပ်ဆောင်များ တရားဝင်ထုတ်ပြန်ကြေညာ

Star Wars ရုပ်ရှင်ချစ်ပရိသတ်များ စောင့်စားနေကြသည့် သတ္တမမြောက် Star Wars ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များ၏ အမည်စာရင်းကို တရားဝင်ထုတ်ဖော်ကြေညာခဲ့ပြီး ယင်းဇာတ်ကားကို ဧပြီလက စတင်ရိုက်ကူးလျက်ရှိကာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ဖြန့်ချိပြသသွားရန်စီစဉ်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားသစ်တွင် ဝါရင့်ဟောလိဝုဒ်သရုပ်ဆောင် ဟာရီစွန်ဖို့ဒ်၊ ကယ်ရီးဖစ်ရှာနှင့် Mark Hamill တို့နှင့်အတူ ဗြိတိန်မင်းသားသစ်နှစ်ဦး ထပ်မံပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

"Star Wars VII ရဲ့ဇာတ်ဆောင်တွေကို တရားဝင်ကြေညာလိုက်တဲ့အတွက် အရမ်းစိတ်လှုပ်ရှားရပါတယ်၊ ဒီဇာတ်ကားမှာ သိပ္ပံအက်ရှင်ဇာတ်ကားတွေမှာ ပါဝင်ဖူးတဲ့ ဗြိတိန်သရုပ်ဆောင်တွေပါလာဦးမှာ ဖြစ်တဲ့အတွက် ဝါရင့်သရုပ်ဆောင်တွေနဲ့ အားပြိုင်မှုတွေ တွေ့ရမှာဖြစ်ပါတယ်"ဟု ယင်းဇာတ်ကား၏ ဒါရိုက်တာ J. J. Abrams က ဆိုသည်။

Star Wars ဇာတ်ကားရိုက်ကူးမှုများကို မေလတွင် အင်္ဂလန်နိုင်ငံရှိ စတူဒီယို၌ ဆက်လက်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။



ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃-၅-၂၀၁၄ (စနေနေ့)

MRTV

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၂၀ ကျန်းမာဖို့ အတူကစားစို့
- ၆း၃၀ "စွမ်းအင်ဆိုင်ရာလုပ်ငန်းများ"
- ၆း၄၀ သံသာချိုအေး မင်္ဂလာတေး
- ၆း၅၀ "အထက်မြန်မာပြည်တစ်ခွင် ဘုရားဖူးခရီးစဉ်" (အပိုင်း-၅)
- ၉း၂၅ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
- ၂း၁၅ "လယ်ယာမြေရွှေတစ်ခေတ်ပေမို့"
- ၃း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ ကြေးမုံသွင်" (အပိုင်း-၆၅)
- ၆း၅၀ ဟိုးတုန်းက ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "အရိပ်ပမာ" (ပထမပိုင်း) (ထက်နေချမ်း၊ လှယဉ်ကျေး) (ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ

MRTV-4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော် အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုပ္ဗဏှသုတ်
- ၅း၄၀ "လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏ကြိုးပမ်းချက်"(အပိုင်း-၃) တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ)
- ၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သားတို့အိမ်ကလေး" (အပိုင်း-၃၆)
- ၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရူး"(အပိုင်း-၇၇)
- ၆း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရူး" (အပိုင်း-၇၈)
- ၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သားတို့အိမ်ကလေး" (အပိုင်း-၃၇)

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၃၀	Rayo Vallecano- Athletic Club	(Star Sports)
၈း၃၀	Barcelona-Getafe	(Star Sports)
၁၀း၃၀	Malaga-Elche	(Star Sports)
နံနက်ပိုင်း	**ပွဲစဉ်**	**ပြသမည့်လိုင်း**
၁၂း၃၀	Osasuna-Celta de Vigo	(Star Sports)(MRTV-4)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

MWD

- ၆း၀၃ တရားတော်
- ၆း၁၀ မေတ္တာပို့
- ၆း၁၆ ဓမ္မပူဇာတေး
- ၈း၁၀ မွေးမြူသုတ
- ၁၁း၀၀ English For Myanmar
- ၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ကျွန်တော်နှင့်ပန်းသုံးပွင့် (မိုးယံဇွန်၊ ချောရတနာ၊ သင်ဇာဝင့်ကျော်၊ ရီရီပွင့်ဖြူ နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)]
- ၁း၄၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၄း၁၃ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄း၃၅ ချစ်သူစုံတွဲ တူယှဉ်နွဲ
- ၅း၃၀ ရွှေလမ်းငွေလမ်းသူဌေးလမ်း
- ၆း၃၀ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇း၅၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နွေပင်လယ် (အပိုင်း-၁၃)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "Schindler's"(အပိုင်း-၁) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နတ်သမီးပုံပြင်" (အပိုင်း-၃၇)

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၁)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်အတွင်းရှိ မုဒုံ-မြဝတီလမ်း မိုင်တိုင်အမှတ်(၇/၄ မှ ၅/၁)အထိ ၁ မိုင် ၅ ဖာလုံအား ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအားအိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က)

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	ရေတွက်ပုံ
၁။	၂" × ၄" ကျောက်	၂၅၇	ကျင်း
၂။	၂" × ၃" ကျောက်	၁၅၄	ကျင်း
၃။	၁" × ၂" ကျောက်	၅၃၆	ကျင်း
၄။	(၁"/၄) × (၃"/၈) ကျောက်	၅	ကျင်း
၅။	(၁"/၈) × (၁"/၂) ကျောက်	၄၉	ကျင်း
၆။	(၃"/၈) ကျောက်	၃၂	ကျင်း
၇။	(၁"/၂) × (၃"/၄) ကျောက်	၂၂၆	ကျင်း
၈။	(၁"/၂)ကျောက်	၂၀	ကျင်း
၉။	(၃"/၈) × (၃"/၄) ကျောက်	၇၁	ကျင်း
၁၀။	သဲ	၁၇	ကျင်း
၁၁။	ဂဝံကျောက်	၅၃၇	ကျင်း

(ခ) တင်ဒါပိတ်မည့်ရက်/အချိန် - ၂၀-၅-၂၀၁၄ ရက် ၁၆း၀၀ နာရီ
(ဂ) တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၃-၅-၂၀၁၄ ရက် ၁၀း၀၀ နာရီ
(ဃ) တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - အင်ဂျင်နီယာမှူးကြီးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မွန်ပြည်နယ်၊ မော်လမြိုင်မြို့။ ဖုန်း-၀၅၇-၂၁၃၁၈၊ ၀၅၇-၂၄၉၈၁
(င) အသေးစိတ်အချက်အလက်များအား ရုံးချိန်တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

COHABO
ချောင်းသာ/ငွေဆောင်
-80000
Ph-203519
09 516 1773, 09 731 61773

ကျိုက်ထီးရိုး
ချောင်းသာ
ငွေဆောင်
Ph: 209077

High Princess Travels Co.,Ltd.
May - 9 (175,000/-)
May - 9 (165,000/-)
Dream Travel & ... Enjoy the Journey ...
Ph 09 73055590, 09 33128072, 09 8583549, 01 540567

ပီအက်စ်ဂျီ၌သာ ကစားသမားဘဝအဆုံးသတ်ရန် အီဘရာဟီမိုဗစ်ချ်ဆန္ဒရှိနေ

ပီအက်စ်ဂျီအသင်းမှ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် လက်ရှိ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်း၌သာ ၎င်း၏ ကစားသမားဘဝကို အဆုံးသတ်သွားမည်ဖြစ်သည်ဟု လူသိရှင်ကြား ကြေညာလိုက်ကြောင်း သိရသည်။

အသက်(၃၂)နှစ်အရွယ် တိုက်စစ်မှူး အီဘရာ ဟီမိုဗစ်ချ်သည် ၂၀၁၂ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

လက်ရှိတွင် အီဘရာဟီမိုဗစ်ချ်သည် ပီအက်စ်ဂျီအသင်းနှင့်အတူ စာချုပ်သက်တမ်းနှစ်နှစ်ကျန်ရှိနေသေးပြီး အခြားအသင်းများမှ ခေါ်ယူရန် ကြိုးပမ်းခဲ့မှုများကိုလည်း ငြင်းဆိုခဲ့သည်။ ထို့ပြင် ပီအက်စ်ဂျီအသင်းမှ လွဲ၍ အခြားအသင်းများနှင့် ကစားသမားဘဝကို ကုန်ဆုံးရန်ဆန္ဒမရှိကြောင်းနှင့် ပီအက်စ်ဂျီအသင်း၌ ပျော်ရွှင်မှု ရရှိနေပြီဖြစ်ကြောင်း ပီအက်စ်ဂျီတိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်က ပြောကြားခဲ့သည်။

အီဘရာဟီမိုဗစ်ချ်သည် ယခုနှစ် ဘောလုံးရာသီတွင် ပြင်သစ်လိဂ်ဖလားကို ဆွတ်ခူးထားနိုင်ခဲ့ပြီး တနင်္ဂနွေနေ့တွင် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းနှင့်အတူ ဒုတိယအကြိမ်မြောက် ပြင်သစ်ပထမတန်းဖလားကို ဆွတ်ခူးသွားရန်ရှိနေကြောင်းလည်း ပြောကြားခဲ့သည်။

အီဘရာဟီမိုဗစ်ချ်သည် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းကြောင့် အသင်း၏ ပွဲထွက်စာရင်းနှင့် လွဲခဲ့ရသော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းနှင့်အတူ သွင်းဂိုး ၂၅ ဂိုးအထိ သွင်းယူထားနိုင်ခဲ့သည့် တိုက်စစ်မှူးတစ်ဦးလည်းဖြစ်လာခဲ့သည်။

စပိန်ကြယ်ပွင့် အာဘီလိုဝါ ရီးယဲလ်၏လေ့ကျင့်ရေးအစီအစဉ်တွင် ပြန်လည်ပါဝင်လာ

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ စပိန်ကြယ်ပွင့် အာဘီလိုဝါသည် ဒူးဒဏ်ရာရရှိခဲ့ခြင်းကြောင့် အသင်းနှင့်အတူ ပွဲထွက်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ နှစ်လကြာ အသင်း၏ အရန်ခုံ၌သာ ကျေနပ်ခဲ့ရသော်လည်း လက်ရှိတွင်မူ အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပြန်လည်ပါဝင်လာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အသက်(၃၁)နှစ်အရွယ် အာဘီလိုဝါသည် မတ်လအတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် မြို့ခံပြိုင်ဘက် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သော လာလီဂါပွဲစဉ်တွင် ဒူးဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် လက်ရှိတွင် ဒဏ်ရာပြန်လည်သက်သာလာပြီဖြစ်သောကြောင့် ရီးယဲလ်မက်ဒရစ်အသင်း၏ အိမ်ကွင်းဆန်တီယေဂို ဘာနေဗျူး၌ ဗလင်စီယာအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်မတိုင်မီ အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပြန်လည်ပါဝင်လာနိုင်ပြီဖြစ်ကြောင်း အသင်း၏ တရားဝင်ဝက်ဘ်ဆိုက်၏ သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

အာဘီလိုဝါအသင်းနှင့်အတူ ပြန်လည်ပါဝင်လာခြင်းသည် လာလီဂါတွင် ဦးဆောင်နိုင်ရေးအတွက် နည်းပြအန်ဆယ်လော့တီ၏ အားဆေးတစ်ခွက်ဖြစ်လာမည်ဖြစ်ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှ အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ခြောက်မှတ်ကွာဟနေမှုကို အဆုံးသတ်ရန်ရှိနေကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်တွင် လက်ရှိချန်ပီယံဘိုင်ယန်မြူးနစ်အား နှစ်ကျော့ပေါင်း ငါးဂိုးပြတ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ရာ မေ ၂၄ ရက်တွင် မြို့ခံပြိုင်ဘက် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲတွင် အာဘီလိုဝါပြန်လည်ပါဝင်လာရန်ရှိနေကြောင်း သိရသည်။

ဘိုင်ယန်အသင်းမှာ ကမ္ဘာတွင် အကောင်းဆုံးအသင်းဖြစ်ကြောင်း ကလော့ပ်ပြောကြား

လက်ရှိချန်ပီယံလိဂ် ချန်ပီယံဘိုင်ယန်မြူးနစ်အသင်းသည် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်တွင် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းအား ရှုံးနိမ့်ခဲ့ပြီးနောက် ဥရောပပြိုင်ပွဲမှ ထွက်ခဲ့ရသော်လည်း ဘိုင်ယန်မြူးနစ်အသင်းသည် ကမ္ဘာ့အကောင်းဆုံးအသင်းတစ်သင်းအဖြစ် ဆက်ရှိနေဆဲဖြစ်ကြောင်း ဘွန်ဒက်လီဂါပြိုင်ဘက် ဒေါ့မွန်အသင်းနည်းပြ ဂျာဂန်ကလော့ပ်က ပြောကြားခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည်ပြီးခဲ့သည့်ဘောလုံးရာသီက ဒေါ့မွန်အသင်းအား အနိုင်ရရှိကာ ချန်ပီယံလိဂ်ဖလားအပါအဝင် တစ်နှစ်တည်း ဖလားသုံးလုံးဆွတ်ခူးနိုင်သည့် အသင်းအဖြစ်မှတ်တမ်းဝင်ခဲ့သည်။ ယခုနှစ်တွင် ဘိုင်ယန်မြူးနစ်အသင်းသည် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်နှင့်ပင် ထွက်ခဲ့ရသော်လည်း ကမ္ဘာ့အကောင်းဆုံးအသင်းအဖြစ် ဆက်ရှိနေဆဲဖြစ်ကြောင်း ဒေါ့မွန်အသင်းနည်းပြ ဂျာဂန်ကလော့ပ်က ဆိုသည်။

ငွေကြယ်



နှစ်(၅၀)ပြည့်ရွှေရတုမင်္ဂလာဆုတောင်းလွှာ

ကျွန်တော်၊ ကျွန်မတို့၏ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်သော ပါပါး ဦးဇော်မြင့်- Director (United Paints Group Co.,Ltd.)- မာမား ဒေါ်အေးရှင် တို့၏ ၃-၅-၂၀၁၄ ရက်တွင်ကျရောက် သော ရွှေရတုမင်္ဂလာရက်မြတ်မှသည် ရတုပေါင်းများစွာ ပိုင်ဆိုင်ပြီး အလှူရေစက် လက်နှင့်မကွာ လှူဒါန်းနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သပြီး အသက်ရာကျော်ရှည်ပါစေကြောင်း သားသမီး၊ မြေးများက ဆုတောင်းလိုက်ပါသည်။

ချစ်သားသမီးများ	ချစ်မြေးများ
ဦးဇော်လွင်ဦး-ဒေါ်အေးအေးဝင်း	အောင်မျိုးကျော်(**Final Part II** ဆေး-၂)၊
	မြဖူးသဇင်(**2nd Year Tourism**)
ဦးဇော်မျိုးသန့်-ဒေါ်မြင့်မြင့်မော်	ဇော်မျိုးသူ (ခေတ္တ-**Japan**)၊ ဇော်မျိုးထွန်း၊
	ဇော်မျိုးလွင် (**New Direction Travels & Tours**)၊
	အိချောပိုပိုအောင်
ဦးဇော်မျိုးနိုင်-ဒေါ်မိုးမိုးနွယ်	ဆုဝန်းရံ
ဒေါ်နွယ်နွယ်အေး-ဦးတင်မောင်စိုး	ဂျူးမေလင်း(**KG-II, NIEC**)
ဦးဇော်မျိုးခိုင်-ဒေါ်တင်သန်းဝင်း	ယွန်းမီမီခိုင် (**Grade VII** အထက-၂၊ ရန်ကင်း)
	အောင်နန္ဒာထက်(**Grade IV** အထက-၂၊ ရန်ကင်း)
ဦးဇော်ညီညီအောင်-ဒေါ်အိအိပိုင်	ဖြူစင်ဝင့်ထည်
ဒေါ်မိမိအေး-ဦးအောင်ဖြိုးကျော်	သွန်းပြည့်အိန္ဒြေ(**Grade II** အထက-၂၊ ရန်ကင်း)

(ကောင်းစံအိမ် **Construction** မိသားစု)

ပဲခူးမြို့တွင် စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

ပဲခူး မေ ၂

ပဲခူးမြို့ပေါ်တွင် လိင်စိတ်ကြွဆေးများနှင့် တရားမဝင်ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် အစားအသောက်ကွပ်ကဲရေးအဖွဲ့ (FDA)၊ နယ်မြေခံရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အဖွဲ့နှစ်ဖွဲ့ခွဲကာ မေ ၂၉ ရက် နံနက် ၁၀ နာရီက မြို့ပေါ်ရပ်ကွက်များရှိ ကွမ်းယာဆိုင်များ၊ ဆေးဆိုင်များအား ရှောင်တခင်စစ်ဆေးခဲ့သည်။

အစားအသောက်ကွပ်ကဲရေး အဖွဲ့ (FDA) မှဒေါက်တာနီနီအေးဦးစီး ပူးပေါင်းအဖွဲ့ (၂)သည် ပဲခူးမြို့ ရုံးကြီးရပ်ကွက် နာရီစင်နှင့်သနပ်ပင်လမ်းဆုံရှိ သျှန်သီဆေးဆိုင်၊ မေတ္တာဦးဆေးဆိုင်၊ လင်းဆေးဆိုင်၊ ထွန်းခေါင်ဆေးဆိုင်တို့အား ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ရာ သျှန်သီဆေးဆိုင်မှ Eagle တံဆိပ်ပါ(ကျား)ဟော်မုန်းအားဆေးတစ်ကတ်၊ Cowboy တံဆိပ်ပါ (ကျား)ဟော်မုန်းအားဆေးတစ်ကတ်၊ Sup+ တံဆိပ်ပါ ဂျယ်လီလိမ်းဆေးနှစ်ထုပ်၊ Mastigra တံဆိပ်ပါ(ကျား)ဟော်မုန်းအားဆေးတစ်ကတ်၊ ပိတုန်းတံဆိပ်ပါ(ကျား) လိမ်းဆေးတစ်ဘူးတို့အား တွေ့ရှိခဲ့ရသဖြင့် ဆေးဆိုင်ပိုင်ရှင်များအား ပဲခူးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ခေါ်ယူပြီး ပဲခူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းက လိင်စိတ်ကြွဆေးများ ရောင်းချခြင်မပြုရေး ခံဝန်ချုပ်ပြုလုပ်ခြင်း၊ ဆက်လက်ရောင်းချပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ပဲခူးသား)

တောင်ငူတွင် လူနေအိမ် ၁၈ လုံး မီးလောင်ကျွမ်းမှုဖြစ်

တောင်ငူ မေ ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ (၁၁)ရပ်ကွက် မြကျွန်းသာ (၂)လမ်းရှိ ဦးကိုကိုနိုင် ပန်းရန်လုပ်နေအိမ်မှ ပေါ့ဆမီးကြောင့် မေ ၂ ရက် မွန်းလွဲ ၁ နာရီခွဲက မီးစတင်လောင်ကျွမ်းခဲ့ရာ လူနေအိမ် ၁၈ လုံးနှင့် အောင်ဇမ္ဗူ ဘုန်းကြီးကျောင်းအတွင်းရှိ ဓမ္မစကူးလ် စာသင်ကျောင်းဆောင်တစ်ဆောင် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

နေ့လယ် အပူချိန်မြင့်မားနေချိန် လောင်ကျွမ်းခြင်း၊ နေအိမ်အများစုမှာ ပျဉ်ထောင်အိမ်များဖြစ်ခြင်း၊ တစ်အိမ်နှင့်တစ်အိမ်နီးကပ်စွာ တည်ရှိခြင်း၊ လမ်းကျဉ်းမြောင်းပြီး မီးသတ်ကားများဝင်ရောက်ငြိမ်းသတ်ရန်ခက်ခဲခြင်းတို့ကြောင့် ကူးစက်လောင်ကျွမ်းမှုမြန်ဆန်ရခြင်းဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားရာသို့ တောင်ငူ၊ အုတ်တွင်း၊ ဖြူး၊ ရေတာရှည်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ မီးသတ်ယာဉ် ၁၆ စီး၊ ပုဂ္ဂလိက ရေသယ်ယာဉ်လေးစီး၊ မီးသတ်တပ်ဖွဲ့ဝင် ၁၀၅ ဦး၊ရဲတပ်ဖွဲ့ဝင် ၇၀၊ တောင်ငူတပ်နယ်မှ တပ်မတော်သား ၇၉ ဦးနှင့် ပြည်သူများ စုပေါင်းဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မီးညွှန့်ကျိုး၍ ညနေ ၃ နာရီတွင် အပြီးသတ်ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်ရာသို့ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးကြီး သိန်းလွင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ခဲ့ပြီး မီးဘေးသင့် အိမ်ထောင်စု ၁၈ စုမှ မီးဘေးသင့် ပြည်သူ ၈၉ ဦးအား ကန်တော်ဘုန်းကြီးကျောင်းနှင့် ပွတ်စုဘုန်းကြီးကျောင်းတို့တွင် ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပေးခဲ့ပြီး ထမင်းထုပ်နှင့် စားသောက်ဖွယ်ရာများ ထောက် ပံ့ပေးခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းရသည့်အကြောင်းရင်းအား စုံစမ်းစစ်ဆေးလျက်ရှိပြီး တောင်ငူမြို့ အမှတ် (၂)ရဲစခန်းမှ မီးပေါ့ဆသူ ကိုကိုနိုင်အား (ပ)၁၃၅၊ ပြစ်မှုပုဒ်မ ၂၈၅ အရ အမှုဖွင့်ထားကြောင်း သိရသည်။

ကျော်စွာ(တောင်ငူ)

တရုတ်အမျိုးသားနှင့်လက်ထပ်ရန် ခေါ်ဆောင်လာစဉ် ဖမ်းမိ

နေပြည်တော် မေ ၂

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်မှ အမျိုးသမီးငယ်တစ်ဦးအား တရုတ်အမျိုးသားနှင့်ပေးစားရန် ခေါ်ဆောင်လာစဉ် ဖမ်းဆီးရမိသဖြင့် စည်းရုံးစုဆောင်းသူနှင့် ခေါ်ဆောင်လာသူတို့အား ဧပြီ ၃၀ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၄) ရဲစခန်းမှ လူကုန်ကူးမှုဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အိုးဘိုရပ်ကွက် ကန်ပတ်လမ်းနေ ဒေါ်ရင်လေး၏ အိမ်တွင် တည်းခိုနေသူ မနော်ဝါးအယ်မူး(ခ) ပိုပို(တရုတ်အမျိုးသားနှင့် အိမ်ထောင်ကျသူ)က အမျိုးသမီးငယ်များအား တရုတ်အမျိုးသားများနှင့် လက်ထပ်ပေးရန် လာရောက်စည်းရုံးခေါ်ဆောင်နေကြောင်းသတင်းအရ တပ်ဖွဲ့စု(မန္တလေး)က တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ အောင်မြေသာစံမြို့နယ် တာဘောင်လမ်း (၁၁ လမ်းနှင့် ၁၂လမ်း) ကြား၌ စောင့်ဆိုင်းနေစဉ် ဧပြီ ၃၀ ရက် နံနက် ၇ နာရီခွဲတွင် မနော်ဝါးအယ်မူး(ခ) ပိုပိုတို့ ငှားရမ်းစီးနင်းလာသည့် မန္တလေး-မူဆယ် ပြေးဆွဲသော အမြန်ယာဉ်ငယ် ဗင်ကားအဖြူရောင်အား တားဆီး၍ မနော်ဝါးအယ်မူး(ခ)ပိုပိုနှင့်အသက် (၂၀) အရွယ်အမျိုးသမီးငယ်တစ်ဦးတို့အား တပ်ဖွဲ့စု(မန္တလေး)ရုံးသို့ ခေါ်ဆောင်ပြီး တွေ့ဆုံမေးမြန်းခဲ့သည်။

တွေ့ဆုံမေးမြန်းချက်များအရ မနော်ဝါးအယ်မူး(ခ)ပိုပိုသည် လွန်ခဲ့သောသုံးနှစ်ခန့်က တရုတ်နိုင်ငံ ရွှေလီမြို့တွင် တရုတ်အမျိုးသားနှင့် အိမ်ထောင်ကျခဲ့ကြောင်း၊ တရုတ်အမျိုးသားနှင့် လက်ထပ်မည့် မိန်းကလေးများအား စည်းရုံးခေါ်ဆောင်ရန်အတွက် မန္တလေးမြို့အောင်မြေသာစံမြို့နယ် အိုးဘိုရပ်ကွက် ကန်ပတ်လမ်းနေ မွေးစားမိခင် ဒေါ်ရင်လေးနေအိမ်သို့ ရောက်ရှိတည်းခိုခဲ့ကြောင်း၊ မနော်ဝါးအယ်မူးက ချမ်းမြသာစည်မြို့နယ်မှ အသက် (၂၀) အရွယ် အမျိုးသမီးတစ်ဦးအား တရုတ်အမျိုးသားအားယူပါက ငွေများစွာ ရရှိပြီး ငွေသုံးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့လည်း ပြန်လာ၍ရမည်ဟု စည်းရုံးပြောဆိုပြီး ကြိုတင်ငွေကျပ်တစ်သိန်းကို မွေးစားမိခင် ဒေါ်ရင်လေးမှတစ်ဆင့် ပေးခဲ့ကြောင်း၊ ထို့နောက် ၎င်း၏ခင်ပွန်း တရုတ်အမျိုးသား၏အစ်ကို (တရုတ်နိုင်ငံသား)နှင့် ပေးစားရန် ခေါ်ဆောင်လာစဉ် ယခုကဲ့သို့ စစ်ဆေးမေးမြန်းခံရခြင်းဖြစ်ကြောင်းသိရသည်။

စစ်ဆေးချက်များအရ ငွေကြေးအကျိုးအမြတ်အတွက် ခေါင်းပုံဖြတ်ရန်ရည်ရွယ်ချက်ဖြင့် ချမ်းမြသာစည်မြို့နယ်မှ အသက် (၂၀) အရွယ်အမျိုးသမီးတစ်ဦးအား ခေါ်ဆောင်ခဲ့သူ မနော်ဝါးအယ်မူး(ခ) ပိုပိုနှင့် လူစုဆောင်းရှာဖွေသူ ဒေါ်ရင်လေးတို့နှစ်ဦးအား အောင်မြေသာစံမြို့နယ် အမှတ်(၄) ရဲစခန်းမှ (ပ) ၁၃၉/၂၀၁၄၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

ကိုကိုရှုပ(နေပြည်တော်)

ရန်သူမီးဘေး တားဆီးရေး မနေ့းဆောင်ရွက်ကြ

Director (United Paints Group Co., Ltd.)
Board of Directors
United Paints Group Co., Ltd.

UNIQUE STAR TRAVELS.
May. 10 (230,000)
May. 10 (230,000)
Daily (Hotel Max) (70,000) / (180,000)
Daily (Mercial Retreat & Resort) (280,000)

ဆရာဌေး အင်္ဂလိပ်စာသင်တန်း
Ph: 01-375970, 0951 72096, 0950 47516

O.O.W Class III, MMMC Class III Chief Mate
Capt. San Moe Aung (Master Mariner, Fleetwood, U.K.)
16th June
ECDIS (May-19) RADAR/ARPA (May-26)
General Ship Knowledge + Marine English
5:30 to 7:30 (Mon to Fri) 19th May 60000/-
SUCCESS MARITIME ACADEMY
Facebook: Success Maritime Academy

Cambridge exam
Activity
PHO SEIN
Hot Line - 01 545440, 01 552348
09 420 700013, 09 421 168127
PRIVATE
PRIVATE

ကျွန်းလှမြို့နယ်၌နှစ်ရှည်စီမံကိန်းတာဝန်များ ပေးအပ်

ကျွန်းလှ၊ မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့၌ ၂၀၁၄-၂၀၁၅ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက်က မြို့နယ်များစုပေါင်း၍ ကျင်းပခဲ့သည်။

၂၀၁၃-၂၀၁၄ခုနှစ် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ်သန်းပေါင်း ၁၀၄၀၉၁ ဒသမ ၅၁ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု တန်ဖိုးမှာ ကျပ်သန်းပေါင်း ၁၀၉၆၀၈ ဒသမ ၈ သန်းဖြစ်၍ စီမံကိန်း ရည်မှန်းချက်အပေါ် ၁၀၅ ဒသမ ၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ရာ ယခင်နှစ်ကထက် ၁၄ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ယခု၂၀၁၄-၂၀၁၅ ခုနှစ်တွင် ကျပ်သန်းပေါင်း ၁၁၇၀၁၆ ဒသမ ၄ သန်း အကောင်အထည်ဖော်နိုင်ရန် လျာထားကြောင်း မြို့နယ်စီမံကိန်း ဦးစီးမှူး ဒေါ်ခိုင်ခိုင်မြင့်က ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းက ယခုနှစ်တွင် စီမံကိန်းလျာထားချက်များ တိုးမြှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်သည့်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက ကြိုးစား၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားပြီး စခန်းနယ်ငါးခုမှ နယ်မြေတာဝန်ခံများအား စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်ခဲ့ကြောင်းသိရသည်။

မျိုးဝင်းထွန်း(ပြန်/ဆက်)

တရုတ်ချည်မျှင်ဈေးကြောင့် နိုင်ငံခြားထုတ်ချည်ထည်နှင့် ပြည်တွင်းချုပ်ထည်တို့ အပြိုင်ဈေးကောင်းလာ

နွားထိုးကြီး၊ မေ ၂

မြန်မာ့ ချည်ထည်ဈေးကွက်တွင် တရုတ်ချည်မျှင်ဈေးကြောင့် နိုင်ငံခြားထုတ်နှင့် ပြည်တွင်းချုပ်ထည်တို့ အပြိုင် ဈေးကောင်းလာလျက်ရှိသည်။

ယခင်က ချုပ်ခသာသာရှိ ကျပ် ၁၅၀၀၊ ၂၀၀၀ ရှိသော မြန်မာ့ချည်ထည် ရယ်ဒီမိတ်များမှာ ကျပ် ၂၅၀၀၊ ၃၀၀၀၊ ၄၅၀၀ ထိ ဈေးကောင်းနေသည်။ တရုတ်စက်ထုတ် မြန်မာချည်ထည်နှင့် ဒီဇိုင်းစုံထုတ်သော သဲတောဝမ်းတွင်းထည် အမရပူရထည် ဈေးကွက်ကြောင့် ရယ်ဒီမိတ်တွေ ဈေးမြင့်လာသည်ဟု နွားထိုးကြီး မြန်မာ့ချည်ထည် ဈေးကွက်မှသိရသည်။

ရန်ကုန်ထုတ် နိုင်ငံခြားပို့ ရယ်ဒီမိတ် အထည်ဈေးကွက်မှာ ကျပ် ၁၅၀၀၊ ၂၀၀၀ ဖြင့် လက်ပွေ့များထံမှ ဝယ်နေ၍လည်း မြန်မာချည်ထည်နှင့် နိုင်ငံခြားထုတ် ရယ်ဒီမိတ်တို့ ဈေးကွက်လုနေရကြောင်းသိရသည်။ နိုင်ငံခြားပို့ ပြည်တွင်းထုတ် ရယ်ဒီမိတ်က ဈေးချိုပြီး တာရှည်ခံနေ၍ မြန်မာ့ချည်ထည်ရယ်ဒီမိတ်တို့ ဈေးမြင့်မှုကြောင့် အဝယ်နှေးလာသည်။

မကြာမီ အညာတွင် ဂျပန်၊ ကိုရီးယားအထည်ချုပ်စက်ရုံတွေ အစီအရီတည်ဆောက်လာမည်ဖြစ်သဖြင့် မြန်မာ့ချည်ထည်အတွက် ရင်လေးစရာဖြစ်လာနေပြီဟု ဒေသခံတို့က ပြောသည်။

ဌေးမြင့်မောင်

ကမ်းခြေ ဈေးကွက်များတွင် မျှင်ခြောက်ဈေးနှုန်းများ မြင့်တက်လာ

ဖျာပုံ၊ မေ ၂

ဖျာပုံမြို့နယ်၊ နောက်မီးပင်လယ်ပြင်ဒေသ ရေလုပ်ငန်းများမှ ပင်လယ်သူငယ်ပြန်ချိန်တွင် တိုးမျှင်ဖမ်းဆီးရမိမှုနည်းပါးနေသဖြင့် မျှင်ခြောက် ဈေးနှုန်းများ မြင့်တက်နေကြောင်းဒေသခံ ပင်လယ်ရေလုပ်သားများထံမှ သိရသည်။

ပင်လယ်ရေလုပ်ငန်းများမှ'တိုးမျှင်' များ ဖမ်းဆီးရမိမှုနည်းပါးနေသဖြင့် မျှင်ခြောက်များကို အလုအယက်ဝယ်ယူနေကြရသည်။ အချို့သော ကုန်သည်များမှာ ဒေသအတွင်းရှိ အလံတိုင်၊ နောက်မီး၊ အရှေ့ဖျား၊ ခတ္တာကျွန်း စသည့် ရေလုပ်ငန်းရွာများသို့ စက်လှေများဖြင့် လှည့်ပတ်ဝယ်ယူခဲ့ကြသည်။ ထို့ကြောင့် သင်္ကြန်ကာလနောက်ပိုင်း ရေလုပ်ငန်းဈေးကွက်များ ပြန်လည်သက်ဝင်လှုပ်ရှားလာချိန်တွင် မျှင်ခြောက်ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။ ပင်ရင်းဒေသများတွင် သင်္ကြန်မတိုင်မီက မျှင်ခြောက်ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၆၀၀၀၀ ကျော်သာ ပေါက်ဈေးရှိနေခဲ့သော်လည်း သင်္ကြန်ကာလနောက်ပိုင်းတွင် မျှင်ခြောက်ပိဿာချိန် ၁၀၀ ကို ငွေကျပ် ၈၀၀၀၀ အထိ ဈေးနှုန်းမြင့်တက်လာခဲ့သည်။ ယခုနှစ်တွင် တိုးမျှင်များ ဖမ်းဆီးရမိမှု နည်းပါးနေသဖြင့် လာမည့် မိုးရာသီတွင် မျှင်ငါးပိဈေးနှုန်းများ ဈေးကောင်းလာနိုင်ကြောင်း ဒေသတွင်ကုန်သည်များက ခန့်မှန်းကြသည်။

ပင်လယ်ရေလုပ်ငန်းများသည် ရေလုပ်ငန်းရာသီဦး ကာလများဖြစ်သည့် တော်သလင်း၊ သီတင်းကျွတ်မှ တပေါင်းလဆန်းပိုင်းအထိ ငါးပုစွန်နှင့် မျှင်ကောင်ငယ်လေးများကို ဖမ်းဆီးရမိနေကြပြီး ရေလုပ်ငန်းရာသီ နှောင်းပိုင်း တစ်ပေါင်းလဆန်းမှစ၍ ဖမ်းဆီးရမိမှု နည်းပါးလာလေ့ရှိသည်။ သို့သော် ပင်လယ်ရေလုပ်ငန်းရာသီ ကုန်ဆုံးချိန် တန်ခူးလ၊ ကဆုန်လများတွင် ငါးပုစွန်နှင့် မျှင်ကောင်ငယ်လေးများကို ပြန်လည်ဖမ်းဆီး ရမိလာပြန်သည်။ အထူးသဖြင့် မျှင်ငါးပိ ပြုလုပ်သည့် မျှင်ကောင်ငယ်လေးများကို အများအပြား ဖမ်းဆီးရမိလေ့ရှိသည်။ မျှင်ကောင်ငယ်အများအပြား အုပ်စုလိုက်ပိုက်ကို ဝင်ရောက်တိုးနေကြသလို ဖမ်းဆီးရမိလေ့ရှိသဖြင့် အဆိုပါမျှင်ကောင်ငယ်လေးများကို ပင်လယ်ရေလုပ်ငန်းများက 'တိုးမျှင်' ဟု ခေါ်သည်။ ထို့အပြင်ဖမ်းဆီးရမိမှု နည်းပါးနေရာမှ ပြန်လည် ဖမ်းဆီးရမိလာသဖြင့် အဆိုပါအချိန်ကာလကို ပင်လယ်ရေလုပ်ငန်းများက ပင်လယ်သူငယ်ပြန်ချိန်ဟု ခေါ်သည်။

တိုးမျှင်များကို အခြောက်လှန်းကြိတ်ခွဲပြီး မျှင်ငါးပိ ပြုလုပ်သည်။ အဆိုပါ မျှင်ငါးပိများမှာ ဂါးဖောင်လုပ်ငန်းများမှ ထွက်ရှိလာသည့် မျှင်ငါးပိများကဲ့သို့ အကောင်းစား စာရင်းဝင်မျှင်ငါးပိများဖြစ်သည်။ ပင်လယ်သူငယ်ပြန်ချိန်တွင် ဖမ်းဆီးရမိလာသည့် မျှင်ခြောက်ကို ဒေသခံကုန်သည်များက ဝယ်ယူကြိတ်ခွဲကာ မျှင်ငါးပိအဖြစ် သိုလှောင် သိမ်းဆည်းထားကြပြီး ပင်လယ်ရေလုပ်ငန်းများ ရပ်နားနေပြီး မျှင်ငါးပိများဈေးနှုန်း မြင့်တက်ချိန် ဝါဆို၊ ဝါခေါင်လ ရောက်မှ ပြန်လည် ထုတ်ရောင်းကြသည်။ ယခုအချိန်အခါမှာ ကမ်းခြေဒေသများတွင် မျှင်ခြောက်များကို ဝယ်ယူကြိတ်ခွဲကာ မျှင်ငါးပိများ သိုလှောင်ချိန်ဖြစ်သည်။ ထို့ကြောင့် ဒေသအတွင်း မျှင်ခြောက်ဝယ်ယူသူများ ခြေလှမ်းသွက် လှုပ်ရှားနေကြပြီ ဖြစ်သည်။

မင်းသစ္စာလှိုင်(ကဒုံကနီ)

မျှင်ခြောက်များအား လိုက်လံဝယ်ယူနေသည့် စက်လှေတစ်စင်းပေါ်မှ မျှင်ခြောက်များကို တွေ့ရစဉ်။

ရတနာပုံတက္ကသိုလ်တွင် လိုင်းကားဆွဲရန်လို

မန္တလေး၊ မေ ၂

မန္တလေး ရတနာပုံတက္ကသိုလ်တွင် လိုင်းကားမဆွဲသည်မှာ နှစ်ချီ ကြာမြင့်နေပြီး သွားရေးလာရေးအတွက် ဆိုင်ကယ်ကိုသာ အသုံးပြုနေရကြောင်း သိရသည်။

တစ်ချိန်က ရတနာပုံတက္ကသိုလ်အတွက် မြို့ပတ်ရထားပင် ပြေးဆွဲရန် စီစဉ်လမ်းဖောက်နေစဉ် အဆိုပါလုပ်ငန်းရပ်တန့်သွားခဲ့ပြီး ထိုအချိန်က အမှတ်(၈)၊ အမှတ်(၃)လိုင်းကားများက ရတနာပုံတက္ကသိုလ်သို့ ပြေးဆွဲခဲ့ကြောင်းသိရသည်။

ယခုအခါ ရတနာပုံတက္ကသိုလ်သို့ သွားလာရန်ခရီးမှာ လိုင်းကားမရှိသဖြင့် ဆိုင်ကယ်ကယ်ရီခ ငွေကျပ် ၅၀၀ ခန့်ပေး၍ သွားနေရသည်။ ရတနာပုံတက္ကသိုလ်မှာ နေ့ကျောင်းသား အဝေးသင် ကျောင်းသားနှင့် စည်ကားသော တက္ကသိုလ်ဖြစ်၍ လိုင်းကားမရှိခြင်းကြောင့် ကျောင်းသားများသွားရေးလာရေး အဆင်မပြေမှုနှင့် ကြုံတွေ့ရလျက်ရှိသည်။

ကျောင်းဖယ်ရီကား ရှိနေသဖြင့် လိုင်းကားမပြေးသော်လည်း နယ်ဝေးမှလာသော နယ်ကျောင်းသားများအတွက် လိုင်းကားရှိသင့်ကြောင်းနှင့် တက္ကသိုလ်တွင် လိုင်းကားရှိရန်လိုအပ်မှုကို သုံးသပ်သင့်ကြောင်း သိရသည်။

ဌေးမြင့်မောင်

ဦးကျော်အောင်ဟိန်း
ဂုဏ်ထူးရှင်လက်ခွဲ
ENGLISH
Conversation Practice
Sayar.Yang
Great Wall
TAMWE - 540714, 09 5183636
09 49 285182
PARADISE PRODUCTS CO.,LTD.

ပုပ္ပါးဒေသမှ စိန်တလုံးသရက်ခြံများ ဈေးကောင်းရလျက်ရှိ

သရက်သီးအရောင်နှင့် အရည်အသွေးကောင်းမွန်စေရန် တစ်လုံးချင်းစီကို လိုက်လံ အိတ်စွပ်နေစဉ်။

ကျောက်ပန်းတောင်း၊ မေ ၂

ယခုနှစ် သရက်သီး ရာသီတွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ဒေသ၌ သရက်သီးထွက်ရှိမှု နည်းပါးသဖြင့် ကျောက်ဆည်၊ ဟံမြင့်မိုင်ရ် စသည့်ဒေသများမှ သရက်သီးပွဲစားများသည် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပါးဒေသ ကျေးရွာများဖြစ်သော နတ်ကန်လည်၊ ဆည်၊ လျှော်တော၊ ပျဉ်မကြီး၊ကျောက်ခွက် အစရှိသည့် ကျေးရွာများမှ စိန်တလုံးသရက်ခြံများအား ခြံပြတ်စနစ်ဖြင့် အလုအယက် ဝယ်ယူနေကြသောကြောင့် ပုပ္ပါးတောင် မြောက်ဘက်ခြမ်းရှိ စိန်တလုံး သရက်ခြံရှင်များမှာ ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ရောင်းရတဲ့ဈေးကတော့ လွန်ပါတယ်ဗျာ။ မနှစ်ကထက် သုံးဆလောက်ပိုရကြတယ်။ မနှစ်က ၁၅ သိန်းနဲ့ ရောင်းခဲ့တဲ့ခြံက ဒီနှစ် ၄၅သိန်းလောက်ရတာ။ ကျောက်ဆည်ဖက်က ခြံတွေက အပွင့်ပွင့်ချိန်မှာ မိုးမိလိုက်တာရယ်၊ နောက်နှင်းခါးအရိုက်ခံလိုက်ရတာရယ်ကြောင့် သီးအား ကျသွားတယ်ပြောတာပဲ။ ဒါ့ကြောင့် ပွဲစားတွေက ဒီဘက်ကို ဆင်းပြီး လာဝယ်ကြတာပါ။ တချို့ကလည်းသူတို့အလုပ်သမားနဲ့ သူတို့လူ ၃၀၊ ၄၀ တစ်ပါတည်းခေါ်လာပြီး၊ သူတို့ ကိုယ်တိုင် အိတ်စွပ်၊ ပါကင်ထုပ်ပြီး သူတို့ကားနဲ့သူတို့ မူဆယ်ဘက်ကိုပို့ကြတာ။တချို့ပွဲစားတွေကတော့ဒေသခံ အလုပ်သမားတွေငှားပြီး လုပ်ကြတယ်"ဟု နတ်ကန်လည်ကျေးရွာမှ ဦးမောင်ဝင်းက ပြောသည်။

စိန်တလုံး သရက်သီးများကို အညာရင့်ချိန်တွင် သရက်သီးအရောင် အသွေးကောင်းမွန်စေရန်နှင့် ခြင်၊ ယင်အစရှိသည့် ပိုးမွှားအန္တရာယ်မှ ကင်းဝေးစေရန် တစ်လုံးချင်း အိတ်စွပ်ရကြောင်းသိရပြီး၊ အဆိုပါ သစ်သီးစွပ်အိတ်မှာလည်း တရုတ် နိုင်ငံမှ ထုတ်လုပ်ခြင်းဖြစ်ပြီး၊ ကာဗွန်နှစ်ထပ်ပါ အိတ်တစ်လုံးလျှင် ၂၇ ကျပ် ပေးရပြီး၊ ကာဗွန်တစ်ထပ်ပါ အိတ်တစ်လုံးလျှင် ၂၀ ကျပ် ပေးရကြောင်း သိရသည်။ အိပ်စွပ်ပြီးချိန်မှ ရက်ပေါင်း၂၀ အတွင်း သရက်သီးမှာ အရောင်အသွေးလှပ၍ အရည်အသွေးကောင်းမွန်သော ရောင်းတန်းဝင်သစ်သီးအဖြစ် ခူးဆွတ်နိုင်ကြောင်း သိရသည်။ သရက်သီးအိတ်စွပ်ရသည့် လုပ်သားများမှာလည်း သရက်သီးတစ်လုံးလျှင် အိတ်စွပ်ခ ငါးကျပ်နှုန်းလုပ်အားခ ရရှိကြပြီး တစ်နေ့လျှင် လုပ်အားခအဖြစ် လုပ်သားတစ်ဦးလျှင်ငွေကျပ် ၅၀၀၀ ခန့် ဝင်ငွေရသည်။

ခြံလုပ်ငန်းရှင်များမှာလည်း ယခင်နှစ် ရောင်းဈေးထက် သုံးဆခန့် ဈေးပိုမိုရောင်းချရသဖြင့် ယခုနှစ် သရက်သီးရာသီတွင် ပုပ္ပါးဒေသ ခြံလုပ်ငန်းရှင်များနှင့် ဒေသခံ ခြံလုပ်သားများ လုပ်ငန်းအဆင်ပြေ၍ ငွေရွှင်လျက်ရှိနေကြကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

ရန်ကုန်ဆေးရုံကြီး အဆင့်မြှင့်ပြုပြင်မှုလုပ်ငန်းများဆောင်ရွက်နေ

ရန်ကုန်၊ မေ ၂

ရန်ကုန်ဆေးရုံကြီးကို အဆင့်မြှင့်ပြုပြင်မှုလုပ်ငန်းအစီအစဉ်များ လုပ်ဆောင်နေပြီး ဆေးရုံဝင်းအတွင်းတွင် လက်ရှိ၌ ငါးထပ်အဆောက်အအုံတစ်ခုကို အလျင်အမြန်တည်ဆောက်နေကြောင်း ရန်ကုန်ဆေးရုံပြုပြင်ရေးနှင့် အဆင့်မြှင့်တင်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ တည်ဆောက်မှုကို လာမည့်အောက်တိုဘာလတွင် ပြီးစီးရန် မျှော်မှန်းထားကြပြီး ငါးထပ်အဆောက်အအုံ ပြီးစီးသောအခါ ပင်မအဆောက်အအုံပေါ်မှ လူနာများကို ပြောင်းရွှေ့နေရာချကာ ပင်မအဆောက်အအုံကြီး ပြုပြင်မှုလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်သည်။

"ခေတ်နဲ့လျော်ညီတဲ့ ခေတ်မီဆေးရုံကြီးအဖြစ် လုပ်ဆောင်ဖို့ အစီအစဉ်တွေချမှတ်ဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု ယင်းပုဂ္ဂိုလ်က ဆိုသည်။

ထိုပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လက်တလော၌ နိုင်ငံတော်အပိုင်းမှ ငွေကြေးကုန်ကျခံကာ လုပ်ငန်းဆောင်ရွက်မှုအပိုင်းကို ရန်ကုန်ဆေးရုံကြီး ပြုပြင်ရေးနှင့် ထိန်းသိမ်းရေးကော်မတီက ဆောင်ရွက်နေခြင်းဖြစ်သည်။

ပြုပြင်ထိန်းသိမ်းမွမ်းမံပြင်ဆင်သော လုပ်ငန်းများဆောင်ရွက်ရာတွင် ကော်မတီက ဗိုတိန်ပညာရှင်များဖြင့် ဆောင်ရွက်နေပြီး ခွင့်ပြုချထားသော ဘတ်ဂျက်ငွေပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။ ရန်ကုန်ဆေးရုံကြီး၏ ပင်မအဆောက်အအုံကြီးမှာ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိနေပြီဖြစ်ကြောင်း သိရသည်။

ဖိုးဝ

မြေကွက်ပိုင်ရှင်များ၏စိုးရိမ်သောကကြောင့် မြေကွက်ဝင်းခြံခတ်ပေးသည့်လုပ်ငန်းများ တွင်ကျယ်စွာလုပ်ကိုင်နေရ

ရန်ကုန်၊ မေ ၂

ဒဂုံမြို့သစ်မြို့နယ်ဒေသများတွင် မြေကွက်ပိုင်ရှင်များမှ မိမိတို့၏ မြေကွက်များကို ဝင်းခြံခတ်မှုများ ပြုလုပ်နေကြသဖြင့် မြေကွက်ဝင်းခြံခတ်ပေးသည့် လုပ်ငန်းများတွင်ကျယ်စွာ လုပ်ကိုင်ဆောင်ရွက်နေရကြောင်းဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)နေထိုင်သူများထံမှသိရသည်။

"အရင်တုန်းကတော့ အိမ်ဆောက်ပြီး လူနေမှ ဝင်းခြံခတ်ကြတာ။ အခုတော့ လူမနေလည်း ကိုယ့်မြေကွက်လေး ပျောက်သွားမှာစိုးရိမ်ပြီး မြေကွက်တွေကို ဝင်းခြံခတ်လာကြတာ။ ဝင်းခြံခတ်လိုက်တော့ မြေကွက်အကျယ်အဝန်းလည်းပေါ်လာတယ်။ သူများဝင်ဆောက်မှာလည်း မစိုးရိမ်ရတော့ဘူး။ ဝယ်သူရှိရင်လည်း မြေကွက်ကိုပြရတာ ထင်သာမြင်သာရှိတယ်။ ဒါကြောင့် တချို့မြေကွက် အရောင်းအဝယ်သမားတွေကလည်း ခြံခတ်ကြတယ်။ ကျွန်တော်တို့အတွက် အလုပ်အကိုင်အဆင်ပြေသလို ကျောက်တိုင်ရောင်းသူ၊ သံဇကာ၊ သွတ်ဆူးကြိုး ရောင်းသူတွေလည်း ရောင်းအားကောင်းလာတာပေါ့" ဟု မြေကွက်ဝင်းခြံခတ်ပေးသူတစ်ဦးက ပြောသည်။

မြေကွက် ခြံခတ်ပေးရာတွင် အင်္ဂတေတိုင်များ စိုက်ထောင်ကာ၊ သံဇကာ၊ သွတ်ဆူးကြိုးစသည့် အသုံးပြုသည့် ပစ္စည်းတန်းဖိုးနှင့် မြေကွက်အကျယ်အဝန်းပေါ်မူတည်ကာ ဈေးနှုန်းသတ်မှတ်သည်။ ပေ ၂၀၊ ပေ ၆၀ မြေကွက်တစ်ကွက်ကို သွပ်ဆူးကြိုးနှင့် ဝင်းခြံခတ်လျှင် ပစ္စည်းတန်ဖိုးနှင့် လုပ်အားခ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကျသင့်မည်ဖြစ်ပြီး သံဇကာနှင့် ဝင်းခြံခတ်လျှင် ငွေကျပ်သုံးသိန်းကျော်ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ယခင်က လယ်ကွင်းကြီးသဖွယ် ဖြစ်နေသော နေရာများမှာ ဝင်းခြံများ ခတ်ထားသဖြင့် လမ်းများပီပြင်လာကာ နေအိမ်အဆောက်အအုံများ မရှိသေးသော်လည်း ရပ်ကွက်အသွင်ပြောင်းလဲလာခဲ့သည့်အပြင် ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်) တွင် မြေကွက်ခြံခတ်ပေးသည့် လုပ်ငန်းများဖြစ်ပေါ်လာပြီး တွင်ကျယ်စွာ လုပ်ကိုင်ဆောင်ရွက်နေရကြောင်း သိရသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)တွင် မြေကွက်ခြံခတ်ပေးသည့် လုပ်ငန်းများဖြစ်ပေါ်လာခဲ့ရခြင်းမှာ ရတနာနှင့် ဧရာဝဏ်အိမ်ရာများအကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်လာသဖြင့် မကြာမီ စည်ကားတိုးတက်လာနိုင်သည့် အခြေအနေများ ရှိနေသဖြင့် ဒေသတွင်း မြေကွက်များ ဈေးနှုန်းမြင့်တက်လာခဲ့သည်။ ထို့အပြင် ကျူးကျော်ပြဿနာများအတွက်လည်း စိုးရိမ်သောက ဖြစ်လာခဲ့ကြသည်။ ထို့ကြောင့် မြေကွက်ပိုင်ရှင်များက မိမိတို့၏ မြေကွက်များ လုံခြုံမှုရှိစေရန်အတွက် ဝင်းခြံများခတ်နေကြသကဲ့သို့ လယ်ယာမြေပိုင်ရှင်များကလည်း မိမိတို့၏ လယ်ယာမြေလုံခြုံရေးအတွက် ပိုင်ရှင်ရှိကြောင်း၊ လယ်သမားကိုယ်တိုင် လယ်လုပ်ကိုင်ဆောင်ရွက်နေကြောင်း ဆိုင်းဘုတ်များစိုက်ထူထားကြရာ ယင်းမြို့နယ်အတွင်းမြေကွက် ခြံခတ်ပေးသည့်လုပ်ငန်းများ တွင်ကျယ်လာခြင်းဖြစ်သည်။

မင်းသစ္စာလှိုင်(ကန်ုကနိ)

"Ooredoo, Telenor နှင့် Telecommunications Company
ဆရာ Wilfred(ELTcS Presenter) Speaking & Writing
"JOB INTERVIEW ENGLISH FOR TELECOMMUNICATIONS COMPANIES"
➡ Certificate in Communicative English for Employees in Telecommunications Industry
4 Skills English +IELTS Foundation (6 Months)
Telecommunications Company 'Package Training'
FLOURISH UNITED
09 4211 53244 , 09 4210 92192 Limited Seats! Enrol Now!

(USA-2012) Certificate
Certificate

ကိုးဘွဲ့ရရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာခံယူပါ။

တသင်၊ တကျက်၊ တစစ်လေ့ကျင့်ရေး
CAMP
2014-2015
Tel: 09-73089666
09-73231147

မိတ္ထီလာ အ-ထ-က(၂) စာသင်ကျောင်းဆောင်သစ်နှစ်ဆောင်ကို တွေ့ရစဉ်။

မိတ္ထီလာအ-ထ-က(၂)တွင် ကျောင်းဆောင်သစ်နှစ်ဆောင် ဆောက်လုပ်ပြီးစီး

မိတ္ထီလာ၊ မေ ၂

မိတ္ထီလာ အ-ထ-က(၂) တွင် ၂၀၁၃-၂၀၁၄ ပညာရေးဝန်ကြီးဌာန ဘဏ္ဍာငွေဖြင့်ဆောက်လုပ်သည့် စာသင်ကျောင်းဆောင်သစ်နှစ်ဆောင် ဆောက်လုပ်ပြီးစီးပြီဖြစ်သည့်အတွက် ကျောင်းဖွင့်ရာသီတွင် ကျောင်းသားကျောင်းသူများ အနေဖြင့် အခက်အခဲမရှိ ပညာသင်ယူနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"ကျောင်းဆောင်သစ် နှစ်ဆောင်ကို မတ်လ လဆန်းပိုင်းကတည်းက ဆောက်လုပ်ပြီးစီးသွားတာပါ။ စာသင်ကျောင်းဆောင်သစ် နှစ်ဆောင်က သွပ်မိုး၊ အုတ်ကာ အဆောက်အအုံဖြစ်ပြီး လိုအပ်တဲ့ တိုင်နဲ့ ဘေးကာသစ်တွေအစား သံဖရိန်တွေကို အသုံးပြုတည်ဆောက်ထားတာဖြစ်ပါတယ်။ စာသင်ဆောင်နှစ်ခု သုံးခန်းတွဲစီဖြစ်ပြီး အလျား ၉၀ ပေ၊အနံ ၃၀ပေ ရှိကြပါတယ်။ 'ဧကရီချို' ဆောက်လုပ်ရေး ကုမ္ပဏီကတာဝန်ယူတည်ဆောက်ပေးတာပါ။ ပညာရေးဝန်ကြီးဌာနဘတ်ဂျက်ငွေ ၆၄၈ သိန်းနဲ့ အဆောက်အအုံနှစ်ခုကို တည်ဆောက်ခြင်းပါတယ်" ဟု အ-ထ-က(၂) မှ အထက်တန်းပြကျောင်းဆရာတစ်ဦးက ပြောသည်။

အ-ထ-က(၂) ကျောင်းသည် ရန်မျိုးအောင်ရပ်ကွက်နယ်မြေ၊ရန်ကုန်-မန္တလေးကားလမ်းမအနီးတွင် တည်ရှိပြီး အောင်ဇေယျာ၊ သီရိဂုဏ်လာ၊ရန်မျိုးအောင်၊ ပြည်သာယာ၊ မကျီးချောက်၊ လျှော်ဖြူကန်၊ ကန်တိုင်ပေါက်၊ ပျဉ်သာ၊ သာစည်လေးစသည့် ရပ်ကွက်ကျေးရွာများမှ ကျောင်းသားကျောင်းသူစုစုပေါင်း ၂၂၅၀ ခန့် တက်ရောက်ပညာသင်ယူလျက်ရှိကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ဈေးကွက်

မီးဖိုချောင်သုံး ကုန်စည်ဈေးနှုန်း အတက်အကျရှိ

à armifpatmif

ဧပြီ ၂၀ ရက်ထုတ် ကြေးမုံသတင်းစာပါ စာမျက်နှာ ၂ တွင် သကြၤန်အပြီး ကုန်ဈေးနှုန်းများကျ သတင်းဖော်ပြမှုနှင့် ပတ်သက်၍ ယခုပတ်တွင် သတင်းဂျာနယ်နှင့် ဧပြီ ၂၈ ရက်ထုတ် ပုဂ္ဂလိကနေ့စဉ်ထုတ် သတင်းစာတို့တွင် ဆောင်းပါးများအနေဖြင့် ဝေဖန်ကဲ့ရဲ့သည့် အရေးအသားမျိုးမျိုးရေးသားလာသည့်အတွက် ကြေးမုံသတင်းစာတွင် ကုန်ဈေးနှုန်းသတင်း ရေးသားသူ ကာယကံရှင်တစ်ဦးအနေဖြင့် ပြန်လည် ရှင်းလင်းရေးသားခြင်းဖြင့် အများပြည်သူ အမြင်ကြည်လင်မည်ဟု မျှော်လင့်ပါသည်။

ကုန်ဈေးနှုန်းတို့မည်သည် အတက်အကျရှိစမြဲဖြစ်ကြောင်း စီးပွားရေးလုပ်ကိုင်သူများ သိပါသည်။ အများပြည်သူ နေ့စဉ်ဝယ်ယူစားသုံးနေရသော မီးဖိုချောင်သုံးကုန်စည်ပစ္စည်းဈေးနှုန်းများသည် ၂၀၁၀ ခုနှစ်ဝန်းကျင်တွင် ၂၀၁၄ ဧပြီလ နောက်ဆုံးပတ်ဈေးနှုန်းများထက် မည်မျှဈေးမြင့်နေသည်ကို တင်ပြလိုပါသည်။ ၂၀၁၀-၂၀၁၁ ဝန်းကျင်တွင် မြေပဲဆီ လက္ကားဈေးနှုန်း တစ်ပိဿာ ကျပ် ၄၇၀၀၊ စားအုန်းဆီ တစ်ပိဿာ ကျပ် ၃၀၀၀၊ ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ကျပ် ၁၈၅၀၊ ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၄၇၀၀၊ ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၃၉၀၀၊ အာလူး တစ်ပိဿာ ကျပ် ၁၃၀၀၊ သကြား တစ်ပိဿာ ကျပ် ၁၇၅၀၊ ညောင်ဦးဆေးခပ် တစ်ပိဿာ ကျပ် ၁၆၃၀၊ မန်ကျည်းသီးအသား တစ်ပိဿာ ကျပ် ၃၀၀၀ ဝန်းကျင်သို့ဈေးမြင့်တက်ခဲ့ပါသည်။

၂၀၁၄ ဧပြီ နောက်ဆုံးပတ်အတွင်း မြေပဲဆီ လက္ကားတစ်ပိဿာ ကျပ် ၃၂၀၀၊ စားအုန်းဆီလက္ကား တစ်ပိဿာ ၁၆၀၅ ကျပ်၊ ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ၃၀၀၊ ၄၆၅ ကျပ်၊ ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၁၀၀၀၊ ကျပ် ၁၅၀၀၊ ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၁၂၅၀၊ အာလူး တစ်ပိဿာ ကျပ် ၄၀၀၊ ၅၆၀၊ သကြား တစ်ပိဿာ ကျပ် ၈၈၀၊ ၉၂၀၊ ညောင်ဦးဆေးခပ်တစ်ပိဿာ ကျပ် ၉၀၀၊ မန်ကျည်းအသား တစ်ပိဿာ ကျပ် ၁၁၀၀ နှုန်းသာရှိနေကြောင်း ကုန်စည်ဒိုင်ဈေးနှုန်းများနှင့် ဈေးကွက်များတွင် သိရသည်။

သင်္ကြန်မတိုင်ခင် သိသာသောကုန်စည်ဈေးနှုန်းအချို့မှာ ဧပြီ ၁၁ ရက်တွင် ပြည်ပြမှတင်သွင်းလာသော ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၁၈၀၀ နှုန်းသို့ ဈေးမြင့်တက်ခဲ့သော်လည်း သင်္ကြန်အလွန် ပွဲရုံဖွင့်ရက် ဧပြီ ၁၈ ရက်တွင် ကျပ် ၁၃၀၀၊ ၁၃၅၀ နှုန်း၊ ဧပြီ ၂၆ ရက်တွင် ကျပ် ၁၂၅၀ နှုန်းသို့ ဈေးကျလာခြင်း၊ ဧပြီ ၈ ရက်တွင် ညောင်ဦးဆေးခပ် တစ်ပိဿာ ကျပ် ၁၂၀၀ နှုန်းသို့ ဈေးမြင့်တက်လာပြီး ဧပြီ ၁၁ ရက်တွင် တစ်ရက်တည်း ကျပ် ၁၁၀၀ နှုန်း၊ ကျပ် ၉၀၀ နှုန်းသို့ ဈေးနှုန်းနှစ်မျိုးဖြင့် ဈေးကျလာခြင်းမှာ မီးဖိုချောင်ကုန်စည်ဈေးနှုန်းများ အတက်အကျရှိသည်ကို ပြသနေပါသည်။

> ဈေးနှုန်းနှစ်မျိုးဖြင့် ဈေးကျလာခြင်းမှာ မီးဖိုချောင် ကုန်စည်ဈေးနှုန်းများ အတက်အကျရှိသည်ကို ပြသနေပါသည် . . .

မီးဖိုချောင်သုံး ကုန်စည်ဈေးနှုန်း သင်္ကြန်အလွန် ဧပြီ ၁၈ ရက်တွင် ဈေးနှုန်းကျဆင်းသည့်သတင်းရေးသားမှု အပေါ် ဝေဖန်ရေးသားသကဲ့သို့ ပြန်လည်တင်ပြရလျှင် အမှန်တကယ် ကွင်းဆင်းရယူသော အပတ်စဉ် နေ့စဉ်ထုတ် မီဒီယာအချို့တွင် ကုန်ဈေးနှုန်းအမှားများ ပါရှိနေသည်ကို ပြောပြလိုပါသည်။ ဧပြီလဆန်းကတည်းက ဆောက်လုပ်ရေးလုပ်ငန်းသုံး ဆင်တံဆိပ်(ထိုင်း)ဘိလပ်မြေဈေးနှုန်းများ တစ်အိတ်လျှင် ကျပ် ၆၂၀၀ ဝန်းကျင်ဈေးတက်ခဲ့သည်ကို မီဒီယာတစ်စောင်တွင်သာ ယနေ့ထိ မှန်ကန်စွာဖော်ပြသော်လည်း ထိပ်တန်းရောက်နေသည့် မီဒီယာကြီးနှင့် အချို့သော မီဒီယာများတွင် ယနေ့တိုင် ဆင်တံဆိပ်(ထိုင်း)ဘိလပ်မြေ တစ်အိတ်ဈေးနှုန်း ကျပ် ၅၆၀၀၊ ၅၇၀၀ ဟု မှားယွင်းစွာ ရေးသား ဖော်ပြဆဲရှိသည်ဟု နယ်ပို့ ဘိလပ်မြေများ တင်ဆောင်သော ၁၂ ဘီးကုန်ကားသမားတစ်ဦးမှ ထောက်ပြပြောဆိုပါသည်။

စားသောက်ကုန်ခေါင်းစဉ်ဇယားဖြင့် ကုန်စည် ၁၄ မျိုးဖော်ပြထားသော မီဒီယာတစ်စောင်၏ ကုန်ဈေးနှုန်းအများစု အချက်အလက်နှင့် မီဒီယာတစ်စောင်၏ ဘုရင့်နောင်ကုန်စည်ဈေးနှုန်းဖော်ပြမှုတွင် ပါရှိသော သတင်းဈေးနှုန်း ဖော်ပြသည့် ၂၀၁၄ နှစ်ဆန်းပိုင်းဈေးကွက်တွင်မရှိသော ညောင်ရမ်းမိုးထောင်ငရုတ်ဈေးနှုန်း ဖော်ပြချက်နှင့် ပန်းတနော် ငရုတ်ရှည်ဈေးနှုန်း တစ်ပိဿာ ကျပ် ၅၅၀၀ ဟု ဖော်ပြခြင်းများမှာ မှားနေကြောင်း သက်ဆိုင်ရာမီဒီယာများသို့ အပြုသဘောဖြင့် စာရေးသူမှ ထောက်ပြပြောဆိုမှုကြောင့် အမှန်ဘက်သို့ ရောက်ရှိသွားကြောင်း ကာယကံရှင်မီဒီယာ တိုက်များမှ သိပါသည်။

ကုန်ဈေးနှုန်းကြီးမြင့်လျှင် အများပြည်သူအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေသကဲ့သို့ သတင်းရေးသားပေးပို့သူများအတွက် သတင်းရေးသားခတစ်ပုဒ်လျှင် ကျပ် ၁၀၀၀ သာ ထုတ်ပေးနေသည်မှာ ပုဂ္ဂလိကနေ့စဉ်ထုတ် သတင်းစာအချို့၏ ထုတ်ဝေသူအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေလိုသည့် သဘောမျိုးဖြစ်မည်ဟု ပုဂ္ဂလိကနေ့စဉ် သတင်းစာတစ်စောင်တွင် လက်တွေ့ခံစားရသူ တစ်ဦးအနေဖြင့် ပြောလိုပါသည်။

သတင်းသမားတစ်ဦး အနေဖြင့် မိမိ၏အမည်ကို စာဖတ်သူများ ယုံကြည်ရန် နာမည်တစ်လုံး တည်ဆောက်ရခြင်းသည် အခက်ခဲဆုံးဖြစ်သည်ဆိုသော ဧပြီ ၁၉ ရက် အပတ်စဉ်သတင်းဂျာနယ်ပါ သတင်းဆောင်းပါးပါ ဖော်ပြချက်အတိုင်း မိမိရေးသားသော ကုန်ဈေးနှုန်းသတင်းဆိုင်ရာ အချက်အလက်များကို တာဝန်ယူရန်လိုပါသည်။ မိမိအနေဖြင့် တာဝန်ယူပါသည်။

အသက်ရှင် နေထိုင်ရစဉ်တွင် အများပြည်သူအတွက် ကောင်းမွန်သော လုပ်ရပ်ကို သတင်းရေးသားခြင်းများဖြင့် မည်မျှအကျိုးပြုခဲ့ပြီးဖြစ်သည်ကို စာရေးသူအနေဖြင့် အစဉ်သုံးသပ်နေပါသည်။ မိမိရေးသားသည့် သတင်းမှန်ကန်မှုပေါ်တွင်သာ အထူးသတိပြုရေးသားနေပါသည်။ ရေသားနေဆဲသာဖြစ်ပါသည်။ ပွဲဆူရန် အရေးအသားမျိုးရေးသားခြင်းမျိုး မပြုလုပ်လိုပါ။

မျက်မှောက်ကာလ အချိန်နှင့် တပြေးညီဖြစ်နေသော စာရေးသူနှင့် လက်လှမ်းမီသော အများပြည်သူနှင့် သက်ဆိုင်သည့် သတင်းဖြစ်ရပ်များကို နိုင်ငံပိုင်သတင်းစာများတွင် ပြင်ပသတင်း ရေးသားသူတစ်ဦးအနေဖြင့် ဆက်လက် ရေးသားပေးပို့ဦးမည်ဖြစ်သည်။ ပေးပို့သတင်းတိုင်း အထောက်အထားခိုင်လုံမှုဖြင့် ပေးပို့ပြီး မိမိ၏ သတင်းရေးသား ဖော်ပြမှုကို စာဖတ်သူများ၏ ဝေဖန်မှုများဖြင့် မှတ်ကျောက်တင်လိုပါသည်။ မိမိရေးသားသည့် သတင်းကြောင့် အများပြည်သူအတွက် မည်မျှအကျိုးရှိ၊ မရှိကို သက်ဆိုင်သူများသာ သိရှိပါသည်။

ဂဘာ မိုးစုံ
(Alphard/Hiace ...
Saloon/ ...
Ph:09-5418126

ပန်း ထိုး ဝက်
Ph: 563033, 0973191322

" Container-ယာဉ်ဒေါင်း"
"အမြန်သင်တန်းပေးနေပြီ"
Phone : 377 343-377 344 -38 57 58 - 38 68 77-39 22 33

SEVEN ၆
SEVEN

FANCY HOUSE
hair beauty nail
Academy
Summer Special
ဆံပင်ညှပ်သင်တန်း - (၇) သိန်း
May : 15/05/2014
တွင်သင်တန်းသစ်စဖွင့်မည်။
ဆက်သွယ်ရန် - ၀၁ - ၆၆၂၆၃၆၊ ၆၅၂၉၉၅

RECOGNISED OVERSEAS CENTRE OF THE
Oxford
LANGUAGE CENTRE, LONDON
U WIN MAW (RESEARCH)
Quality Control Service
You can speak English fluently within 4 months.
Only 10 students can enroll in one special class.
Teachers who can teach IELTS may contact by calling 516503.
P.E.S.
1. Basic Grammar & Speaking(4 months)1-5-2014 / 2.IELTS(Individual)
238 (3C), 2nd FL, YADANAR STREET, MYAYNIGONE, SANCHAUNG TOWNSHIP
YANGON. ☎ 503492 / 516503

ကျန်းမာရေးဆောင်းပါး

ခြေဖဝါးဆားပွတ်ခြင်း၏ ထူးခြားသော ရောဂါပျောက်ကင်းမှုများ

à lunf/Gifnk)

လွန်ခဲ့သောနှစ် နွေရာသီက အပူရှိန်လွန်ကဲပြီး စာရေးသူမောင်းသော ကားအတွင်းမှ အပူချိန်တိုင်းသာမိုမီတာသည် ၄၄ ဒီကရီစင်တီဂရိတ်ပြသောအချိန် ဖြစ်သည်။

ခေတ်မီကားများတွင် အဲယားကွန်းပါသဖြင့် စာရေးသူလည်း မနေနိုင်၊ ဖွင့်မိသည်။ အဲကွန်းဖွင့်စီးလိုက် လိုရာရောက်လျှင် အပြင်ထွက်လိုက်နှင့် တစ်ပတ်ခန့်ကြာသောအခါ ခေါင်းကိုက်ဝေဒနာ ရလာသည်။

ခေါင်းကိုက်ဝေဒနာသည် ဖြစ်စက နံနက်အိပ်ရာထချိန်တွင် စိတ်မကြည်လင်ပဲ ခေါင်းထဲမှ အုံနေသလို၊ လေးနေသလို ခံစားနေရသည်။ နောက်ပိုင်းတွင် ကားမောင်းနေစဉ် အဲယားကွန်းဖွင့်ပြီး ပူရာမှ အေးလာသောအခါ နောက်စေ့ထဲမှ သိသိသာသာထိုးကိုက်လာသည်ကို သတိပြုမိလာသည်။ ဦးခေါင်းနောက်စေ့မှ ခေါင်းကိုက်ခြင်းသည် လေဖြတ်မည့် ရှေ့ပြေးလက္ခဏာများထဲမှ တစ်ချက်ဖြစ်သဖြင့် စာရေးသူကိုယ်တိုင် ထိတ်လန့်သွားမိသည်။ ငါဦးနှောက်သွေးကြောပေါက်ပြီး လေဖြတ်တော့မှာလား စိုးရိမ်စိတ်ဝင်လာမိသည်။ ကားကို အဲယားကွန်းပိတ်ပြီး မောင်းသောအခါတွင်လည်း မနေနိုင်အောင် ချွေးဒီးဒီးကျပြီး ပူလောင်လာသည်။ ခေါင်းထဲမိုက်ပြီး မျက်စိများပြာသလိုဖြစ်လာသည်။ အပူအအေး နှစ်ခုကြားတွင် စာရေးသူမှာ အတော်လေး ဒုက္ခခံလိုက်ရသည်။

နောက်ပိုင်းရက်များတွင် အထူးသတိထားပြီး နေ့လည်နေပူချိန်တွင် လုံးဝအပြင်မထွက်။ အဲယားကွန်းဖွင့်သော ကားလည်းမစီး။ နံနက်စောစောနှင့် ညနေ နေအေးချိန်များတွင်သာ သွားစရာ ရှိသောကိစ္စများကို ဆောင်ရွက်နိုင်ရန် စီစဉ်ရတော့သည်။

ထိုကဲ့သို့ အပူအအေး ပြဿနာရှိသော အဲယားကွန်းကားကို ရှောင်ကြဉ်လိုက်သော်လည်း စာရေးသူ၏ ဦးခေါင်းနောက်စေ့ကိုက်ဝေဒနာမှာ အလျဉ်းပျောက်မသွားပေ။ နံနက်အိပ်ရာထချိန်မှစ၍ ခေါင်းမကြည်။ ဝမ်းချုပ်သောနေ့များတွင် ပို၍ဆိုးသည်ကို သတိပြုမိလာသည်။ ထို့ကြောင့် ဝမ်းမချုပ်စေရန် အသီးအနှံကို ပို၍စားသည်။ ရေများများသောက်သည်။ သို့သော် ခေါင်းကိုက်ခြင်းမှာ အလျဉ်းပျောက်ကင်းသွားခြင်းမရှိ။ စာများများဖတ်လျှင်၊ တီဗွီကြည့်လျှင် နောက်စေ့မှ ချက်ခြင်းကိုက်လာသည်။ထို့ကြောင့် စာလည်းများများ မဖတ်ရဲ။ တီဗွီလည်းမကြည့်နိုင်ဖြစ်လာသည်။

တစ်ခါတစ်ရံ ခေါင်းကိုက်ခြင်း ဝေဒနာသည် မျက်လုံးအိမ်ထဲအထိ ရောက်သွားသလိုခံစားရသည်။ တစ်စုံတစ်ခုကို ငုံ့၍ကြည့်လိုက်လျှင် နောက်စေ့သာမက မျက်လုံးအိမ်ထဲအထိပါ စူးအောင့်သွားသည်။ ချောင်းဆိုးလျှင် ပို၍ဆိုးသည်။ ကလေးများငယ်စဉ်က ချောင်းအဆက်မပြတ်ဆိုးလျှင် မျက်လုံးအိမ်ကြီးများရောင်ပြီး မောက်မို့လာသည်ကို သွား၍သတိရမိသည်။

ဦးခေါင်းကိုက်သောဝေဒနာကို သက်သာစေရန် မြန်မာဆေးသာမက အင်္ဂလိပ်ဆေး (ပါရာစီတမော) ကိုလည်း သောက်သည်။ သုံးရက်ခန့်သောက်ပြီး ပါရာစီတမော အသောက်များလျှင် အသည်းကိုထိခိုက်သည်။ အသည်းခြောက်တတ်သည် ပြောသံကြားဖူးသဖြင့် ဆက်မသောက်ရဲတော့။ ဦးခေါင်းကို အနှိပ်ခံအကြောပြင်သည့်လိုင်းသို့ ပြောင်းကြည့်မိပြန်သည်။

ဦးခေါင်းမှ ဆံပင်များကိုဆွဲ၍ အနာခံပြီး အပူထုတ်လျှင် သက်သာသည်။ သို့သော် ရက်ကြာလာသောအခါ ဦးရေပြားများနာ၍ အထိမခံနိုင်တော့။ နောက်တစ်နည်းပြောင်းပြီး အကင်းဆယ်ပါးဆေးမှုန့်ကို မီးရှို့ပြီး မှိုင်းရှူဆေးအဖြစ်သုံးကာ ကုထုံးပြောင်းပြီး ကုကြည့်မိပြန်သည်။ ကြာရှည်မခံနိုင်။ အသက်ရှူလမ်းကြောင်းနှင့် အဆုတ်အတွင်းသို့ လေဝင်ရာလမ်းကြောင်းတစ်လျှောက်တွင် စူးရှသလို ခံစားလာရသဖြင့် ရက်ကြာကြာဆက်၍ မရှူနိုင်တော့ပေ။

ခေါင်းကိုက်ခြင်း၏သဘောကို လေ့လာကြည့်သောအခါ လေပူ၏ အထက်ဆန်သောဒုက္ခပေးခြင်းဖြစ်သည်ကို သတိပြုမိလာသည်။ အထက်ဆန်သောလေကို ဥဒင်္ဂမဝါယောဟုခေါ်သည်။ ဦးခေါင်းပိုင်းကိုသာမက မျက်စိကိုက်ခဲခြင်း၊ စွေစောင်းခြင်း၊ ပါးစပ်ရွဲ့ခြင်း၊ လျှာစောင်းရွဲ့ခြင်း၊ စကားမပီခြင်းတို့ကိုပါဖြစ်စေနိုင်သော လေမျိုးဖြစ်သည်။ ဦးခေါင်းကိုက်ခြင်း၏ နောက်ဆက်တွဲကြောင့် ဦးနှောက်အတွင်းသွေးကြောပေါက်ပြီး လေဖြတ်သူများစွာရှိသည်။

ဥဒင်္ဂမဝါယော၏ ဆန့်ကျင်ဘက်မှာ အဓောဂမဝါယော(အောက်သို့စုန်သောလေ) ဖြစ်သည်။ လေသက်ဆေးများ သောက်ပေးလျှင် သက်သာစေနိုင်သည်။ လိုအပ်လျှင် ဝမ်းနုတ်ဆေးကိုလည်း စားသင့်က စားပေးရန်လိုသည်။ အောက်သို့ လေစုန်လာသောအခါ တစ်နည်းအားဖြင့် လေလည်သောအခါ ခေါင်းကိုက်ခြင်းဝေဒနာသည် သက်သာလာမည်ဖြစ်သည်။

ရှေးက ဓာတ်ဆရာကြီးများကုသည့်ကုထုံး တစ်မျိုးကို စာရေးသူ မန္တလေးမြို့မြောက်ပြင် တိုင်းရင်းဆေးသိပ္ပံတွင် ပညာသင်ကြားစဉ်က မှတ်သားရဖူးသည်ကို ပြန်ပြောင်းသတိရမိသည်။ ထိုကုထုံးမှာ ညအိပ်ရာဝင်ချိန်နှင့် နံနက်အိပ်ရာထချိန်တွင် ခြေဖဝါးကို ဆားပွတ်သောကုထုံးဖြစ်သည်။ စာရေးသူသည် ဤနည်းကိုအသုံးပြု၍ တစ်နေ့နှစ်ကြိမ် ညအိပ်ရာဝင်ချိန်နှင့် နံနက်စောစော လမ်းထလျှောက်ပြီး ပြန်လာချိန်တို့တွင် ဆားပွတ်သည်။

ပွတ်ပုံပွတ်နည်းမှာ ဆားမပွတ်မီ ခြေဖဝါးကို ရေစိုအဝတ်ဖြင့် အရင်ပွတ်ရသည်။ ကူမည့်သူရှိလျှင် မိမိက ခြေဆင်း၍အိပ်ပြီး ခြေဖဝါးကို ဆားပွတ်ပေးမည့်သူက ခြေရင်းတွင်ထိုင်ကာ ဆားတစ်ခွက် ရေစိုအဝတ်ထည့်ထားသော ရေအင်တုံတစ်ခွက်ဖြင့် ခြေဖဝါးကို ရေဖတ်တိုက်လိုက် ဆားပွတ်လိုက်ဖြင့် တစ်လှည့်စီ ပြုလုပ်ပေးရန်ဖြစ်သည်။ မကြာမီ ခြေဖဝါးမှ အပူများထွက်လာသည်ကို သိသိသာသာ ပွတ်ပေးသူရော အပွတ်ခံရသူပါ အပူငွေ့များကို ခံစားသိရှိနိုင်ပေသည်။

ဤသို့ဖြင့် စာရေးသူ၏ ဦးခေါင်းနောက်စေ့မှ ခေါင်းကိုက်သောဝေဒနာနှင့် မျက်လုံးအိမ်မှ စူးအောင့်ကိုက်ခဲသောဝေဒနာတို့မှာ ခုနှစ်ရက်ခန့် ခြေဖဝါးဆားပွတ်ပြီးနောက် အလျဉ်းပျောက် ကင်းခဲ့ရကြောင်း ကိုယ်တွေ့ကုထုံးအဖြစ် တင်ပြလိုက်ရပေသည်။

ခြေဖဝါး ဆားပွတ်ခြင်း၏ အကျိုးကြောင့် ကျောက်ကပ်ဝေဒနာခံစားရသူများ ခါးနာ၊ ခါးကိုက်ရောဂါ စွဲနေသူများ၊ မီးယပ်သွေးဆုံးနာခံစားရသောအမျိုးသမီးများ၊ ဒူလာပါဒရက်ရောဂါခံစားနေရသော အမျိုးသားများ၊ မျက်စိတိမ်စွဲသူများ၊ မျက်ရိုးကိုက်ဝေဒနာ ခံစားရသူများ၊ ဆံပင်အကျွတ်များ၍ ထိပ်ပြောင်ကာ ဦးရေပြားပေါ်သူများပါ သက်သာပျောက်ကင်းနိုင်ကြောင်း ရှေးဆရာကြီးများက အဆိုရှိကြောင်းကိုလည်း အသိပေး တင်ပြလိုပါသည်။

မကွေးတိုင်းဒေသကြီးအတွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများဆွေးနွေး

မကွေး၊ မေ ၂

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး ဦးဝင်းမြင့်မောင်က မြန်မာနိုင်ငံတွင် လက်ရှိလုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများ၏ ၉၅ ရာခိုင်နှုန်းကျော်မှာအသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများဖြစ်ကြောင်း မကွေးတိုင်း ဒေသကြီးအတွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့်ပတ်သက်သော ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

မကွေးတိုင်း ဒေသကြီးအတွင်း၌ မြန်မာနိုင်ငံတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ၈၀ ရာခိုင်နှုန်း ထွက်ရှိနေကြောင်း အလုပ်သမား အခြေပြုလုပ်ငန်းများ၊ ဝန်ဆောင်မှု၊ ရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်နေပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မကွေးတိုင်း ဒေသကြီးအတွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့်ပတ်သက်သော ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များ ညှိနှိုင်းအစည်းအဝေးကို မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၃၀ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အသေးစားနှင့် အလတ်စား ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ (Delivery Unit)၏ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမျိုးအောင်က လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းခြင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းရှင်များ၏ လက်ရှိဆောင်ရွက်နေသည့် အခြေအနေကို သိရှိနိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ၊ အခက်အခဲများကို တွေ့ဆုံဆွေးနွေး အဖြေရှာပြီး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အခမ်းအနားသို့ ပခုက္ကူမြို့နှင့် ရေနံချောင်းမြို့များရှိ စက်မှုဇုန်များမှ လုပ်ငန်းရှင်များနှင့် မကွေး၊ မင်းဘူး၊ အောင်လံမြို့များရှိ စီးပွားရေး လုပ်ငန်းရှင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများတက်ရောက်ခဲ့ကြောင်း သိရသည်။

ခင်မာလာ(မကွေး)

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

LCCI-EDI (UK)
LCCI Level 1-2-3
AutoCount & MYOB Computerised Accounting
May
(55000/-Ks) 15.5.2014
09-5118647-73009869-73013432-73028433

VALUESTAR
EDUCATION CENTRE
GENERAL ENGLISH
(4 Skills + Grammar + Vocab)
SPOKEN ENGLISH
BUSINESS ENGLISH
INTERVIEW ENGLISH

အရိုးကျိုးပေါင်းရောဂါ သောက်ဆေး
အရိုးကျိုးပေါင်းရောဂါ လိမ်းဆေး
အရိုးကျိုးပေါင်းရောဂါ စည်းဆေး(အုံဆေး)

Since 1898
ဆရာဝန်များ ဦးစီးသည့်
စံပြဘော်ဒါ
Air-Con GCE

ပြင်ဆင်ခဲ့သည့် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေများ မော်လမြိုင်တွင် ထပ်ဆင့်ရှင်းလင်း

မော်လမြိုင်၊ မေ ၂

ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သည့် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်ကောက် ဥပဒေနှင့် ပြင်ဆင်ခဲ့သည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေများအား ပြည်သူများသို့ ရှင်းလင်းခြင်းအခမ်းအနားကို ဧပြီ ၂၉ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး ရွှေမြိုင်ခန်းမ၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ မြို့နယ်ဖွံ့ဖြိုးရေး အထောက်ကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အခွန်ထမ်းပြည်သူများ ၂၅၀ ကျော် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မော်လမြိုင်မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်လှလှမူမှ ရှင်းလင်းပြောကြားရာတွင် ဝင်ငွေခွန်နှင့် စပ်လျဉ်း၍ လစာဝင်ငွေအပေါ် ဝင်ငွေခွန်စည်းကြပ်ခြင်း၊ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေ

> **အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် . . .**

အပေါ် ဝင်ငွေခွန်စည်းကြပ်ခြင်း၊ နိုင်ငံသားများ အခြေပစ္စည်းတစ်ရပ်ရပ် ဝယ်ယူ၊ တည်ဆောက်ရယူခြင်းများအတွက် ဝင်ငွေအပေါ် ဝင်ငွေခွန်စည်းကြပ်ခြင်းများသည် ဧပြီ ၁ ရက်မှစ၍ အကျိုးသက်ရောက်ကြောင်း သိရသည်။ ၂၀၁၄ ခုနှစ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ၊ အခွန်အကောက်အရ လျာထားချက် စုစုပေါင်း၄၈၉၀ ဒသမ ၅၈၀ ဘီလီယံရှိပြီး ၎င်းလျာထားချက်တွင်ပြည်တွင်းအခွန်များ ဦးစီးဌာနမှ အခွန်လေးမျိုးကောက်ခံရန် လျာထားချက်မှာ ၃၀၁၄ ဒသမ ၀၁၅ ဘီလီယံဖြစ်သဖြင့်တစ်နိုင်ငံလုံး အခွန်အကောက်ရငွေ လျာထားချက်၏ ၆၂ ရာခိုင်နှုန်းကိုပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံရမည်ဖြစ်ကြောင်း သိရသည်။

အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနသည် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ၏ အကူအညီကိုရယူနိုင်ကြောင်း ရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

အောင်နေမင်း

စည်ပင်ပိုင်ရေမြောင်းများ ခွကျော်ဆောက်လုပ်ထားခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေ

ရန်ကုန်၊ မေ ၂

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ရပ်ကွက်ကြီး ၂၀ နှင့် ကျေးရွာအုပ်စု ကိုးခုတို့အတွင်း ရေဝပ်ရေအိုင်များ ကင်းစင်စေရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အနောက်ပိုင်းခရိုင်ခွဲမှ ခရိုင်မှူးဦးကံညွန့်၊ မြို့နယ်တာဝန်ခံ ဦးခင်မောင်အေးနှင့် ဝန်ထမ်းများက ရေစီးရေလာကောင်းမွန်ရေးအတွက် ဦးစားပေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကာလအတွင်း၌ပင် လှိုင်သာယာမြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်၊ အလောင်းဘုရားလမ်းမဘေး၌ ဖွင့်လှစ်ရောင်းချနေသည့် ဘရားသား လက်ဖက်ရည်ဆိုင်နှင့် ကျန်စစ်သားလမ်းမကြီးဘေးနှင့် အလောင်းဘုရားလမ်းထောင့်တွင် ဖွင့်လှစ်ထားသည့် ရွှေတက်လူလက်ဖက်ရည်ဆိုင်တို့သည် စည်ပင်သာယာပိုင်နယ်နိမိတ်အထိ ကျူးကျော်ဆောက်လုပ်ရောင်းချနေမှုတို့ကြောင့် ပင်မရေမြောင်းကြီးများ ပိတ်ဆို့နေခဲ့သည်။

သို့ဖြစ်၍ ရေစီးရေလာကောင်းမွန်ရေးအတွက် အဟန့်အတားဖြစ်စေသည့်အပြင် စည်ပင်ပိုင်ရေမြောင်းများ ခွကျော်ဆောက်လုပ်ထားခြင်းတို့ကြောင့် နေ့နေ့ညည ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်နေပြီး ကလေးသူငယ်၊ ကျောင်းသား၊ ကျောင်းသူ၊ ခရီးသွားပြည်သူများ၊ ယာဉ်မတော်တဆမှု ဖြစ်ပေါ်ခံစားမည်ကို စိုးရိမ်နေကြရသဖြင့် သက်ဆိုင်ရာဌာန တာဝန်ရှိသူများထံ အသိပေးတင်ပြသော်လည်း ထိရောက်စွာ ဆောင်ရွက်ပေးခြင်းမရှိသောကြောင့် အဆိုပါအခက်အခဲအား သက်ဆိုင်ရာမှ တင်းတင်းကြပ်ကြပ် ဆောင်ရွက်ပေးစေလိုကြောင်း ယင်းနယ်အတွင်းမှ နေထိုင်သူများကပြောသည်။

မင်းထက်ပိုင်

ရွှေစည်းခုံဘုရားစောင်းတန်းပေါ်၌ ရောင်းချလျက်ရှိသော ရှေးဟောင်းယဉ်ကျေးမှုလက်ရာများအနက် ယွန်းထည်ပစ္စည်းများ ရောင်းအားကောင်း

မလှိုင်၊ မေ ၂

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၌ တည်ထားကိုးကွယ်ထားသည့် ရွှေစည်းခုံဘုရားစောင်းတန်းပေါ်၌ ရောင်းချလျက်ရှိသော ရှေးဟောင်းယဉ်ကျေးမှုလက်ရာများအနက် ယွန်းထည်ပစ္စည်းများမှာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

"ရှေးမင်းအဆက်ဆက် တည်ထားကိုးကွယ်ခဲ့တဲ့ ပုဂံညောင်ဦး ဘုရားစောင်းတန်းတွေက ယဉ်ကျေးမှုပစ္စည်းတွေ ရောင်းချတဲ့ဆိုင်တွေထဲမှာ ယွန်းထည်ပစ္စည်းတွေကို ပုဂံ၊ ညောင်ဦးမြို့ကို လာရောက်ဘုရားဖူးလည်ပတ်တဲ့ ခရီးသွားနိုင်ငံခြားသားတွေအတွက် ယွန်းထည်ပစ္စည်းတွေဟာ စိတ်ဝင်စားစရာပစ္စည်းတစ်ခုလို့ ပြောလို့ရပါတယ်။ ကျွန်မတို့ရောင်းချနေတဲ့ ယွန်းထည်ပစ္စည်းတွေဟာ အဘိုးအဘွား လက်ထက်ကတည်းက ရောင်းချခဲ့တဲ့ ယဉ်ကျေးမှုပစ္စည်းများပါ။ အရောင်းအဝယ်လည်း ဖြစ်နေပါတယ်"ဟု ရွှေစည်းခုံဘုရား စောင်းတန်းပေါ်၌ရောင်းချသည့် ယွန်းထည်ဆိုင်ရှင်တစ်ဦးက ပြောသည်။

ယွန်းထည်ပစ္စည်းများ၏တန်ဖိုးမှာ ကျပ်ငွေသုံးထောင်မှ ကျပ်ငွေတစ်သိန်းကျော်အထိရှိပြီး လာရောက်ဝယ်ယူသူများမှာ ခရီးသွားနိုင်ငံခြားသားများက အများဆုံးလာရောက်ဝယ်ယူကြကြောင်း၊ မြန်မာပြည်သူပြည်သားများအနေနဲ့လည်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် များကိုထိန်းသိမ်းသင့်ကြောင်း ၎င်းကဆက်လက်ပြောသည်။

ကျော်ကျော်(မလှိုင်)

တောင်ငူမြို့နယ်၌ ကျေးရွာချင်းဆက် တလိုင်းကန်ကွန်ကရစ်တံတားဖွင့်

တောင်ငူ၊ မေ ၂

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ စပါးကြွယ်ကျေးရွာအုပ်စု မန်ကျည်းခုံကျေးရွာနှင့် ဇီးပင်သာကျေးရွာအကြား အလျား ပေ ၂၀၊ အကျယ် ၈ ပေခွဲနှင့် အမြင့် ၈ ပေခွဲရှိ သံချည်သံကွေး ကွန်ကရစ်တလိုင်းကန်တံတားဖွင့်ပွဲကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက အဆိုပါတံတားထိပ်၌ ကျင်းပရာ တောင်ငူမြို့နယ်အထောက်အကူပြုကော်မတီအဖွဲ့ဝင် ဦးအောင်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာမိရွာဖများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါတံတားကို တောင်ငူမြို့နယ် အထောက်အကူပြုကော်မတီ ရန်ပုံငွေနှင့် ကျေးရွာများမှ စုပေါင်းပါဝင်လှူဒါန်းငွေ ကျပ်သိန်း ၄၀ ခန့်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားဆောက်လုပ်ပြီးစီးသွားသည့်အတွက် ပတ်ဝန်းကျင်ရှိ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ပညာရေးကိစ္စများအား အထောက်အကူ ဖြစ်စေသည့်အတွက် ကျေးလက်လူထုများအတွက် အဆင်ပြေကြောင်း သိရသည်။

စပါးကြွယ်ကျေးရွာအုပ်စု မန်ကျည်းခုံကျေးရွာနှင့် ဇီးပင်သာကျေးရွာအကြား ကွန်ကရစ်တလိုင်းကန်တံတား ဖွင့်လှစ်နေစဉ်။

ဦးကျော်လှ(တောင်ငူ)

LANCASTER *Education Centre*

- **IELTS** (Foundation , Exam Practice)
- **General English** (Elementary to Intermediate)
- **IGCSE** (English)
- **Basic Writing Skills**
- **Business English**

ရောင်းရန်ရှိသည်
Toyota Hiace 2012
Toyota Hiace 2011

တိုက်ခန်းရောင်းမည်

ယတြာဆရာမ

EDE အင်ဂျင်နီယာများကိုယ်တိုင်ဦးစီးသင်ကြားသော မော်ဒယ်မြင် ကားတွန်ချူတာစနစ် စာတွေ့လက်တွေ့(၂လ)သင်တန်း

အမှတ်စဉ်(၄၇) (၄၈) ပုံမှန်တန်းခွဲသစ်များကို မေလ (၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်

Car Computer, Engine, Hybrid, Iginition, Cooling, Lubrication, Sensor, EFI, ABS, Traction Control, ESC, Emission, System Diagram, Wiring, DTC, Live Data, Active test, Fail Safe and Adaptation, Scan tool, All Data, Auto Data, Mitchell

to contact:
09 4211 444 95
09 4211 444 96
09 4211 444 97

Engine Doctor Engineering

Seminar in Logistics Professional

PASAS (S'pore) မှ Certificate ပေးအပ်ပါမည်။

Speaker Dr Habib Kassim
DBA , MBA , BBA , CISCM , MSIM
Director of Purchasing & Supply Association S'pore (PASAS)

Zephyr Restaurant
May 24 (Sat) 9:00 am - 5:00 pm
May 25 (Sun) 9:00 am - 5:00 pm

More Information : YCTC Business Institute

Ph : (01) 542033, (09) 420118100 , (09) 250640429

သွေးလွန်တုပ်ကွေးဖြစ်စေသည့်ခြင်များအတွက်ခြင်ဆေးမှုတ်ခြင်းသည်အဓိကကျသောနှိမ်နင်းမှုမဟုတ်

ရန်ကုန်၊ မေ ၂

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ဆောင်ရွက်ရာတွင်ခြင်ဆေးမှုတ်ခြင်းနည်းလမ်းဖြင့် ဆောင်ရွက်နေခြင်းသည် အဓိကကျသော နှိမ်နင်းမှု မဟုတ်ကြောင်း ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးပညာဌာန၊ညွှန်ကြားရေးမှူး(ငြိမ်း)ဒေါက်တာ ခင်မောင်လွင်က ပြောသည်။

"ကျွန်တော် ကျန်းမာရေးဌာနမှာ တာဝန် ထမ်းဆောင်နေတုန်းကဆိုရင် မိုးကျတာနဲ့ ခြင်ဆေးမှုတ်ပေးဖို့အကြောင်းကြားလာတာတွေမကြာခဏတွေ့ရတယ်။တကယ်တော့ ခြင်ဆေးမှုတ်တာဟာ ဖြေရှင်းနည်းအဓိက မဟုတ်ဘူး"ဟု ၎င်းက ပြောသည်။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် အဘိတ်ဆေးခတ်ခြင်းဖြင့် ဖြေရှင်းနိုင်ပြီး ၎င်းလုပ်ငန်းများအားကျန်းမာရေးဝန်ကြီးဌာနက ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းကာ လုပ်ဆောင်ပေးလျက်ရှိသည်။

သွေးလွန်တုပ်ကွေးရောဂါပိုး သယ်ဆောင်သောခြင်မှာ ရေကြည်၊ ရေသန့်များတွင် ဥချ၍ ပိုးလောက်လန်းများအဖြစ် ပေါက်ပွားတတ်ခြင်းကြောင့် အဘိတ်ဆေးခတ်ထားခြင်းဖြင့် ပိုးလောက်လန်းပေါက်ပွားမှုကို ဟန့်တားနိုင်၍ အထောက်အကူကောင်းများဖြစ်စေကြောင်း သိရသည်။

"အဘိတ်ဆေး ခတ်ပေးပါလို့ တောင်းဆိုရမှာကို ခြင်ဆေးမှုတ်ပေးပါလို့တောင်းဆိုတာဟာ ဆေးခန်းလာပြတဲ့ လူနာကမလိုအပ်ဘဲ ဆေးထိုးပေးပါလို့ တောင်းဆိုသလိုဖြစ်နေတယ်"ဟု ဒေါက်တာ ခင်မောင်လွင်က ပြောသည်။

> မြှုပ်တာတို့၊ လောင်းတာတို့နောက်မှထားဦး။ ဖုံး၊သွန်၊လဲ၊စစ်လုပ် . . .

ထိုအဘိတ်ဆေးများကို အခမဲ့ ဖြန့်ဖြူးပေးရန်အတွက်ကိုလည်း ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက် လျက်ရှိသည်။ ထိုပိုးလောက်လန်းသည် အဓိကရန်သူသဖွယ်ဖြစ်ခြင်းကြောင့် ပိုးလောက်လန်းပေါက်များရှိနေခြင်းက အန္တရာယ်ကို မွေးမြူထားသလိုဖြစ်နေကြောင်း ရေကြည်ရေသန့်များကို ဖုံးအုပ်ထားခြင်း၊ ပိုးလောက်လန်းပေါက်ပွား သောရေမှာ အနည်းငယ်သာဖြစ်ပါက သွန်ပစ်ခြင်း၊ ရေပမာဏများသည့် ကန်များဖြစ်ပါက ရေစစ်ကြီးများဖြင့် စစ်ခြင်း၊ ယင်း နည်းလမ်းဖြင့် မနိုင်ပါက အဘိတ်ဆေးခတ်ပေးရန် အကူအညီတောင်းခံခြင်းတို့ကို လုပ်ဆောင်နိုင်ကြောင်း သိရသည်။

"တချို့က ရေကြည်၊ ရေသန့်ထဲကို အဘိတ်ဆေးခတ်ရင် ရေပျက်စီးသွားတယ်လို့ လွဲမှားတဲ့ယူဆချက်တွေနဲ့ လက်မခံတာတွေလည်း ရှိခဲ့ဖူးပါတယ်" ဟု ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးတိုက်ဖျက်နှိမ်နင်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူတစ်ဦးက ပြောပြသည်။

သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန် ကာကွယ်မှုများပြုလုပ်ရာတွင် လုပ်ဆောင်ရာ၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ပြောကြားရာတွင် "မြှုပ်တာတို့၊ လောင်းတာတို့ နောက်မှထားဦး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းတွေကိုပဲ အဓိကထားလုပ်နိုင်ရင် သွေးလွန်တုပ်ကွေးနှိမ်နင်းမှုကို အထောက်အကူဖြစ်စေပါတယ်"ဟု ဒေါက်တာခင်မောင်လွင်က ဆက်လက်ပြောကြားခဲ့သည်။

သို့ရာတွင် ပတ်ဝန်းကျင်၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု များလာချိန်မျိုးတွင် ခြင်ဆေးမှုတ်ရမည်ဖြစ်ကြောင်း၊ ခြင်ဆေးမှုတ်ခြင်းသည် ရောဂါပိုးသယ်ဆောင်ထားကြသောခြင်အကြီးစားများကို တစ်ပြိုင်နက်စုစည်း နှိမ်နင်းခြင်းမျိုးဖြစ်ကြောင်း ၎င်းက ပြောသည်။

သွေးလွန်တုပ်ကွေးရောဂါသည် လူ၏အသက်အန္တရာယ်ကိုပါ ထိခိုက်စေနိုင်ပြီး ယခုနှစ် ၂၀၁၄ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူဦးရေမှာ ဇန်နဝါရီလတွင် ၁၀၆ ဦး၊ ဖေဖော်ဝါရီလတွင် ၈၅ ဦး၊ မတ်လတွင် ၁၀၀ ဦး ဝန်းကျင်ခန့်ရှိနေကြောင်း ကျန်းမာရေးဦးစီးဌာနတွင် ဖော်ပြထားသော စာရင်းများအရသိရသည်။

ထက်နိုင်(စမ်းချောင်း)

နားမှောင်းရဆည်ရေသောက်မြောင်းမကြီး အသစ်တူးဖော်ဆောင်ရွက်

တောင်တွင်းကြီး၊ မေ ၂

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရေဝေအုပ်စု မြင်းစုကျေးရွာအနီး ရန်ပယ်ချောင်းပေါ်ရှိ နားမှောင်းရ ရေလွှဲဆည်ရေသောက်မြောင်းမကြီး အရှည် ၂၀၀၀ ပေ၊ အကျယ် ၇၀ ပေ၊ အမြင့် ၁၅ ပေရှိ မြောင်းမကြီးအား တူးဖော်ခြင်း၊ ပေါင်မြင့်တင်ခြင်း၊ ရန်ပယ်ချောင်းရေ ထပ်မံမတိုက်စားစေရေးအတွက် ရေကာတာတည်ဆောက်ခြင်း လုပ်ငန်းများကို မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားကြီးများဖြင့် ဧပြီ ၁၈ရက်က စတင် အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည်။

အဆိုပါ ဆည်ကြီးအား ငွေကျပ် သိန်း ၁၀၀ ကျော် အကုန်အကျခံ၍ ဒေသခံပြည်သူများ နှမ်း၊ မိုး၊ ဆောင်း သုံးရာသီ သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

၎င်းနားမှောင်းရဆည်တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုး၊ မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးသိန်းအောင်၊ မြို့နယ်ထောက်ကူပြုကော်မတီများလိုက်ပါလျက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကာ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးခဲ့သည်။

နားမှောင်းရဆည်ကြီးမှာ ဗိသနိုးဘုရင်မပန်ထွာမိဖုရားကြီး၏ နားမှောင်းတော်ပြုတ်ကျသည့်နေရာတွင် တည်ဆောက်ထားခြင်းဖြစ်ကြောင်း ဒေသခံအဘိုးတစ်ဦးက ပြောကြားသည်။

ယခုဆောင်ရွက်လျက်ရှိသည့် နားမှောင်းရဆည်ရေသောက်မြောင်းမကြီး တည်ဆောက်ပြီးစီးသွားပါက ဆုံကုန်း၊ ရေဝေ၊ ဆုံစု၊ ရခိုင်စု၊ ကုက္ကိုခွ၊ ဂျုတ်ကုန်း၊ စည်ပင်သာယာ၊ စမုံကျေးရွာတို့မှ ဒေသခံတောင်သူ ၃၀၀ ကျော်တို့၏ လယ်ဧက ၁၁၇၀ ဧကနှင့် ရေပိုသောက်ဧက ၁၃၀ ကျော်တို့တွင် မိုးစပါး၊ နွေစပါးအပါအဝင် နှမ်း၊ မိုး၊ ဆောင်းသုံးရာသီ သီးထပ်၊ သီးညှပ်များနှင့် သီးနှံမျိုးစုံ အချိန်မရွေး စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း ဂျုတ်ကုန်းကျေးရွာမှ တောင်သူ ဦးအောင်ကျော်စိုးက ပြောသည်။ **၅၈၀**

မကွေးဘောလုံးလက်ရွေးစင် ကျောင်းသားများ ရန်ကုန်သို့ သွားရောက်ယှဉ်ပြိုင်ရန် စီစဉ်

မကွေး၊ မေ ၂

ရန်ကုန် တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ နည်းပညာတက္ကသိုလ်မှ ဘောလုံးလက်ရွေးစင်ကျောင်းသားများသည် ဧပြီ ၃၀ ရက်က မကွေးမြသလွန်ဘုရားကြီးသို့ အုပ်ချုပ်သူနှင့်တကွ ဘုရားဖူး၊ အမှတ်ရဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

အသင်းအုပ်ချုပ်သူ ဦးအေးငြိမ်းအောင်က "ကျွန်တော်တို့နည်းပညာတက္ကသိုလ်(မကွေး)က မနှစ်က တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲ ဘောလုံးမှာ တတိယရခဲ့တယ်။ အခုပြိုင်ပွဲမှာတော့ ပထမမှန်းထားပါတယ်။ ကျောင်းသားများ ကျန်းမာရေးကို ဂရုစိုက်ပေးပြီး စည်းစနစ်ကျကျ စခန်းသွင်းလေ့ကျင့်ထားတာပါ။ ရန်ကုန်ကို သွားပြိုင်မယ့် နည်းပညာတက္ကသိုလ် လက်ရွေးစင်ကျောင်းသား ၂၀ ဦးပါဝင်တယ်။ အုပ်ချုပ်သူ လေးယောက်ပါတယ်။ ကျွန်တော်တို့ ပထမရမယ်လို့ မှန်းထားပါတယ်"ဟု ပြောပြပါသည်။ **ကောင်းသုတ(မင်းဘူး)**

အဝေးပြေးဝင်း၌ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

ရန်ကုန်၊ မေ ၂

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ဒဂုံဧရာအဝေးပြေးဝင်းတွင် ဧပြီ ၂၇ နက် ည ၈ နာရီ ၁၅ မိနစ်ခန့်က စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိကြောင်းသိရသည်။

ဖြစ်စဉ်မှာ အင်းစိန်မြို့မရဲစခန်းတွင် မယ(ပ)၅/ ၂၀၁၄၊ မူး/စိတ်ပုဒ်မ- ၂၅/ ၁၆(ဂ)အမှုမှတရားခံ ဇော်ညီညီသက်၏ ထွက်ဆိုချက်အရ ကွင်းဆက်တရားခံ သီဟဇော်သည် ပုသိမ်မြို့မှ ရန်ကုန်မြို့သို့ ဧရာရွှေစင်ကားဖြင့် လိုက်ပါလာကြောင်းကို သတင်းရရှိသောကြောင့် ရန်ကုန်မြောက်ပိုင်းခရိုင် အထူးမူးယစ်အဖွဲ့မှ ရဲအုပ်ခါးလီနှင့်အဖွဲ့သည် သက်သေများနှင့်အတူ လှိုင်သာယာမြို့နယ် ဒဂုံဧရာအဝေးပြေးဝင်း၊ ဧရာရွှေစင်ကားဂိတ်ရှေ့တွင် သွားရောက် စောင့်ဆိုင်းခဲ့ရာ ဆိုက်ရောက်လာသော ခရီးသည်တင်မှန်လုံယာဉ်ပေါ်သို့ တက်ရောက်ရှာဖွေခဲ့ရာတွင် ခုံအမှတ်(၁)တွင်ထိုင်နေသူ သီဟဇော်အားတွေ့ရှိ၍ ခရီးသည်များ နားနေဆောင်သို့ခေါ်ဆောင် ရှာဖွေခဲ့သည်။

သီဟဇော် ဝတ်ဆင်ထားသော ဘောင်းဘီအတွင်းမှ အနက်ရောင်သားရေဇစ်ဆွဲပိုက်ဆံအိတ်ငယ်အတွင်း အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်ဖြင့်ထည့်ထားသည့်WY စာတမ်းပါ လိမ္မော်ရောင် စိတ်ကြွဆေးပြား ၃၇ ပြား၊ အစိမ်းရောင်ဆေးပြား တစ်ပြား ပေါင်း ၃၈ ပြား၊ စုစုပေါင်းအလေးချိန် ၃ ဒသမ ၈ ဂရမ်ပါ တစ်ထုပ် ကို တွေ့ရှိခဲ့ကြောင်းသိရသည်။

တရားခံသီဟဇော်သည် ဧပြီ ၁၇ ရက်က မြဝတီမှ ရန်ကုန်သို့ပြန်လာစဉ် လိုင်စင်မဲ့ကားများမောင်းနှင်သူ ထိန်လင်းဦးထံမှ စိတ်ကြွဆေးပြား ၂၀၀ ပြားပါတစ်ထုပ်အား ကျပ် ၃၀၀၀၀၀ ဖြင့် ဝယ်ယူလာပြီး အင်းစိန်မြို့မရဲစခန်းတွင် ဖမ်းဆီးခံထားရသူ တရားခံ ဇော်ညီညီသက်အား ဆေးပြားတစ်ပြားလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ဆေးပြားဆယ်ပြား ရောင်းချခဲ့သည့်အပြင် အခြားသူများကိုလည်း ရောင်းချပေးခြင်း၊ ကျန်ရှိသောဆေးပြားများနှင့်အတူ ဧပြီ ၂၅ ရက်က ချောင်းသာသို့ သွားရောက်ခဲ့ပြီး ဧပြီ ၂၇ ရက် ညနေပိုင်းတွင် ပုသိမ်မြို့မှ ရန်ကုန်သို့ လက်ကျန် WY စာတမ်းပါ ဆေးပြား ၃၈ ပြားနှင့် အတူ ဧရာရွှေစင်မှန်လုံယာဉ်ဖြင့် ပြန်လာခဲ့ရာ ဒဂုံဧရာအဝေးပြေးဝင်းတွင် ရှာဖွေဖမ်းဆီးခြင်းခံရခြင်းဖြစ်သည်။

အမှုအား သောင်ကြီးနယ်မြေခံရဲစခန်းမှ စခန်းမှူးက အမှုမှ ကွင်းဆက်တရားခံဖြစ်သော ဘားအံမြို့နယ် နောင်လုံကျေးရွာနေ ထိန်လင်းဦးအား အတည်ပြုစုံစမ်းဖမ်းဆီးရမိရေးအတွက် မူးယစ်အထူးအဖွဲ့များနှင့် ပူးပေါင်းစုံစမ်းခြင်းများပြုလုပ်ကာ တရားခံ သီဟဇော်အား အမှုဖြင့် ဖမ်းဆီးစစ်ဆေး၍ မယ(ပ)၁/ ၂၀၁၄ မူးယစ်စိတ်ပြောင်းဥပဒေပုဒ်မ ၁၅/၁၉(က)ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မင်းထက်ပိုင်(လှိုင်သာယာ)

မဇ္ဈိမဒေသ၊ သာဝတ္ထိမြို့ မဟာသံဃိကဒါန ကျောင်းအလှူ နိုးဆော်ခြင်း

အိန္ဒိယနိုင်ငံ၊ သာဝတ္ထိမြို့ရှိ မြတ်စွာဘုရားရှင် (၂၅)ဝါ သီတင်းသုံးတော်မူခဲ့သည့် မူလဂန္ဓကုဋိ (အဓိဋ္ဌာန်တဌာန) နှင့် တာပတ်သာနတ်ပြည်သို့ကြွလှမ်းတော်မူခဲ့သည့် သရက်ဖြူကုန်းအနီးတွင် မြန်မာနိုင်ငံမှ ပြည်ပသာသနာပြု ဆရာတော် ဘဒ္ဒန္တ ဒေါက်တာနရိန္ဒာဓိပတိ (မေ့ာစရိယ) သည် မြေတစ်ဧက ဝယ်ယူပြီးစီး၍ မဟာဗေယျာသုခ သုံးထပ်ကျောင်းတိုက်ကြီးအား ဆောက်လုပ်လျက် ရှိရာ ဒုတိယထပ် ကြမ်းခင်းစလက်(SLAB) ပြီးစီး၍ တတိယထပ် တိုင်ထူပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ "ဝိဟာရဒါနံ သံဃဿအဂ္ဂံဗုဒ္ဓေနဝဏ္ဏိတံ" (ဝိဟာရဟု ကျောင်းအလှူကို ဘုရားရှင် ချီးမွမ်းကြ၏)ဟူသော ဒေသနာတော်မြတ်နှင့်အညီ ဘုရားရှင်တိုင်းချီးမွမ်းအပ်သော မဟာသံဃိကဒါန ကျောင်းအလှူ ကုသိုလ်ထူးကြီးကို တစ်စတုရန်းပေလျှင်(၂၀,၀၀၀)ကျပ်နှုန်းဖြင့် အောက်ပါအတိုင်းရုံးရှိန်အတွင်းဆက်သွယ်၍ရက်ရောကြည်ဖြူစွာကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါပြီ -

၁။ ဆရာတော်ဘဒ္ဒန္တဒေါက်တာနရိန္ဒာဓိပတိ၊ မဟာဗေယျာသုခကျောင်း၊ သာဝတ္ထိမြို့၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ။
ဖုန်း - ၀၀၉၁ - ၈၄၀၀၃၈၀၁၃၂၊ ၈၈၉၆၇၅၂၉၇၇၊ unarinda08@gmail.com
၂။ ဒေါက်တာတင်ကြည်၊ ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ မရမ်းကုန်း။ ၀၁ - ၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၆၅၇၇၇၄
၃။ ဒေါ်သီတာ၊ မဇ္ဈိမဂုဏ်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ မင်္ဂလာတောင်ညွန့်။ ၀၁ - ၂၉၆၄၄၆၊ ၀၉ - ၅၀၁၃၅၂၂
၄။ ဒေါ်မသူမောင်၊ မသူမောင်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ တာမွေ။ ၀၉ - ၅၀၉၂၄၄၈၊ ၀၉ - ၇၃၂၄၁၈၇၊ ၀၉ - ၅၀၁၂၄၇၀
၅။ ဒေါ်ကြည်ကြည်မြင့်၊ ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ စမ်းချောင်း။ ၀၁ - ၅၃၂၀၈၆၊ ၀၉ - ၅၁၁၃၀၄၄၊ ၀၉ - ၅၁၈၈၀၇၆
၆။ ဒေါ်နီနီဝင်း၊ ရွှေမိုဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ တာမွေ။ ၀၁ - ၅၄၆၈၂၀၊ ၀၉ - ၅၀၂၀၉၂
၇။ ကိုးကိုးရတနာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ လှည်းတန်း၊ ကမာရွတ်။ ၀၁ - ၅၀၀၇၉၂၅၊ ၀၁ - ၅၂၇၅၃၉
၈။ ဒေါ်တင်မိုးအေး၊ ကျော်ကျော်ကားပစ္စည်းဆိုင်၊ ခင်နန္ဒာရုံးခွဲ(၁)၊ မန္တလေး။ ၀၂ - ၅၁၅၅၄၀၅၀၊ ၀၉ - ၅၁၁၆၈၀၄

မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။
09 31268183
09 31589922

(ရေနံကြီး)

မီးသတ်ပြ

ကြော်ငြာ

ရွှေပြည်ဟိန်း ကုသိုလ်ပြစ် ဆေးရုံ မေလ၊ ၂၄-၂၅၊ (၃၅)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

ရွှေပုံတိုက်ငွေလွှဲအတွက် KBZBank(AccountNo.00730200701690301)နှင့် ...

(၅၀)နှစ်မြောက် ရွှေရတု မင်္ဂလာဆုတောင်းလွှာ

ချစ်ကုံကုံး**ဦးဇော်မြင့်** Director (United Paints Group Co.,Ltd)နှင့် ချစ်ဖော်ဖော်**ဒေါ်အေးရှင်**တို့၏ ၃-၅-၂၀၁၄ရက်တွင် ကျရောက်သော (၅၀)နှစ်မြောက်ရွှေရတု မင်္ဂလာနေ့မှသည် မင်္ဂလာနှစ်(၁၀၀)တိုင် ကိုယ်စိတ်ကျန်းမာချမ်းသာစွာဖြင့် လောကီလောကုတ္တရာအကျိုးများ ဆတက်ထမ်းပိုးသယ်ပိုး ဆောင်ရွက်နိုင်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သောမြေးများ-

ဇော်မျိုးသူ (ခေတ္တ-ဂျပန်)

ဇော်မျိုးထွဋ်(New Direction Travels & Tours Co.,Ltd.)

ဇော်မျိုးလွင်(New Direction Travels & Tours Co.,Ltd.)

အိချောပိုပို

"ရွှေရတုမင်္ဂလာဆုတောင်း"

ဦးဇော်မြင့်(Director, Unisan Plastic Factory Co.,Ltd.) နှင့် **ဒေါ်အေးရှင်**တို့၏ ၃-၅-၂၀၁၄ရက်တွင်ကျရောက်သော ရွှေရတုမင်္ဂလာရက်မြတ်မှသည် ရတုပေါင်းများစွာပိုင်ဆိုင်ပြီး အလှူရေစက်လက်နှင့်မကွာ လှူဒါန်းနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

Unisan Plastic Factory Co.,Ltd.



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂) ဗိုလ်ရန်ပြေမြေကွက်အမှတ်(၁၁၃၇)၊ မြေကွက်တည်နေရာအမှတ်(၁၁၃၇)၊ မင်းရဲကျော်စွာ (၁)လမ်း၊ ဗိုလ်ရန်ပြေရပ်ကွက်၊ ဒလမြို့နယ်ဦးအီးစန်ဘီယာဂူ [၁၂/ဒလန(နိုင်)၀၃၃၉၁၁] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား ဦးအီးစန်ဘီယာဂူ [၁၂/ဒလန(နိုင်)၀၃၃၉၁၁]၏ (၂၉-၇-၂၀၀၅)ရက်စွဲပါ သေတမ်းစာ (ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်-၉/၂၀၀၅(၂-၈-၂၀၀၅)အဖြစ် မှတ်ပုံတင်သည့်လက်ခံအမှန်) ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး ၂၀၀၇ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁တွင်ကွယ်လွန်သူ ဦးအီးစန်ဘီယာဂူ၏ ဆန္ဒနှင့်အညီတရားရုံးချုပ်ရှေ့နေ ဒေါ်စန်းစန်းမော်အား သေတမ်းစာအားအတည်ပြုလက်မှတ်ထုတ်ပေးစေရန်ချမှတ်သည့် (၅-၆-၂၀၀၇)ရက်စွဲပါ အမိန့်မိတ္တူနှင့် (၆-၁၁-၂၀၀၇)ရက်စွဲပါ သေတမ်းစာအတည်ပြုချက်လက်မှတ်၊ ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး ၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၅၊ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ၂၀၁၁ခုနှစ် တရားမပထမအယူခံမှုအမှတ်-၃၆၊ ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး ၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ် ၁၅၇၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၂ခုနှစ် တရားမပထမအယူခံမှုအမှတ်-၂၂၄၊ ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး ၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၂၂၊ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ၂၀၁၁ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၄၃၊ ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး ၂၀၁၁ခုနှစ် ဇာရီမှုအမှတ်-၅၉၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားမပြင်ဆင်မှု ၂၀၁၂ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၈၅တို့ကိုတင်ပြ၍ ဒေါ်စန်းစန်းမော် (သေတမ်းစာအတည်ပြုသူ)[၁၂/ရကန(နိုင်)၀၄၄၆၆၅]မှ အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

- NISSAN UD CONDOR 2002 model mk 26A ဝိုင်ဘာ(ဒ)လက် ၉၂၀၀CC
- FUSO FIGHTER FK 61FK 2005 model 7540CC
- FUSO FIGHTER FK 61 HK, FK 61 FLZ
- CANTER 10',12',14' ရှေ့လေး၊ နောက်လေး

Ph 09-5118910,09-5076373, 09-5053141,09-5112258

အမှတ်(၂၁)၊ ဂန္ဓမာ(၄)လမ်း၊ ယုဇနပလာဇာနောက်ကျော၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

သစ်ပင်စိုက်ပါဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

အများသိစေရန် ကြေညာအပ်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သယ်နံးကျွန်းကြီးကျေးရွာ၊ကာယ(၁၀)လမ်း၊ မြေကွက် အမှတ်(၁၇၈)၊ ခြံအမှတ်(၁၄၉)၊ မြေအကျယ်အဝန်း(အလျား ပေ၁၀၀×အနံ ၄၅ပေ)ခြံမြေအား ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာသူ (ဘ)ဦးမြင့်ရှိန်၏သား ဦးသိန်းဟန်[၆/ကသန(နိုင်)၀၀၇၈၄၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (ဘ)ဦးဘရီ၏သား ဦးသက်ပိုင် (KYN-၀၁၉၄၁၅)ကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ရောင်းသူ၏လက်ဝယ်သို့ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းခြံမြေအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူတို့သည် ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြေညာပါသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ခြံမြေအရောင်းအဝယ်ကိစ္စကို ဥပဒေဘောင်အတွင်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသက်ပိုင်(KYN-၀၁၉၄၁၅)၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးစိန်ကြီး(အထက်တန်းရှေ့နေ-၃၇၀၂၉)
B.A(Eco),D.A,R.L,D.B.L,D.M.L,D.I.L,M.A(Business Law P1), WIPO(Switzerland)
အမှတ်(၄၈၇)၊ဒူးယား(၄)လမ်း၊ ၅၀ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၈၀၁၉၆၉၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၈)၊ မြေကွက်အမှတ်(၂၁)၊ ဧရိယာ(၀. ၃၉)ဧကအနက်(၀. ၂၁၂)ဧကမြေကွက်တည်နေရာအမှတ်(၈/၁၃)၊ သီရိမင်္ဂလာလမ်းသွယ်(၁၅)၊ ရွာမအရှေ့ရပ်ကွက်၊ ကိုကျော်၊ မလှကြီး အမည်ပေါက် A-ရွာမြေအား အမည်ပေါက် ကိုကျော်၊ မလှကြီးထံမှ အင်းစိန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၂၀/၁၃၊ တရားမဇာရီမှုအမှတ်-၆၀/၁၃တို့တင်ပြ၍ ဒေါ်အုန်းသွင်(ဘီလစ်)[၁၂/အစန(နိုင်)၀၀၄၀၈၀]က ၃(က)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၈)၊ မြေကွက်အမှတ်(၂၂)၊ ဧရိယာ(၀. ၄၉)ဧကအနက်(၀. ၀၉၂)ဧက မြေကွက်တည်နေရာအမှတ်(၈/၁၃)၊ သီရိမင်္ဂလာလမ်းသွယ်(၁၅)၊ ရွာမအရှေ့ရပ်ကွက်၊ ဦးကျော် အမည်ပေါက် A-ရွာမြေအား အမည်ပေါက် ဦးကျော်ထံမှ အင်းစိန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၂၀/၁၃၊ တရားမဇာရီမှုအမှတ်-၆၀/၁၃တို့တင်ပြ၍ ဒေါ်အုန်းသွင်(ဘီလစ်)[၁၂/အစန(နိုင်)၀၀၄၀၈၀]က ၃(က)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

